ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ သောကြာနေ့ (1-2-2013) (၇၃၈၃)

☆ ဒီမိုကရေစီဆိုတာဟာ ရွေးကောက်ပွဲတွေ ကျင်းပရုံနဲ့ မလုံလောက်ပါဘူး။ အသိအမြင်ကြွယ်ဝတဲ့ ပြည်သူလူထုတစ်ရပ်လုံးက ပြည်သူတို့ဘဝအတွက် ရွေးချယ်မှုတွေကို ဖိနှိပ်မှု၊ ချုပ်ခြယ်မှုတွေမရှိဘဲ ဆုံးဖြတ်နိုင်ခြင်းပဲ ဖြစ်ပါတယ်။

☆ ဒီနေရာမှာ သိပ်သည်းကျစ်လျစ်၍ စည်းကမ်းရှိတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ပေါ်ပေါက်လာဖို့လည်း အလွန်အရေးကြီးပါတယ်။

ခေတ်အဆက်ဆက်က တင်ကျန်ခဲ့တဲ့ နိုင်ငံတကာကြွေးမြီများထဲမှ ဒေါ်လာသန်းပေါင်းခြောက်ထောင်ကျော် ဖြေလျှော့နိုင်အောင် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားသည့် မိန့်ခွန်း (၁-၂-၂၀၁၃)

မိဘပြည်သူများခင်ဗျား။ နှစ်သစ်ကူးမိန့်ခွန်းမှာ ရေဒီယိုကနေတစ်ဆင့် ကျွန်တော်တို့အစိုးရရဲ့ မူဝါဒများ၊ လုပ်ဆောင်ချက်များကို အခါအခွင့်သင့်တိုင်း ဆက်သွယ်ပြောကြားသွားမယ်လို့ ပြောကြားခဲ့တဲ့အတိုင်း ယခုလို ဆက်သွယ်ပြောကြားခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ အခုရောက်နေတဲ့နေရာကနေ ပြန်လှည့်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ အစိုးရသက်တမ်း နှစ်နှစ်အတွင်းမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ များစွာပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီနိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကတစ်ဆင့် အောက်ခြေအဆင့် ပြည်သူလူထုအားလုံးအထိ သက်ရောက်မှုရှိစေမယ့် ပြည်သူ့ဗဟိုပြု စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် အရေးကြီးတဲ့ အောင်ဆန်း- အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ

၂၇ ရက်နေ့ဟာလည်း နိုင်ငံတကာ ချေးငွေများလျှော့ချနိုင်မှုနဲ့ တိုက်တိုက်ဆိုင်ဆိုင် မြန်မာနိုင်ငံစီးပွားရေးသမိုင်းမှာ အရေးပါတဲ့နေ့တစ်နေ့အဖြစ် မှတ်တမ်းတင် ကျန်ရစ်နေမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာ ငွေကြေးဈေးကွက်များနဲ့ စီးပွားရေးအသိုက်အဝန်းထဲကို ပြန်လည်ဝင်ရောက်နိုင်ဖို့ အရေးကြီးတဲ့ ခြေလှမ်းသစ်တစ်ခုကို စတင်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ လက်ရှိ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံများဟာ တစ်ချိန်က ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကဲ့သို့ နိုင်ငံတကာဘဏ်များ၊ အဖွဲ့များမှ ငွေကြေးအကူအညီရယူခဲ့ရပါတယ်။ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတိုင်းနီးပါးဟာ သန်းထောင်ပေါင်းများစွာသော ငွေကြေးအကူအညီကို ရယူခဲ့ရပါတယ်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံကဲ့သို့နိုင်ငံကြီးများ၊ တောင်ကိုရီးယားနိုင်ငံ၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်တဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့ဟာလည်း ငွေကြေးအကူအညီများကို ရယူခဲ့ရပါတယ်။ အထီးကျန်ဆန်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဒီလိုအကူအညီတွေ မရနိုင်သလို ရှေ့ကို တိုးတက်ဖို့လည်း အလွန်ခက်ခဲမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ (၁၀) စုနှစ်များစွာ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် နိုင်ငံတကာ ချေးငွေအကူအညီများ ရယူနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

ယခုအခါမှာတော့ ကျွန်တော်တို့နဲ့ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဖော်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုတွေကြောင့် အခြေအနေတွေကို ပြောင်းလဲနိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ်အပါအဝင် နိုင်ငံတကာချေးငွေ အကူအညီအတွက် အရေးကြီးတဲ့ နိုင်ငံကြီးများနဲ့လည်း ညှိနှိုင်းမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က တင်ကျန်ခဲ့တဲ့ နိုင်ငံတကာ ကြွေးမြီများထဲမှ ဒေါ်လာသန်းပေါင်း ခြောက်ထောင်ကျော်ကိုလည်း ဖြေလျှော့နိုင်အောင် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီဆိုတဲ့ သတင်းကောင်းကိုလည်း ပြည်သူလူထုကြီးကို ပြောကြားလိုပါတယ်။ ယခုလိုအရေးကြီးတဲ့အချိန်အခါမှာ မိတ်ဆွေကောင်းဖြစ်ကြောင်း ပြသခဲ့တဲ့ နော်ဝေးနိုင်ငံနဲ့ ဂျပန်နိုင်ငံ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ဖူးခက်အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲ၌ မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် ခြောက်ခုဆွတ်ခူးရရှိ

ရန်ကုန် ဇန်နဝါရီ ၃၁

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ ဖူးခက်မြို့၌ကျင်းပခဲ့သော ၂၀၁၃ ခုနှစ် ပထမအကြိမ် ဖူးခက်အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဖြိုးဇော်အောင် (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန) ခေါင်းဆောင်ပြီး နည်းပြချုပ် Mr.Yu Ung Cho (ကိုရီးယားတိုက်ကွမ်ဒိုအားကစားနည်းပြဆရာ)၊ နည်းပြ ဒေါ်စိုးစိုးသင်း (ရန်ကုန်မြို့တော်စည်ပင်) တို့ ပါဝင်ကြသော မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့က ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ခြောက်ခု ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲ၏ တစ်ဦးချင်းအတိုက်နှင့် ကာကွက်ပြိုင်ပွဲ၌ မင်းဟိန်းခန့်က ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ နှစ်ယောက်တွဲ ကာကွက်ပြိုင်ပွဲတွင် စောတက်လူနှင့် အေးချမ်းမြတ်ဖြိုးတို့အတွဲက ငွေတံဆိပ် တစ်ခု၊ တစ်ဦးချင်းကာကွက်ပြိုင်ပွဲတွင် နော်အေးပရယ်ရှီးက ငွေတံဆိပ် တစ်ခု၊ လင်းလဲ့ရွှေရည်နှင့် အေးချမ်းမြတ်ဖြိုးတို့က ကြေးတံဆိပ် တစ်ခုစီ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **(မောင်မောင်)**

ယနေ့
မာတိကာ

လမ်းကြောင်းမှန် ဒီမိုကရေစီ — စာမျက်နှာ - ၂

မြို့တော်ပေကျင်း၌ မီးခိုးမြူသိုင်းခြုံ — စာမျက်နှာ - ၄

ကျေးလက်ဒေသဖွံ့ဖြိုးဖို့ သိုး၊ ဆိတ် မွေးမြူရေးကို မြှင့်တင်စို့ — စာမျက်နှာ - ၁၁

ယနေ့ မိုးလေဝသ

၃၁-၁-၂၀၁၃

မှတ်သားဖွယ်ရာမိုးရေချိန်များ

ပေါင်	၁ ဒသမ	၉၇ လက်မ
ထားဝယ်	၁ ဒသမ	၆၉ လက်မ
ညောင်လေးပင်	သုည ဒသမ	၉၈ လက်မ
ဘောလခဲ	သုည ဒသမ	၉၄ လက်မ
နေပြည်တော် (လေဆိပ်)	သုည ဒသမ	၉၄ လက်မ
တောင်ကြီး	သုည ဒသမ	၉၁ လက်မ
ဖျာပုံ	သုည ဒသမ	၇၅ လက်မ

ကြေးမုံ စာတည်းရှုထောင့် ၁-၂-၂၀၁၃၊ သောကြာနေ့

လမ်းကြောင်းမှန် ဒီမိုကရေစီ

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်။ ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် စည်းလုံးညီညွတ်စွာဖြင့် တစ်သားတည်း နေထိုင်လာခဲ့ကြပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် ထူထောင်ကာ ထည်ဝါစွာရပ်တည်လျက်ရှိသည်။

လက်ရှိကာလတွင် နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသဖြင့် လွတ်လပ်သော နိုင်ငံသားတို့ ရရှိနိုင်သည့် ရပိုင်ခွင့်များ၊ အခွင့်အရေးများ၊ တာဝန်များကို ရရှိခံစားနေပြီဖြစ်သည်။

ထိုသို့ ရရှိခံစားနိုင်စေရန်အတွက် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရက နိုင်ငံအုပ်ချုပ်ရေးတာဝန်ကိုယူပြီး နိုင်ငံအကျိုး၊ ပြည်သူအကျိုးထမ်းဆောင်လျက်ရှိသည်။ တိုတောင်းလှသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း ခေတ်သစ်စနစ်သစ် ထူထောင်တည်ဆောက်ရန်အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများမှာ များပြားလှသည်။

တစ်နှစ်နှင့် ဆယ်လတာကာလအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို လေ့လာကြည့်လျှင် အဆင့်သုံးဆင့်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တာဝန်ကြီးကို စတင်ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ပြည်သူဗဟိုပြုလူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် မူဝါဒများချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ တတိယအဆင့်အနေဖြင့် အစိုးရဌာနအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာလုပ်ငန်းအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့နေရသည်။

ယင်းကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရန်အတွက် ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ခဲ့၊ ကြိုးပမ်းဆောင်ရွက်ဆဲလုပ်ငန်းများမှာ အပြောမဟုတ် လက်တွေ့ကျသော ဆောင်ရွက်ချက်များအဖြစ် မြင်တွေ့ရပါသည်။

ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် အကြောင်းကိစ္စများသည် နိုင်ငံတော်အစိုးရသစ်တက်လာပြီး နှစ်နှစ်နီးပါးကာလအတွင်း ထင်သာမြင်သာရှိသော ပြောင်းလဲမှုများဟု ဆိုချင်ပါသည်။

ဖြစ်ပေါ်ခဲ့ရသော စိန်ခေါ်မှုများကိုလည်း အဆင့်လိုက်ကိုင်တွယ် ဖြေရှင်းပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ရာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွင်း မေးခွန်းထုတ်စရာမလိုလောက်သည့် တိုးတက်မှုခြေလှမ်းများဟု ဆိုရမည်ဖြစ်သည်။

အစိုးရသစ်အနေဖြင့် အများစုမျှော်လင့်မထားသော နိုင်ငံရေးအဖွင့်ကျားကွက်ကို သိသိသာသာရွှေ့ခဲ့သည်။ နိုင်ငံရေးပါတီတချို့၏ နိုင်ငံရေးဘဝ ပြန်လည်ရှင်သန်ခွင့်ရစေခဲ့သည်။ နိုင်ငံရေးအကျဉ်းသား အများစု လွတ်ငြိမ်းခွင့်ရခဲ့သည်။

နိုင်ငံရေးဆွေးနွေးမှုများ၊ နိုင်ငံရေးလှုပ်ရှားမှုများအတွက် လမ်းဖွင့်ပေးမှုများသည် ပထမအဆင့်ခြေလှမ်းဟုဆိုရမည်ဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန်အတွက် စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများမှာ အားတက်စရာကောင်းအောင် တွေ့မြင်ရပါသည်။

ထိုကဲ့သို့ ပြုပြင်ပြောင်းလဲဆောင်ရွက်ချက်များကို ပြည်တွင်းတွင်သာမက ပြည်ပမှာပါ ယုံကြည်လေးစားမှုရထားသော လမ်းကြောင်းမှန်များသည် ဒီမိုကရေစီနိုင်ငံသစ်ကို ဦးဆောင်နိုင်သော အစိုးရတစ်ရပ်၏ မှန်ကန်သည့် လုပ်ဆောင်မှုများဟု ကြေးမုံက ရှုမြင်ပါသည်။ ။

တပ်မတော်ပိုင်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၁

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာ အကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ တပ်မတော်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းများသို့ အသေးစားချေးငွေပေး

ရန်ကုန် ဇန်နဝါရီ ၃၁

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် မြို့နယ်(၁၃)မြို့နယ်၊ သမဝါယမအသင်း ၆၃ သင်းနှင့် အစုတစ်ဖွဲ့သို့ ငွေကျပ်သိန်း ၉၆၀ ကို ပံ့ပိုးထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရေးဆွဲပြီး နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိရေးနှင့် သမဝါယမ ကဏ္ဍများဖွံ့ဖြိုးရေးအတွက် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ရာ လိုအပ်သည့်ရင်းနှီးငွေ၊ နည်းပညာနှင့် စက်ကိရိယာများကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးရွာတိုင်းတွင် သမဝါယမအသင်းများ လျာထားချက်အတိုင်း ဖွဲ့စည်းပေးနိုင်ရေးနှင့် ပံ့ပိုးချေးငွေများကို သမဝါယမအသင်းလုပ်ငန်းများတွင် အကျိုးရှိစွာ သုံးစွဲပြီး မိမိတို့သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမဝါယမအသင်းများသို့ အသေးစားချေးငွေပေးအပ်ပွဲ အခမ်းအနားတွင် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက သမဝါယမအသင်းများသို့ အသေးစားချေးငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်မှ သမဝါယမ အသင်း ၅၆ သင်းသို့ အသေးစားချေးငွေကျပ်(၁၁၆၁ ဒသမ ၀၉)သိန်းကို တာဝန်ရှိသူတို့ထံ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်းရဲမှုလျှော့ချရေး ညောင်လေးပင်၌ ငွေထုတ်ချေး

ညောင်လေးပင် ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် အငှားယာဉ်ဆိုက်ကားနင်းသူများ၏ မိသားစု လူနေမှုဘဝမြှင့်တင် ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် ဆိုက်ကားအငှားနင်းသူဘဝမှ ဆိုက်ကားပိုင်ရှင်ဘဝသို့ရောက်ရှိရန် ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီက သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူးတို့က အငှားယာဉ်ဆိုက်ကားနင်းသူများအား ချေးငွေများ ပေးအပ်ကြ ကြောင်း သိရသည်။

(နေလင်း)

နိုင်ငံတကာချေးငွေအကူအညီတွေကို ပြည်သူ့အကျိုးစီးပွားအတွက် ပွင့်လင်းမြင်သာမှုရှိရှိ အသုံးပြုသွားမည် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တိုးတက်စေမည့် ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်း

❖ ရှေ့ဖုံးမှ

အပါအဝင် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများရဲ့ အကူအညီကိုလည်း အသိအမှတ်ပြု မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ နိုင်ငံတကာချေးငွေအကူအညီများကို ပြန်လည်ရရှိနိုင်ပြီဖြစ်ပါတယ်။ ဒီလိုရရှိနိုင်မယ့် သန်းပေါင်းများစွာသော ရန်ပုံငွေတွေကို ကမ္ဘာ့နိုင်ငံများအလယ်မှာ တာဝန်သိတဲ့၊ ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ဖို့၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးဖို့အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ အရေးကြီးတဲ့ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ လမ်းတံတားတွေဆောက်ဖို့၊ လျှပ်စစ်ဓာတ်အားတွေထုတ်လုပ်ဖို့နဲ့ ရေကောင်းရေသန့်တွေရရှိနိုင်ဖို့ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ယခုလို ဆောင်ရွက်ခဲ့မှုများဟာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ကျွန်တော်ပြောကြားခဲ့တဲ့ အဆင်းရဲဆုံး LDC နိုင်ငံများ စာရင်းမှ ရုန်းထွက်နိုင်အောင် ဆောင်ရွက်မယ်ဆိုတဲ့ကိစ္စရပ်နဲ့ ပတ်သက်လို့ ပထမခြေလှမ်းအဖြစ် ရရှိနေပြီဖြစ်တဲ့ တိုးတက်မှုဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ရရှိလာမယ့် နိုင်ငံတကာ ချေးငွေအကူအညီတွေကို ပြည်သူ့အကျိုးစီးပွားအတွက် ပွင့်လင်းမြင်သာမှုရှိရှိ အသုံးပြုသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ မြန်မာနိုင်ငံ စီးပွားရေးခေတ်သစ်တစ်ခုကို ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဦးမော့လာစေဖို့နဲ့ ဆင်းရဲမှုလျှော့ချရေးတွေမှာ အလွန်အရေးပါတဲ့ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများကိုလည်း အားပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများကို မြေတောင်မြှောက်ပေးနိုင်ဖို့အတွက် အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ အသေးစားနဲ့ အလတ်စားလုပ်ငန်းများအတွက် လိုအပ်မယ့်နည်းပညာ၊ အရင်းအနှီး၊ အကြံဉာဏ်တွေကို နိုင်ငံတကာက လုပ်ငန်းတွေနဲ့ ချိတ်ဆက်လုပ်ဆောင်မှုများ စတင်နေပြီဖြစ်ပါတယ်။ ယခုလည်း လိုအပ်သော ချေးငွေများကို အသေးစား၊ အလတ်စား စက်မှုဖွံ့ဖြိုးရေးဘဏ်မှ စတင်ထုတ်ချေးမှုများ ပြုလုပ်ပေးနေပြီဖြစ်ပါတယ်။ တစ်စတစ်စပိုပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အတူ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ငွေကြေးနဲ့လိုအပ်တဲ့ အထောက်အပံ့များ ရရှိစေရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ၁၉-၁-၂၀၁၃ ရက်နေ့မှာ နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များကို ဖိတ်ခေါ်ပြီး အစိုးရအဖွဲ့နဲ့အတူ ပြည်တွင်းပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်တဲ့ ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ကျင်းပနိုင်ခဲ့ပြီး စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ မူဘောင်နဲ့ ပတ်သက်လို့ ဝိုင်းဝန်းဆွေးနွေးအကြံဉာဏ်များ ရယူနိုင်ခဲ့ပါတယ်။ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ထိရောက်ဖို့အတွက် နေပြည်တော်သဘောတူညီချက်ကိုလည်း သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့အစိုးရအနေနဲ့ ဆင်းရဲမှုလျှော့ချရေးနဲ့ ပတ်သက်လို့ အကောင်အထည်ဖော်နေတဲ့ ကိစ္စတွေလည်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ပြည်သူအများစုဟာ စားဝတ်နေရေးအတွက် တစ်ဘဝလုံးပင်ပန်းကြီးစွာ ရုန်းကန်ဆောင်ရွက်ကြရပါတယ်။ ဒါပေမယ့် မိမိနဲ့ မိမိရဲ့မိသားစုကို နွေးထွေးလုံခြုံစေမယ့် ကိုယ်ပိုင်အိမ်တစ်လုံးကိုတောင်မှ မပိုင်ဆိုင်နိုင်ဘဲ ချို့တဲ့စွာနေထိုင်ရတဲ့ အခြေအနေမျိုးတွေရှိနေပါတယ်။ ဒီလိုအိမ်ပိုင်ရာပိုင်မရှိတဲ့အခြေအနေမျိုးတွေကို လွန်မြောက်စေဖို့အတွက် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများကိုလည်း ရန်ကုန်မြို့တစ်ဝိုက်မှာ စတင်စီမံဆောင်ရွက်နေပြီဖြစ်ပါတယ်။ တခြားပြည်နယ်နဲ့ တခြားမြို့နယ်များမှာလည်း တန်ဖိုးနည်းအိမ်ရာများကို ဆက်လက်ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံရဲ့အဓိက လုပ်သားအင်အားအများစုဖြစ်တဲ့ တောင်သူလယ်သမားများကိုလည်း အမတော်ကြေး စိုက်ပျိုးစရိတ် လယ်တစ်ဧကကို ကျပ် ၈၀၀၀၀/-ကနေ ကျပ် ၁၀၀၀၀၀/-နှုန်းအထိ တိုးမြှင့်ထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ယာတစ်ဧကကိုလည်း ကျပ် ၁၀၀၀၀/-ကနေ ကျပ် ၂၀၀၀၀/-နှုန်းအထိ တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုတိုးမြှင့်ပေးနိုင်ခဲ့ပေမယ့်လည်း အမှန်တကယ်လိုအပ်မယ့် စိုက်ပျိုးစရိတ်အတွက်ပြည့်မီနိုင်ခြင်း မရှိတာကိုသတိပြုမိပါတယ်။ တည်ဆဲဥပဒေများအရ လယ်ယာမြေပိုင်ဆိုင်ခွင့်များကို ခွင့်ပြုထားပြီဖြစ်တဲ့အလျောက် မိမိတို့ရဲ့ လယ်ယာမြေများကို အာမခံထား၍ လိုအပ်တဲ့ စိုက်ပျိုးစရိတ် အရင်းအနှီးများ ချေးယူစုဆောင်းနိုင်တဲ့ အခွင့်အလမ်းများရရှိစေရန် လယ်ယာမြေပိုင်ဆိုင်မှု မှတ်ပုံတင်လုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လယ်ယာလုပ်ကိုင်သူ လယ်သမားထုကြီးကို မိမိအနေနဲ့ တိုက်တွန်းလိုတာကတော့လည်း ပွင့်လင်းလွတ်လပ်လာတဲ့ ဈေးကွက်နဲ့ လိုက်လျောညီထွေရှိမယ့် ငွေကြေးစီမံခန့်ခွဲမှု နည်းလမ်းသစ်များနဲ့ အခွင့်အလမ်းတွေကို အမိအရ ဆုပ်ကိုင်ကြိုးပမ်းလုပ်ကိုင်ကြရန် ဖြစ်ပါတယ်။ မိမိတို့ရဲ့ အဓိကကုန်ထုတ် အရင်းအနှီးဖြစ်တဲ့ လယ်ယာမြေများ တန်ဖိုးမြင့်တက်လာရန်လည်း မိမိတို့ရဲ့ လယ်မြေများကို ပြုပြင်ကြစေလိုပါတယ်။ ရေတိုစီမံခန့်ခွဲမှုများဖြင့် မိမိတို့ရဲ့ ကုန်ထုတ်အရင်းအနှီးဖြစ်တဲ့ လယ်မြေများဆုံးရှုံးမှုမရှိရန်ကိုလည်း သတိပြုဆောင်ရွက်ကြရန် တိုက်တွန်းလိုပါတယ်။ တစ်ဆက်တည်းမှာပင် လယ်ယာကဏ္ဍကို ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ တိုးတက်စေမယ့် ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်သို့ တက်လှမ်းနိုင်ရန်ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ယခုနိုင်ငံရေးဖြစ်ထွန်းမှုဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုအားလုံးက ကဏ္ဍအသီးသီးကနေ အားလုံးပူးပေါင်းဆောင်ရွက်မှုတွေကြောင့်ဆိုတာ ငြင်းလို့မရပါဘူး။ ဒီမိုကရေစီဆိုတာဟာ ရွေးကောက်ပွဲတွေကျင်းပရုံနဲ့ မလုံလောက်ပါဘူး။ အသိအမြင်ကြွယ်ဝတဲ့ ပြည်သူလူထုတစ်ရပ်လုံးက ပြည်သူတို့ဘဝအတွက် ရွေးချယ်မှုတွေကို ဖိနှိပ်မှု၊ ချုပ်ခြယ်မှုတွေမရှိဘဲ ဆုံးဖြတ်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ သိပ်သည်းကျစ်လျစ်၍ စည်းကမ်းရှိတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေပေါ်ပေါက်လာဖို့လည်း အလွန်အရေးကြီးပါတယ်။

ကျွန်တော်တို့ အစိုးရရဲ့ရည်မှန်းချက်ကတော့ ခေတ်အဆက်ဆက်မှာ အရေးပါတဲ့အခန်းကဏ္ဍမှာရှိခဲ့တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ပြန်လည်အားကောင်းလာဖို့အတွက်ကြိုးပမ်းဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအားကောင်းလာဖို့က နိုင်ငံသားတစ်ဦးချင်းစီမှာလည်း တာဝန်ရှိပါတယ်။ ကျွန်တော့်အနေနဲ့အားလုံးပူးပေါင်းပါဝင်တဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်တစ်ခု စနစ်တကျဖြစ်ပေါ်လာစေဖို့အတွက် ၂၀-၁-၂၀၁၃ ရက်နေ့က လူထုအခြေပြု အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ တွေ့ဆုံခဲ့ပါတယ်။ ၂၇-၁-၂၀၁၃ ရက်နေ့ကလည်း သက်ဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးများနဲ့လည်း စားပွဲဝိုင်းဆွေးနွေးမှုများကို စတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံမှုတွေကနေ အစပြုပြီး ပြည်ထောင်စုအဆင့်၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်ကစလို့ အစိုးရယန္တရားအဆင့်ဆင့်မှာ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေပါဝင်တဲ့အုပ်ချုပ်မှုဖြစ်စဉ်ကို အကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်ပါတယ်။

တစ်ဆက်တည်းမှာပင် ကျွန်တော်တို့ကြိုးပမ်းဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးများ အောင်မြင်စေဖို့အတွက် နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတည်ဆောက်မှုတို့ကိုလည်း အလေးထားဆောင်ရွက်ရမယ့်အချိန်ကာလလည်းဖြစ်ပါတယ်။ ယခုဖြစ်ပွားနေတဲ့ ပဋိပက္ခတွေရဲ့ အကျိုးဆက်တွေကြောင့် ပျက်စီးဆုံးရှုံးမှုတွေ၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများက ပြည်သူအများစုခံစားနေရတဲ့ စိတ်ဒဏ်ရာနာကျင်မှုတွေဟာလည်း မိမိတို့လူ့အဖွဲ့အစည်းရဲ့ ဆုံးရှုံးနစ်နာမှုများဖြစ်ပါတယ်။ မိမိတို့အစိုးရအနေနဲ့ ပဋိပက္ခဖြစ်ပွားရာဒေသတွေက တိုင်းရင်းသားညီအစ်ကိုများအားလုံးအတွက် လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေ ထိရောက်စွာပေးနိုင်ဖို့ အသင့်ပြင်ဆင်လုပ်ကိုင်လျက်ရှိပါတယ်။ သင့်တော်တဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ဆုံးရှုံးနစ်နာမှုများ ရပ်ဆိုင်းနိုင်ဖို့နဲ့ အများပြည်သူ လိုလားတောင့်တနေကြတဲ့ စစ်မှန်သောငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့ မိမိတို့အားလုံးစားပွဲဝိုင်းမှာ ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာရမယ့် အချိန်အခါကို ကျရောက်နေပြီဖြစ်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်တဲ့လူ့အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များအားလုံး စားပွဲဝိုင်းသို့လာရောက်ပြီး ဆွေးနွေးညှိနှိုင်းကြရန် ကျွန်တော့်အနေနဲ့ အလေးအနက်တိုက်တွန်းအပ်ပါတယ်။ မိမိတို့ကြိုးပမ်းတည်ဆောက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ သိမ်မွေ့စွာကိုင်တွယ်ရမယ့် ထိလွယ်ရှလွယ်အဆင့်ကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် တိုက်ရိုက်ပါဝင်ကြိုးပမ်းလုပ်ဆောင်နေသူများနဲ့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ တညီတညွတ်တည်း သဘောထားကြီးကြီးနဲ့ ရုန်းကန်လုပ်ကိုင်မှသာ ဒီအကျပ်အတည်းကို ကျော်လွှားအောင်မြင်နိုင်မှာ ဖြစ်ကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ အလေးအနက်ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ယခုအချိန်အခါဟာ ကျွန်တော်တို့နိုင်ငံအတွက် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်ဖြစ်ပြီး တစ်ချိန်တည်းမှာပဲ နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလအတွင်းမှာ မရဖူးသေးတဲ့ အခွင့်အလမ်းတွေကိုလည်း ရရှိနေပါတယ်။ ပြည်သူတစ်ရပ်လုံးဟာ ကျွန်တော်တို့နဲ့အတူ ဒီအခက်အခဲတွေကို ဝိုင်းဝန်းကျော်ဖြတ်ကြဖို့ တိုက်တွန်းပြောကြားချင်ပါတယ်။ မကြာခင်မှာ ကျရောက်တော့မယ့် (၆၆)နှစ်မြောက် မြန်မာနိုင်ငံရဲ့ ပြည်ထောင်စုနေ့မှာ ကျွန်တော်တို့ တစ်မျိုးသားလုံးစုစည်းခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပြန်လည်နှိုးဆွပြီး ပြည်သူတစ်ဦးချင်းစီအနေနဲ့ နိုင်ငံတည်ဆောက်ရေးမှာ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံနိုင်ကြပါစေ။

၁•၂•၂၀၁၃ ရက်မှစတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသောဇာတ်ကားများ

သမ္မတ	ဝင့်ကြေး	[illegible]
သွင်	ဝင့်ကြေး	[illegible]
မင်္ဂလာ (၁)	ဝင့်ကြေး	[illegible]
TOP ROYAL	ဝင့်ကြေး	[illegible]
နေပြည်တော်	Hansel & Gretel Witch Hunters 3D	Jeremy Renner Gemma Arterton Peter Stormare 3D
ရွှေဆောင်	KHILADI 786	Akshay Kumar Asin Mithun Chakraborty
မင်္ဂလာ (၂)	3 AM 3D	Apinya Sakuljaroensuk Focus Jirakul Shahkrit Yamnarm 3D

ပွဲချိန်သတ်မြဲ ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ

ဆီးရီးယားစစ်ဘက်ဆိုင်ရာ သုတေသနစခန်းကို အစ္စရေးလေတပ်က လေကြောင်းမှတိုက်ခိုက်

အစ္စရေးလေတပ်မှ တိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

မော်စကို ဇန်နဝါရီ ၃၁

မိမိ၏ပိုင်နက်နယ်မြေကို အစ္စရေးလေတပ် တိုက်လေယာဉ်များက လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားကြည်းတပ်က ဇန်နဝါရီ ၃၁ရက်တွင် ထုတ်ပြန်ကြေညာသည်။

အစ္စရေးလေတပ် ဂျက်တိုက်လေယာဉ်များသည် လက်ဘနွန်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်အနီးရှိ စစ်ဘက်ဆိုင်ရာသုတေသနဌာနတစ်ခုကိုပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားကြည်းတပ်က ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

လက်ဘနွန်နိုင်ငံသို့ ပေးပို့မည့် လက်နက်များ တင်ဆောင်လာသော မော်တော်ယာဉ်တန်းတစ်ခုကို အစ္စရေးက လေကြောင်းမှတိုက်ခိုက်ခဲ့သည်ဆိုသော သတင်းမှာမှန်ကန်ခြင်းမရှိကြောင်း ဆီးရီးယားကြည်းတပ်က ပြောကြားသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အစ္စရေးစစ်ဘက်က ဝေဖန်ပြောကြားခြင်းမရှိပေ။ **ရိုက်တာ။**

မြို့တော်ပေကျင်း၌ မီးခိုးမြူသိုင်းခြုံ

ပေကျင်း ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ မီးခိုးမြူများ သိပ်သည်းစွာ သိုင်းခြုံနေဆဲဖြစ်သဖြင့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များကို အစိုးရက ထုတ်ပြန်ပေးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၃၁ရက်တွင် သတင်းထုတ်ပြန်သည်။

ပေကျင်းနှင့် နိုင်ငံ၏ဒေသအများအပြားတွင် တတိယမြောက်နေ့အဖြစ် မီးခိုးမြူများ သိုင်းခြုံလျက်ရှိသည်။

ပေကျင်း၌နေထိုင်သော မြို့သူမြို့သား သန်း ၂၀ အနေဖြင့်နေအိမ်ပြတင်းတံခါးများကိုပိတ်ထားရန်၊ သင့်တင့်လျောက်ပတ်စွာ စားသောက်နေထိုင်ရန်၊ ရေများများသောက်ရန်၊ ကျန်းမာရေးမကောင်းသော သက်ကြီးရွယ်အိုများနှင့် ကလေးများအနေဖြင့် နေအိမ်များအတွင်း၌သာ နေထိုင်ရန်နှင့် လိုအပ်ပါက နှာခေါင်းစည်းများ အသုံးပြုရန် အစိုးရက ကျန်းမာရေးလမ်းညွှန်ချက်များကို ထုတ်ပြန်ထားသည်။ **ဆင်ဟွာ။**

မြို့တော် ပေကျင်း၌ မီးခိုးမြူသိုင်းခြုံနေသည်ကို တွေ့ရစဉ်။

တောင်ကိုရီးယားဂြိုဟ်တုနှင့် မြေပြင်ထိန်းချုပ်ရေးစခန်းတို့ အဆက်အသွယ်ရရှိ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များပေးပို့

ဆိုးလ် ဇန်နဝါရီ ၃၁

တောင်ကိုရီးယားနိုင်ငံမှ ဇန်နဝါရီ ၃၀ရက်တွင် လွှတ်တင်ခဲ့သော ဂြိုဟ်တုနှင့် မြေပြင်ထိန်းချုပ်ရေးစခန်းတို့အကြားတွင် ဆက်သွယ်မှုများ စတင်ရရှိပြီး အဆိုပါဂြိုဟ်တုမှ သတင်းအချက်အလက်များ ပေးပို့နေပြီဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းဂြိုဟ်တုကို တောင်ကိုရီးယားနိုင်ငံပိုင် ဒုံးယာဉ်ဖြင့် အာကာသအတွင်းသို့ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းဂြိုဟ်တုမှ ရာသီဥတုဆိုင်ရာ အချက်အလက်များကို ဇန်နဝါရီ ၃၁ရက် ဒေသစံတော်ချိန် နံနက် ၃နာရီ ၂၇မိနစ်တွင် စတင်ပေးပို့ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ နာယိုအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဇန်နဝါရီ ၃၀ရက်တွင် တောင်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းတည်ဆောက်သည့် အာကာသဒုံးယာဉ်ဖြင့် အဆိုပါဂြိုဟ်တုကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏ ပြည်တွင်း၌ပင် အပြည့်အဝတည်ဆောက်မည့် အဆင့်သုံးဆင့်ပါ အာကာသဒုံးယာဉ်တည်ဆောက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံက စီစဉ်နေသည်ဟု သတင်းတွင် ဖော်ပြသည်။

ဘီဘီစီ။

မျောက်ရိုင်းအုပ်စုဝင်ရောက်တိုက်ခိုက် လူခုနစ်ဦး ဒဏ်ရာရ

ဖာကက်ဆာ(အင်ဒိုနီးရှား) ဇန်နဝါရီ ၃၁

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းဒေသမှ ကျေးရွာတစ်ရွာရှိ နေအိမ်များအတွင်းသို့ ဇန်နဝါရီ ၂၈ရက်က မျောက်ရိုင်း အုပ်စုတစ်စု ဝရုန်းသုန်းကားဝင်ရောက်ကာ ရွာသားများအား တိုက်ခိုက်ခဲ့မှုကြောင့် လူခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများထဲတွင် တစ်ဦးမှာ စိုးရိမ်ရသောအခြေအနေရှိကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ဆူလာဝေဆီပြည်နယ် ဆီဒန်ဒန်းရက်ပန်ခရိုင်မှ ပြောရေးဆိုခွင့်ရှိသူ အမ်ကိုအယ်လာက ပြောကြားရာတွင် အကောင်ရေ ၁၀၀ ခန့် ပါဝင်သော မျောက်ရိုင်းအုပ်စုက တော့ဒ်ဒန်းပူလူကျေးရွာအတွင်းသို့ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။

အသက် ၁၆ နှစ်အရွယ် လူငယ်တစ်ဦးသည် ဇန်နဝါရီ ၂၈ရက်တွင် မျောက်များ၏အပြင်းအထန်တိုက်ခိုက်မှုကို ခံခဲ့ရပြီး ဆေးရုံတင်ကုသမှုခံနေဆဲဖြစ်ကြောင်း ၎င်းက ဇန်နဝါရီ ၃၀ရက်တွင် ပြောကြားသည်။

ရိုက်တာ။

စာအုပ်စျေးရောင်းပွဲတော်၊ စာပေဟောပြောပွဲနှင့် ၂၀၁၁ ခုနှစ် အကောင်းဆုံးထုတ်ဝေသူဆုပေးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးကျင်းပသည့် စာအုပ်စျေးရောင်းပွဲတော်၊ စာပေဟောပြောပွဲနှင့် ၂၀၁၁ ခုနှစ် အကောင်းဆုံး ထုတ်ဝေသူဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ ရှေ့မျက်နှာစာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးနှင့် ထူးဖောင်ဒေးရှင်း အမှုဆောင်ဒါရိုက်တာ ဒေါ်ယမင်းလွင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသရောင်းချလျက်ရှိသည့် သုတ၊ ရသ စာအုပ်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားကို အမျိုးသားဇာတ်ရုံအတွင်း၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးပိုက်ထွေးနှင့် ဦးသန်းဆွေတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ(၂) ဦးကျော်ဦးက ၂၀၁၁ ခုနှစ် အကောင်းဆုံး ထုတ်ဝေသူဆုရွေးချယ်ခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ၂၀၁၁ ခုနှစ် အကောင်းဆုံး ထုတ်ဝေသူဆုရ လောကအလင်းစာအုပ်တိုက်မှ ထုတ်ဝေသူ ဦးဇော်ဦးအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးအောင်က ပွဲတော်ဖြစ်မြောက်ရေးအတွက် အဓိကပံ့ပိုးကူညီခဲ့သော ထူးဖောင်ဒေးရှင်းနှင့် AGD Bank တို့ကိုယ်စား ထူးဖောင်ဒေးရှင်း အမှုဆောင်ဒါရိုက်တာ ဒေါ်ယမင်းလွင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

စာအုပ်စျေးရောင်းပွဲတော်နှင့် စာပေဟောပြောပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း ခင်းကျင်းပြသသွားမည်ဖြစ်ပြီး စာအုပ်စျေးပွဲတော်၌ စာအုပ်တိုက်ပေါင်း ၁၀၀ ကျော်မှ စာအုပ်ဆိုင်များဖွင့်လှစ်ကာ သုတ၊ ရသ စာအုပ်များကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)** စာပေဟောပြောပွဲကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ စာရေးဆရာများက နေ့စဉ် မွန်းလွဲ ၁ နာရီမှ စတင်၍ ဟောပြောကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အပေါ်သွားများကို ဖယ်ရှားကာ အစွယ်ပုံစံပြုလုပ်သည့် ဖက်ရှင် တောင်အာဖရိကတွင် ခေတ်စားနေ

အေဝမ်းစိုး

လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ခန့်က တောင်အာဖရိကတွင် ရှားရှားပါးပါး ခေတ်စားခဲ့သော စတိုင်လ်တစ်ခုဖြစ်သည့် အပေါ်သွားများကို ဖယ်ရှားပစ်ကာ သွားတက်လိုလို၊အစွယ်လိုလိုပုံစံမှာ ယနေ့တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့မှ လူငယ်များနှင့် အခြားဒေသများမှ လူငယ်များကြားတွင် ပြန်လည်ဆန်းသစ်လာသော လူငယ်ကြိုက်ဖက်ရှင်ပုံစံတစ်ခုဖြစ်လာကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းကဲ့သို့ အပေါ်သွားများကို ဖယ်ရှားထားသည့်ပုံစံနှင့် တွဲဖက်ဝတ်ဆင်သည့် အဝတ်အစားဆင်ယင်မှုမှာ ပွပွချောင်ချောင် ဆွယ်တာအင်္ကျီနှင့် ကတ်ဦးထုပ်ဆောင်းသည့် ဂိုဏ်းစတားစတိုင်လ်မှာ လူငယ်များသဘောအကျဆုံး စတိုင်လ်တစ်ခုဖြစ်သကဲ့သို့ ရှေ့သွားဟောင်းလောင်းလေးဖြင့် ပြုံးသောအပြုံးမှာလည်း စွဲမက်ဖွယ်ရာ အပြုံးအဖြစ် ယူဆထားကြကြောင်း အသက်(၂၁)နှစ်ရှိ ရာဇီးအဒမ်ဆိုသူ လူငယ်ကပြောကြားသည်။ ယင်းကဲ့သို့ ဝတ်ဆင်ထားသည့် ဖက်ရှင်ပုံစံနှင့် ပြုံးသောအပြုံးကို Cape Flats Smile ဟု ရည်ညွှန်းတင်စားထားကြောင်း အဆိုပါလူငယ်က ဆက်လက်ပြောကြားသည်။

ကိပ်တောင်းတက္ကသိုလ် လူသားဆိုင်ရာဇီဝဗေဒဌာနတွင် ၂၀၀၃ ခုနှစ် သဘာဝဖြစ်စဉ်များကို လေ့လာခဲ့သူ ဂျက်ကွီဖရီးဒလင်းက "ဒီလိုသွားတွေကို နုတ်ပစ်တဲ့ဖက်ရှင်နဲ့ ဝတ်စားဆင်ယင်မှုဟာ ဆေးဘက်ဆိုင်ရာအကြောင်းအချက်များ၊ လူဆိုးဂိုဏ်းဝါဒနှင့် နီးစပ်နေမယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ဒီလိုသွားနုတ်ပစ်တဲ့ ဖက်ရှင်ပုံစံဟာ တော်တော်ကြာသွားခဲ့ပါပြီ၊ ကျွန်မတို့ မိဘတွေ ခေတ်ကပေါ့၊ တိတိကျကျ ပြောရမယ်ဆိုရင်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ လောက်ကပါ။ ရိုးရာအစဉ်အလာအရတော့ အခုလိုသွားတွေကို ပြုပြင်အလှဆင်တာ တွိုင်ဘယ်လူမျိုးတွေမှာပဲ တွေ့ရပါတယ်"ဟု ပြောကြားသည်။

ယနေ့ခေတ်သစ် ကိပ်တောင်းမြို့တွင် အဆိုပါ ဝတ်စားဆင်ယင်မှုပုံစံမှာ လူငယ်များအကြား ပြန်လည်အသက်ဝင်လာပြီး ယင်းသို့ ဝတ်စားဆင်ယင်သူ လူငယ်အများစုမှာ ဆင်းရဲသားမိသားစုများမှ ပေါက်ဖွားလာသူများဖြစ်သည်။ အချို့သော သူများကလည်း သွားနုတ်သည့် ဓလေ့ထုံးစံမှာ တံငါသည်များမှ ဆင်းသက်လာသည်ဟု ဆိုကြပြီး တံငါသည်များသည် လှေတစ်စင်းနှင့် တစ်စင်း အဆက်အသွယ် မပြုလုပ်နိုင်ကြသောကြောင့် ကွဲအက်လေသံဖြင့် ဆက်သွယ်မှုပြုနိုင်ရန် ဖန်တီးခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုအခါ ကိပ်တောင်းမြို့တွင် လူငယ်များသည် ၎င်းတို့၏ ကောင်းမွန်သောသွားများကို သွားဆေးခန်းများသို့ သွားရောက်ကာ နုတ်ပစ်ကြပြီး အံကပ်များ တပ်ဆင်နေကြသည်။ ရယ်စရာတစ်ခုကဲ့သို့ ဖြစ်နေသော်လည်း ယင်းမှာ အမှန်တကယ် ဖြစ်ပွားနေသည့်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ဝက်စ်တန်းကိပ်တက္ကသိုလ်မှ သွားဘက်ဆိုင်ရာ မဟာဌာနမှ ရှေ့ဘ်ဘာရီက ပြောကြားသည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

အမည်၊ လက်ရှိရာထူး၊ ဌာန		ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးသိန်းအောင် ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန
(ခ)	ဦးတင့်ဆွေ ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန
(ဂ)	ဦးရဲတင့် ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန
(ဃ)	ဦးအောင်မျိုးမြင့် ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ်-3T (C) / PASA/PW/2012-2013

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း တတိယအကြိမ်လိုအပ်သည့် ၈၀/၁၀၀ အမျိုးအစား ကတ္တရာ မက်ထရစ်တန်(၂၀၀၀၀) ကို နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ (CIF ရန်ကုန်)ဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၂-၂၀၁၃ ရက်(ရုံးချိန်အတွင်း)
၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၂-၂၀၁၃ ရက် ၁၂:၀၀ နာရီ
၄။ တင်ဒါဖွင့်မည့်ရက် - ၁၁-၂-၂၀၁၃ ရက် ၁၄:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။
၆။ သတ်မှတ်ရက်ထက်နောက်ကျသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

ဘိလပ်မြေ၊ ကတ္တရာ၊ သံချောင်းဝယ်ယူရေးဆပ်ကော်မတီ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီး၊ ဝယ်ယူရေးဌာန၊ ရုံးအမှတ်(၄၀)၊
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၇၇၊ ၄၀၇၅၈၁

ရောင်းရန်ရှိသည် (Good Second Hand)

၁။ ရေသန့်ရေခဲစက် (Thailand-20 Ton/day)
၂။ အသင့်စားခေါက်ဆွဲစက် (Taiwan-250 Bag/day)
၃။ ကြာဇံစက် (Taiwan-150 Bag/day)
၄။ ရိုးရိုးခေါက်ဆွဲစက် (Local-120 Bag/day)
၅။ ဝတ်မှုန့်စက်ကြီး (China-1200 kg/batch)
Robbin Mixer
၆။ စက္ကူပုံနှိပ်စက် (Japan-1992 Model)
KOMORI LITHRONE-40 OFFSET
၇။ ဘွိုင်လာ
၈။ အအေးခန်းသုံး Methyl Ethylene Glycol (M.E,G)
၉။ အပိုးနီးယားအိုးခွံများ
သင့်တင့်သောစျေးများဖြင့် အမြန်ရောင်းမည်။
ဆက်သွယ်ရန် - ၀၉ ၈၆၂၀၅၉၃

NATURAL BREEZE Travels & Tours

" Breeze Brings the Remembrance of Your Life......"

စော်ဘွား – မခလေးရှား	(၆ည ၇ရက်)	Mar4 / Apr12 / Apr13
မန်ကောက်–ပတ္တရား	(၄ည ၅ရက်)	Mar2 / Apr12 / Apr13
ဗီယက်နမ်–ကမ္ဘောဒီးယား	(၅ည ၆ရက်)	Feb24 / Apr13
ချင်းမိုင်–ချင်းရိုင်–ရွှေတြိဂံ	(၄ည ၅ရက်)	Mar10 / Apr14
ဟောင်ကောင်	(၅ည ၆ရက်)	Apr11
ကိုရီးယား	(၆ည ၇ရက်)	Apr14

01 500734, 09 73 211441, 09 73 211442

Email - naturalbreeze.travel@gmail.com

"အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း"

မြတ်မွန်ရတနာ အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထူးကုဆေးခန်း အား (၂၀၁၃)ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက်၊ တနင်္ဂနွေနေ့တွင် သိမ်ဖြုလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၌ အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နောင်တွင်လည်းဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့
MOTHERLAND GROUP CONSTRUCTION CO.,LTD

ဆောင်းပါး

၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကျက်နည်း၊ မှတ်နည်း၊ ဖြေဆိုနည်းအနှစ်ချုပ်

(ဆရာမျိုး-ပန်းတိုင်)

ပြီးခဲ့တဲ့ရက်ပိုင်းက ကျောင်းသားများအတွက် ကျက်နည်း၊ မှတ်နည်း အင်တာနက်သတင်းဆောင်းပါး တစ်ပုဒ် သတင်းစာမှာ ဖတ်လိုက်ရတဲ့အတွက် ဒီစာကိုရေးဖို့ စိတ်ကူးပေါ်လာရခြင်းဖြစ်ပါတယ်။ "မသိသူကျော်သွား၊ သိသူဖော်စား" အတိုင်း မေးခွန်းအသွားအလာကို နားလည်ပြီး အမှတ်ပေးစည်းမျဉ်းကိုက်ညီအောင် ဖြေဆိုနိုင်မယ်ဆိုရင် ညံ့သူအောင်ပြီး တော်သူဂုဏ်ထူးထွက်မှာ ဖြစ်ပါတယ်။ ယနေ့ပညာခေတ်မှ မိဘနှင့်ကျောင်းသားများက မိမိတို့ တတ်နိုင်သလောက် အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်းထားပါတယ်။ တချို့ပုဂ္ဂလိကကျောင်းဆိုလျှင် လစဉ်အရည်အချင်းမှတ်တမ်းကို မိဘများမသိရှိတဲ့အတွက် မိမိတို့၏သားသမီးရဲ့ အတော်၊ အညံ့ကိုပင် မသိရှိပါ။ ကံကောင်းလို့အောင်ခဲ့ရင် အမှတ်နည်းသည့်အတွက် ကျောင်းသားရော မိဘပါ စိတ်ညစ်ရပါတယ်။ ပညာဒါနတချို့ဆိုရင်လည်း သင်တဲ့ဆရာက တတ်ကျွမ်းမှုအားနည်းပြီး ကြုံသလိုဝင်သင်တဲ့အတွက် ထူးချွန်နိုင်တဲ့ကလေးအတွက် နစ်နာရပါတယ်။

မည်သို့ပင်ဖြစ်ပါစေ ယခုရေးသားလိုက်တဲ့ အနှစ်ချုပ်လေးကတော့ ၂၀၁၃ ခုနှစ်အတွက် ဖြေဆိုမည့်သူတိုင်းအတွက် အထောက်အပံ့ဖြစ်စေမည်ဆိုလျှင် မအားတဲ့ကြားထဲက ရေးသားလိုက်တဲ့စာမူလေးအတွက် ဝမ်းသာရပါတယ်။ စာရေးသူဟာ ကိုယ်ပိုင်သင်တန်းတည်ထောင်ဖွင့်လှစ်ထားပြီး စာသင်သက် (၂၀)ဝန်းကျင်မှာ အထူးကုဆရာဝန်များ၊ ထူးချွန်အင်ဂျင်နီယာများ၊ အသိပညာ၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ပါပြီ။ သတင်းစာမှာပါတဲ့ ဖြေဆိုနည်းလမ်းညွှန်နဲ့ စာရေးသူရဲ့အတွေ့အကြုံပေါင်းစပ်ပြီး ဖော်ပြလိုက်ပါတယ်။

၁။ မြန်မာစာ-စာရှစ်စာ၊ သဒ္ဒါလေ့ကျင့်ခန်း၊ ခက်ဆစ် (ကဗျာ၊ ရေသည်)၊ ဝါကျ၊ အလင်္ကာ၊ စာစီစာကုံး (အမှတ်-၅၀) လောက်နဲ့အောင်ရင် တော်ပြီဆိုတဲ့ သူတွေအတွက်ပါ)၊ ဂုဏ်ထူးအတွက်ဆိုရင် အားလုံးကိုခြုံငုံကြည့်ရမှာ ဖြစ်ပါတယ်။

၂။ အင်္ဂလိပ်စာ Units 14 ခုစလုံးကို တစ်နေ့ တစ်နာရီ စာတစ်ပိုဒ်ကို ငါးခေါက်လောက်ကြည့်ပြီး ဖတ်ထားရမှာဖြစ်ပါတယ်။ Poem ကိုတော့ အလွတ်ကျက်ထားရမယ်၊ မေးခွန်းဟောင်းတွေကို အကြိမ်ကြိမ်လေ့ကျင့် ထားရပါမယ်။ (၆၅) မှတ်ဖိုးဖြစ်ပါတယ်။ Grammer ကတော့ (1) A.V/P.V(2) Direct and Indirect Speech (3)After (4) Without (5) No Sooner (6) If/ Unless (7) In Spit of (8) So that (9) Both....and (10) There is no ပါနိုင်ခြေ(၈၀%) ဖြစ်ပါတယ်။ အင်္ဂလိပ်ဂုဏ်ထူးလိုချင်ရင် Letter နှင့် Essay ကို Own Writing ဖြစ်ဖို့လိုပါတယ်၊ Punctuate ကို Subject, Verb, Object ခွဲပြီး စကားပြောဟန်ကိုရှာဖွေပါ၊ အလွတ်ကျက်လို့မရပါ။

၃။ သင်္ချာ-ကိုဖြေဆိုတဲ့အခါ (f.g)(x)=f(g(x)) လက်သည်းကွင်းတွေ ကျန်ခဲ့ရင် အမှတ်ဆုံးရှုံးမှာပါ။ Factor ကို ဖြေဆိုတဲ့အခါ Let f(x) တည်ရပါမယ်၊ (x-2) is a factor of f(x) ပြီးရင် f(2)=0 ဖြစ်ကြောင်းပါမှ အမှတ်ရပါမယ်။ remainder မှာတော့ e.g The remainder = -2 အောက်ဆုံးမှာအဖြေထိုးပေးမှ အမှတ်ပြည့်ရပါမယ်။ Binomial မှာ $(r+1)^{th}$ term of ဆိုတဲ့ စာသားကိုထည့်ပြီး အဆင့်မကျော်ဘဲ တစ်ဆင့်ခြင်းတွက်မှ အမှတ်ပြည့်ရပါမယ်။ Inequation အခန်းမှာ graphical method ကို Algebric method နဲ့ ဖြေရင် အမှတ်မရပါ၊ မေးတဲ့ method ကို သတိထားဖြေရပါမယ်။ graphical method မှာ ပုံကို ဂရုတစိုက်ဆွဲရပါမယ်။ x,y ဝင်ရိုးနဲ့ မျဉ်းကွေးကို သတိထားဆွဲရပါမယ်၊ Algebirc method မှာတော့ (? and ?) or (? and ?), and နဲ့ or နေရာမှန်ရမယ်။ လက်သည်းကွင်းတွေ ကျန်ရင် အမှတ်ဆုံးရှုံးပါလိမ့်မယ်။ Sequence and Series မှာတော့ ပုံသေနည်းတွေကို အလွတ်ကျက်ပါ။ a=u1=first term, Un=1= last term စတဲ့ အဓိပ္ပာယ်တွေကို သိမှ ဖြေဆိုနိုင်ပါလိမ့်မယ်။ Matrix အခန်းမှာတော့ metrix method ကတော့ အမေးများပါတယ်။ Probability အခန်းမှာတော့ tree diagram လား၊ table လား ဆိုတာသိရမယ်။ မေးခွန်းရဲ့အဓိပ္ပာယ်ကို တိတိကျကျဘာသာပြန်နိုင်ရပါမယ်။ Circle တွေကိုတော့ ထောင့်တွေ၊ အနားတွေကို ရှာတတ်အောင် လေ့ကျင့်ထားရပါမယ်။ Vector အခန်းမှာ (၃)မှတ်တန်ကို ဦးစားပေးပါ။ Trigo အခန်းမှာ sin, cos,tan,cot,sec,cosec ရဲ့ အချိုးတွေကို သိရမယ်။ 30' ,60',45'ရဲ့ ....ရဲ့အောက်မှာ O,A,H ရှိတယ်ဆိုတာသိရင် Trigo ဟာ အလွန်လွယ်ပါလိမ့်မယ်။ Law of Sine နဲ့ Law of Cosine ကိုလည်း လေ့ကျင့်ထားရပါမယ်။ Calculus အခန်းမှာ -Limပုစ္ဆာမှာ တစ်ကြောင်းအောက်ဆင်းတိုင်း Lim ရှေ့မှာ(=) ထည့်ရပါမယ်။

Equation of the tangent and Normal line ကတော့ အမေးများပါတယ်။ Chapter (1) မှ (7) အောင်မှတ်အတွက် Chapter (1 to 10) အားလုံးကြည့်ရင် ဂုဏ်ထူးထွက်နိုင်ပါတယ်။

၄။ ရူပဗေဒ- Law များကို သေသေချာချာတိတိကျကျ ကျက်မှတ်ရမယ်။ ပုံသေနည်းတွေကို အလွတ်ကျက်ထားရပါမယ်။ (P=Power) Unit က(Wart) ဆိုသိထားရပါမယ်။ ပုံသေနည်းတွေကို အလွတ်မရရင်တော့ ကျရှုံးဖို့များပါတယ်။ Chapeter(1) မှ Chapter(10) ဆိုရင် အမှတ်ကောင်းကောင်းနဲ့ အောင်ပါလိမ့်မယ်)။ Chapter 14 ခုစလုံး ကြည့်ရင်တော့ ဂုဏ်ထူးမှတ်ကျော်ပါလိမ့်မယ်)။

၅။ ဓာတုဗေဒ- Chapter(1) မှ Chapter(7)၊ Laboratory, Extration, Manufacture (ပုံ/စာ), Titration (ပုစ္ဆာ)၊ အောင်မှတ်ကျော်ပါလိမ့်မယ်။ ဂုဏ်ထူးမှတ်ကျော်ချင်ရင် အကုန်ကြည့်ရပါမယ်။

၆။ ဇီဝဗေဒ- Chapter(5.7,10,12) အတွက် အမှတ် (၆၀)ဝန်းကျင်ဖြစ်တယ်။ Chapter(1 မှ 5) နဲ့ Chapter (7,10,12) ကြည့်ရင် ဂုဏ်ထူးမှတ်ကျော်ပါလိမ့်မယ်။

၇။ ဘောဂဗေဒ-ဂုဏ်ထူး လိုချင်ရင်တော့ အခန်း(၁၊ ၂၊ ၃၊ ၄၊ ၅) အကုန်ကြည့်ရပါမယ်။

ဖြေဆိုတဲ့အခါ(၁) မေးခွန်းကို နားလည်အောင်ဖတ်၊ (၂)မှန်မှန်နှင့်မြန်မြန်ဖြေ၊ (၃)နာရီကို အပြည့်ဖြေပါ။ စာမေးပွဲခန်းမှ စောစောထွက်ခွာတဲ့ကျောင်းသားဟာ ကျဖို့သေချာပါတယ်။ သူများထွက်တိုင်း လိုက်မထွက်ပါနှင့်၊ ခိုးချဖို့စိတ်ကူးထားတဲ့ ကျောင်းသားက ကျဖို့သေချာပါတယ်၊ ဒါကြောင့် ရိုးရိုးသားသားဖြေဆိုပါ၊ စိတ်စွမ်းအားကို အမြင့်ဆုံးထားပါ၊ အောင်ချင်စိတ်ရှိတဲ့ ကျောင်းသားဟာ အောင်ပါလိမ့်မယ်၊ ဂုဏ်ထူးလိုချင်တဲ့ ကျောင်းသားကတော့ ဂုဏ်ထူးရနိုင်ပါတယ်။ အောင်အောင်ကျကျဆိုတဲ့ ကျောင်းသားကတော့ ကျပါလိမ့်မယ်။ စိတ်ဓာတ်ကြံ့ခိုင်တဲ့ လူတိုင်းမှာ အောင်မြင်မှုပန်းတိုင်ဟာ နီးနီးလေးပါ။ ယခုဖော်ပြလိုက်တဲ့ ကျက်နည်း၊ မှတ်နည်း၊ အမှတ်ပေးပုံစံများကို သဘောပေါက်အောင် လေ့လာပြီး ဖြေဆိုကြစေချင်ပါတယ်။ ။

အဘိုးအဘွားအလေးထား ကြိုးစားစောင့်ရှောက်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ ဒေါပုံမြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် "အဘိုးအဘွား အလေးထား ကြိုးစားစောင့်ရှောက်ပါ" ဟူသော ဆောင်ပုဒ်နှင့်အညီ အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း)အသက် (၆၀) ကျော် အဘိုးအဘွားများကို လူမျိုးမရွေး ဘာသာမရွေး သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါဝေဒနာရှင်များကို အထူးကုသ စောင့်ရှောက်ပေးလျက်ရှိသည်။

ထိုသို့ ကုသစောင့်ရှောက်ရာတွင် နံနက် ၉ နာရီခွဲ အဘိုးအဘွားများ ကျန်းမာရေးဌာနသို့ ရောက်ရှိချိန်တွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမို့မို့အောင်၏ အနီးကပ်ကြီးကြပ်မှု၊ မြို့နယ်သူနာပြုဆရာမကြီး ဒေါ်သီသီခိုင်နှင့် တာဝန်ကျသူနာပြုဆရာမက ကျန်းမာရေးလေ့ကျင့်ခန်းများ ဦးဆောင်ပြုလုပ်ပြီး(ဝဲပုံ) ကျန်းမာရေးပညာပေးဟောပြောခြင်း၊ အဘိုးအဘွားများအား အာဟာရများကျွေးမွေးခြင်းများပြုလုပ်ပြီး တာဝန်ကျလက်ထောက်ဆရာဝန်များက ကျန်းမာရေးဆေးစစ်ပေးခြင်းများပြုလုပ်၍ သောက်ဆေးများကို တစ်ပတ်စာပေးကြောင်း သိရသည်။

ထိုသို့ အပတ်စဉ်အာဟာရကျွေးခြင်းမှာ မြို့နယ်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများ စုပေါင်းပြီး လှူဒါန်းကျွေးမွေးသည့်အပြင် ပြင်ပမှ အလှူရှင်များကလည်း လာရောက်လှူဒါန်းခြင်းလည်း ရှိသည်။ ဇန်နဝါရီ ၃၀ ရက်က သွားနှင့် ခံတွင်းကျန်းမာရေးဌာနစိတ် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ ကြာဆံချက်များ ကျွေးမွေးကြောင်း သိရသည်။ **(စိန်နှင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁-၂-၂၀၁၃ (သောကြာနေ့)

၅း၃၀	"အကြောင်းကောင်းမှ အကျိုးလှ" တရားတော်(ချောင်းဦးဆရာတော် ဒေါက်တာအရှင်ကိတ္တိသာရ)
၈း၀၀	Cartoon Series (Math Fun With Ria)
၁၀း၄၀	ပြင်ဦးလွင်မြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ
၁၁း၀၀	ဟင်းချက်ရအောင်
၁၁း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (အရေပြားကျန်းမာရေးနှင့်ပတ်သက်သောပြဿနာများ)
၁၁း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁း၄၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၅း၂၀	Minute to win It
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး"(အပိုင်း-၈၈)
၇း၁၀	Let's Talk It
၈း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၇)
၁၁း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်" (အပိုင်း-၁၃)
၂း၀၅	ရင်နှစ်ပန်းတို့လန်းစေချင် (ဖြိုးငွေစိုး၊မိုးယုစံ၊မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]

GOLDEN PASS
TRAVELS & TOURS CO.,LTD.
ရွှေလက်မှတ် (အိန္ဒိယ+နီပေါ) မဇ္ဈိမဒေသဘုရားဖူးအဖွဲ့
ဘန်ကောက်~ ပတ္တရား (၄ ညအိပ် ၅ ရက်) ၅.၃ သိန်း
၇.၅သိန်း
၈.၅ သိန်း
Grand Palace, Emerald Buddha
Dream World, Coral Island,
Alazcar Gay Show,
Nong Nooch Tropical,
Shopping Centers

ဂယာရွှေတိုင်း သံဝေဇနီယလေးဌာန-အိန္ဒိယ - နီပေါ ဘုရားဖူးအဖွဲ့
နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများ
သံဝေဇနီယလေးဌာန - အစီဇဟိတလေးဌာန - နယူးဒေလီ (တပ်ချ်မဟာ)
(၁၄) ညအိပ် (၁၅) ရက်ခရီး ကျပ် (၈ သိန်း) စရိတ်ငြိမ်း
ဒေါ်ဝင်းဝင်း ကိုယ်တိုင်ဦးဆောင်၍ ခရီးစဉ်တစ်လျှောက် နွေးထွေးသော ဝန်ဆောင်မှုများဖြင့် ကူသိုလ်ယူပါမည်။
မတ်လ (၄ ၊ ၂၅)၊ ဧပြီလများတွင် ခရီးစဉ်လိုက်ပါလိုသူများကို စတင်လက်ခံနေပါပြီ။
အမှတ် (၆) ၊ ၁၁ လမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၂၁၅၈၆၊ ၂၂၂၅၂၇၊ ၀၉ - ၅၃၇၀၁၅၆၊ ၀၉ - ၇၃၁၉၆၄၃၆၊

Learn English with Native Speakers
IELTS, Speaking Skills
Business English
Effective English: 4 skills
(Beginner to Advanced with professional teachers)
Enrol before 31 January for a 20,000-kyat discount
Your success is ours
Phone: 09 7316 2586, 09 7319 6350
01 500 464, 09 42111 9895
Building 6, Junction Square
Kamaryut Township, Yangon

၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာသင်သားများအတွက်
Exam Guide (A, B, C, D, E)
သင်တန်းကြေး ၃၀၀၀၀ ကျပ်
နာရီ ၉၀ HOT SPOT CLASS
ကျောင်းအပ်နိုင်ပြီ...
ဆက်သွယ်ရန်
Nyein Center

လွှတ်တော်ရေးရာကဏ္ဍ

✻ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ

ရန်ပုံငွေများနှင့်စပ်လျဉ်းသည့်သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်သည်။

ရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဖြစ်သည့် **တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နာယက က ရှင်းလင်းတင်ပြပြီး ယင်းဥပဒေကြမ်းတွင် လိုအပ်ချက်အရ ထပ်မံပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်ရန် လွှတ်တော်က သဘော တူကြောင်း အတည်ပြုဆုံးဖြတ်သည်။

အလားတူ ယင်းဥပဒေကြမ်းအပေါ် လိုအပ်ချက်အရ ထပ်မံပြင်ဆင်ဖြည့်စွက် ရန် အချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဦးဘရှိန်က ရှင်းလင်းတင်ပြသည်။

အဆိုပါဥပဒေကြမ်းကို ၂၀၁၂ခုနှစ် မတ်လ ၅ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပြင်ဆင်လိုသည့်အချက်များကို ထည့်သွင်းပြင်ဆင်နိုင်ရန် ဥပဒေကြမ်းပူးပေါင်း ကော်မတီက စိစစ်ဆောင်ရွက်သွားရန် လွှတ်တော်နာယကက လမ်းညွှန်ခဲ့ကြောင်း၊ လေ့လာတွေ့ရှိချက်များအရ ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ၂၀၁၂ခုနှစ် ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေ၊ ၂၀၁၂ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေများနှင့်ညီညွတ်ပြီး လက်တွေ့ဆောင်ရွက်ရသော တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ၏ လိုအပ်ချက်များနှင့်လည်း ပြည့်စုံညီညွတ်မှုရှိကြောင်းဖြင့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် **လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နာယက က ရှင်းလင်းတင်ပြပြီး လွှတ်တော်နှစ်ရပ်သဘော ကွဲလွဲ သည့်အချက်များအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဦးစံထွန်းက ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်အကြား သဘော ကွဲလွဲခဲ့သည့်အချက်များအပေါ် ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက "အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်းဆိုတဲ့အမည်နဲ့ လာဘ်ပေး လာဘ်ယူမှု ပပျောက်ရေးဥပဒေကြမ်းဆိုတဲ့အမည်နှစ်ရပ်ကွဲလွဲချက်မှာ ကျွန်မကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်းဆိုတဲ့ အမည်နာမအပေါ်မှာ ရပ်တည်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီဥပဒေမူကြမ်းဟာ ဟိုယခင်ကပြဋ္ဌာန်း ခဲ့တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ကိုးကားထားတာဖြစ်တဲ့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ပြန်ယူထားပါ တယ်၊ ဒါ့အပြင် အရင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒီဥပဒေမှာ ပြန်လည်ရုပ်သိမ်းထားတာဖြစ်တဲ့အပြင် အဓိပ္ပာယ်နက်ရှိုင်းလေးနက်တဲ့ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေလို့ပဲ အမည်ခေါ်သင့်တယ်လို့မြင်ပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ဥပဒေပြဋ္ဌာန်းရာတွင် စကားရပ်၏အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် တိကျရန် လိုအပ်ခြင်း၊ လူအများ နားလည်လွယ်ရန်လိုအပ်ခြင်း၊ သက်သေပြရန်တာဝန်ကို ဖော်ဆောင်နိုင်ရန်လိုအပ်ခြင်း၊ လက်တွေ့အသုံးချနိုင်သော စကားရပ်ဖြစ်ရန် လိုအပ်ခြင်းစသည့်အခြေအနေများအရလည်းကောင်း၊ ဥပဒေ၏အမည်နှင့် စကားရပ်အသုံးအနှုန်းကွဲလွဲသော်လည်း ဥပဒေ၏ရည်ရွယ်ချက်များနှင့်အရေးယူ ဆောင်ရွက်မှုများပြောင်းလဲခြင်းမရှိသည့်အတွက်လည်းကောင်း လာဘ်ပေး လာဘ်ယူမှုဟူသည့်စကားရပ်ကိုသာ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် အများစု၏ဆန္ဒအရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ကြောင်းဖြင့် အဆိုပါ သဘောထားမှတ်ချက်အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမ နေ့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပရီမီယာလိဂ် ပွဲစဉ် (၂၄) ရလဒ်များ

မန်ယူ ၂ - ၁ ဆောက်သမ်တန်

အဲဗာတန်	၂ - ၁ ဝက်စ်ဘရွန်း	ဖူလ်ဟမ်	၃ - ၁ ဝက်စ်ဟမ်း
နော့ဝှစ်ချ်	၁ - ၁ စပါး	ရီးဒင်း	၂ - ၂ ချယ်လ်ဆီး

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးသတင်းစာစက္ကူဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံး သတင်းစာစက္ကူများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Newsprint Paper (48.8 Gsm) (30") High Bright 9775 တန်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၂-၂၀၁၃ရက်မှ၁၄-၂-၂၀၁၃ရက်နေ့အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၁၃ ရက်နေ့ ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	ရုံးအမှတ်(၇)၊နေပြည်တော်
	ဖုန်း-၀၆၇-၄၁၂၃၂၇

လွှတ်တော်များ၏ ဒုတိယနှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဒုတိယနှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော် နာယက**(အပေါ်ပုံ)**နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တို့က မိန့်ခွန်းပြောကြားပြီး နေ့လယ်စာသုံးဆောင်စဉ် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးဂီတအဖွဲ့က ဧည့်ခံ ဖျော်ဖြေ တင်ဆက်သည်။ ထို့ကြောင့် ပြည်ထောင်စု လွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ တို့က အနုပညာရှင်များအား ပန်းခြင်းနှင့် ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြန်ကြားရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရ ဦးအေးမြင့်အား ထိုင်းနိုင်ငံ ဘာသာ ရေး၊ အနုပညာနှင့်ယဉ်ကျေးမှုဆိုင်ရာ လွှတ်တော် အမြဲတမ်းကော်မတီသဘာ ပတိ Mr.Santsak Jaroon Ngampiches နှင့် လွှတ်တော်ကိုယ်စားလှယ် အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီ ခွဲတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော် ကော်မတီအဆောင် I-1 ၌ လာရောက် တွေ့ဆုံပြီး နှစ်နိုင်ငံ အားကစားဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုဖလှယ်ရေး ဆိုင်ရာကိစ္စရပ် များနှင့် ပြန်ကြားရေးဆိုင်ရာကိစ္စရပ် များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ခဲ့ကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၂-၂၀၁၃ (သောကြာနေ့)

၇း၀၀	ပရိတ်တရားတော်
၈း၀၀	ကိုယ်စိတ်ကျန်းမာ လေ့ကျင့်ပါ
၈း၂၅	"သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
၄း၄၀	၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅း၂၀	(၆၆)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀	အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၄၁)
၆း၂၀	" ချစ်သော ဤကမ္ဘာမြေ"
၆း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာ သစ္စာ"(ဒုတိယတွဲ)(အပိုင်း-၁၀)
၇း၁၀	နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာ သစ္စာ"(ဒုတိယတွဲ) (အပိုင်း-၁၀)
၈း၀၀	ပြည်တွင်းသတင်း မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့ "ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ" "အပျိုစင်တောင်ထိပ်ဆီသို့"
၁၀း၀၀	ပြည်တွင်းသတင်း -"ရောင်စုံရေးသီ တေးပန်းချီ"

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာမှာ ကြော်ငြာစို့

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၁ - ၁ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၅၈. ၀၀၀	၀. ၀၀၁၁၇
ထိုင်း (ဘတ်)	၂၉. ၈၁၀၀	၀. ၀၃၃၅၅
တရုတ် (ယွမ်)	၆. ၂၂၁၉၀	၀. ၁၆၀၇၂
အိန္ဒိယ(ရူပီး)	၅၃. ၃၀၂၆	၀. ၀၁၈၇၆
မလေးရှား (ရင်းဂစ်)	၃. ၁၀၆၉၉	၀. ၃၂၁၈၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၄၂	၀. ၈၀၈၁၃
ဂျပန် (ယန်း)	၉၀. ၈၇၅၇	၀. ၀၁၁၀၀
တောင်ကိုရီးယား(ဝမ်)	၁၀၈၉. ၁၂	၀. ၀၀၀၉၂
ယူရို	၀. ၇၃၇၆၄	၁. ၃၅၅၆၇
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၈၃	၁. ၃၅၅၆၇

ပြည်တွင်းရေးရာ

ခရေပင်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၃)လမ်းနှင့် ပြည်လမ်းအား ဆက်သွယ်ထားသော ခရေပင်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကွန်ကရစ်လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ **(ဓါတ်ပုံ)**

ယနေ့ဖွင့်လှစ်လိုက်သော ခရေပင်လမ်းသည် မူလက ကတ္တရာလမ်းဖြစ်ပြီး လမ်းသားပျက်စီးမှုများပြားခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ Ready Mix Concrete (RMC) အသုံးပြု၍ လမ်းသားအဆင့်မြှင့်တင်ခြင်း၊ လမ်းတိုးချဲ့ခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းကွန်ကရစ်လမ်းမှာ အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၆၀ ရှိပြီး လမ်းခံနိုင်ဝန် တန် ၆၀ ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ကုမ္ပဏီ ၆၀ မှ ပြခန်း ၁၄၀ ဖြင့် ပါဝင်ပြသသည့် Modern Lifestyle & Car Expo 2013 ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ ပိုင်အောင်ထရေးဒင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးနိုင်စိုးနှင့် Panasonic General Manager Mr. Hisakazu Maeda တို့က Modern Lifestyle & Car Expo 2013 ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၃ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥရောပသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ (ကိုယ်စား) ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌ၊ လုံခြုံရေးရာအ ပေးပုဂ္ဂိုလ် မစ္စ နှင့်အဖွဲ့သည် တွင် နေပြည်

အဆင့်မြင့်ပညာကဏ္ဍ ဘာသာရပ်ဆိုင်ရာ ပညာတော်သင်များစေလွှတ်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၁

အဆင့်မြင့်ပညာကဏ္ဍ ဘာသာရပ်ဆိုင်ရာ ပညာတော်သင်များ စေလွှတ်ရေး၊ ပညာရှင်များ အပြန်အလှန်ဖလှယ်ရေး၊ ရုရှားဘာသာစကား သင်ကြားမှုမြှင့်တင်ရေးနှင့် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၌ ရုရှားဗဟိုဌာန (Russian Centre) တည်ထောင်ရေးကိစ္စများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှွေနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Vasily B. POSPELOV တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

SEA Games အကြို မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် SEA Games အကြို မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ၁၉၅၄ ခုနှစ်က စတင်ချီးမြှင့်ခဲ့သော ရှေးဟောင်း မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက် ဒိုင်းဆုကြီးကို ၁၉၆၃ ခုနှစ်တွင် ကျင်းပခဲ့သော မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ၌ တံခွန်စိုက်ချန်ပီယံ ဒိုင်းဆုကြီးကို ရရှိခဲ့သော ဦးကျင်ဆွေ၏ သားဖြစ်သူ ဦးသိန်းထွန်းက ရှေးဟောင်း မြန်မာ့ရိုးရာ စစ်တုရင် တံခွန်စိုက်ဒိုင်းဆုကြီးကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ လှူဒါန်းရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးသိန်းထွန်းက ပုံမှန်မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲတွင် ပထမ ဝင်းထွန်း၊ ဒုတိယ ဝင်းဇော်ထွန်း၊ တတိယ မြင့်ဟန်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၅ မိနစ်အမြန်ရွှေ့ မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲတွင် ပထမ ဝင်းဇော်ထွန်း၊ ဒုတိယ မောင်မောင်လတ်၊ တတိယ အောင်မျိုးလှိုင်တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ၁၀ မိနစ် လျှပ်တစ်ပြက် မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ၌ ပထမ ဝင်းဇော်ထွန်း၊ ဒုတိယ မောင်မောင်လတ်နှင့် တတိယ အုန်းကျော်တို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(မောင်မောင်)

ငှက်ပျောပင်ငယ်မှ ထူးဆန်းစွာအဝါရောင် ကြာပွင့်သဏ္ဌာန်အပွင့်ထွက်ရှိ

ဖြူး ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရေသွံ့ကြီးအုပ်စု ဝဲဒေါင့်ရွာနေ ဦးဆန်းထိုက်ဦး- ဒေါ်နန်းဖူခမ်းတို့၏ နေအိမ်ခြံဝင်းအတွင်း အရှေ့တောင်ထောင့် ခြံစည်းရိုးဘေးတွင် ယခင်ငှက်ပျောပင်ဟောင်းအား မြေကြီးမှကပ်၍ ခုတ်လှဲရှင်းထားခဲ့ရာ ငှက်ပျောပင်ငုတ်မှ အပင်သစ်ထပ်မံပေါက်ခဲ့ရာ အရွက်လုံးဝမထွက်ရှိဘဲ အရှည် နှစ်ပေ၊ ပင်ရင်းလုံးပတ် ၁၄ လက်မ၊ ပင်ဖျားလုံးပတ် ခုနစ်လက်မရှိ ထိပ်ဖျားတွင် ငါးလက်မရှိ ကြာပွင့်သဏ္ဌာန်အဝါရောင် ဖူးပွင့်နေသည်ကို ထူးဆန်းစွာ တွေ့ရှိရသည်။ **(ယာပုံ)**

ထိုငှက်ပျောပင်ငယ်၏ အရှေ့ဘက် ၁၅ ပေအကွာတွင် လုံးပတ် ခြောက်ပေခန့်၊ အမြင့်ပေ ၁၀၀ ကျော်ရှိ ဗောဓိ ညောင်ပင်ကြီးတစ်ပင် ခက်လက်ဝေဆာစွာတွေ့ရှိရပြီး ငှက်ပျောပင်ငယ်မှ ကြာပွင့်သဏ္ဌာန်အပွင့် ပွင့်လျက်ရှိကြောင်း သတင်းကြားသိရသည့် ပြည်သူများ နေ့စဉ် လာရောက်လေ့လာကြည့်ရှုနေကြကြောင်း သိရသည်။

(၁၄၀)

မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ဆေးဘူးဖြင့် သရုပ်ပြ

နေပြည်တော် ဇန်နဝါရီ ၃၁

မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ဆေးဘူးဖြင့် သရုပ်ပြသခြင်းကို ဇန်နဝါရီ ၃၀ ရက်က နေပြည်တော် ကောင်စီနယ်မြေ ဟိုတယ်ဇုန်ရှိ မြတ်မင်္ဂလာဟိုတယ်၌ ကျင်းပရာ နေပြည်တော်မီးသတ်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူးဝင်းမြင့်က မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဟောပြောဆွေးနွေးခြင်းနှင့် အမှတ်(၄)မီးသတ် စခန်းမှ စခန်းတာဝန်ခံ ကျော်ခိုင်ထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး ဖြင့် လက်တွေ့သရုပ်ပြကြပြီး ဟိုတယ်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက လက်တွေ့ မီးငြိမ်းသတ်ခြင်းတို့ကို ပြုလုပ်ကြကြောင်း သိရသည်။**(ဓါတ်ပုံ)** **(ကျော်ခိုင်ထွန်း)**

ပုဂံအာနန္ဒာဘုရားဆွမ်းသပိတ်ကပ်လှူပြီးစီးသော်လည်း စဉ့်အိုးဈေးသည်များ ရောင်းကောင်းနေ

ညောင်ဦး ဇန်နဝါရီ ၃၁

ပုဂံမြို့ အာနန္ဒာဘုရားပွဲတော်ကို နှစ်စဉ် ပြာသိုလပြည့်နေ့တွင် ဆွမ်းသပိတ် ကပ်လှူပူဇော်လေ့ရှိသည်။ အထူးသဖြင့် ပြာသိုလပြည့်ကျော်လာပြီဆိုလျှင် စဉ့်အိုးသည်များ အရောင်းရဆုံး ဖြစ်သည်။ စဉ့်အိုးဈေးသည်များသည် ညောင်ဦး ရွှေစည်းခုံပွဲတော်နှင့် ပုဂံအာနန္ဒာ ပွဲတော်များတွင် ရောင်းအား အကောင်းဆုံးဖြစ်သည်။ စဉ့်အိုးများကို လာရောက်ရောင်းချသော ဈေးသည်များမှာ ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ် ရွှေခွန်ကျေးရွာနေသူများ ဖြစ်ကြသည်။

စဉ့်အိုးများကို ပုဂံ၊ ညောင်ဦးမြို့သို့ ဧရာဝတီမြစ်ကြောင်းမှ မော်တော်ဖြင့်လည်းကောင်း၊ ဖောင်ဖွဲ့ပြီးလည်းကောင်း သယ်ယူကြသည်။ ထိုသို့ သယ်ယူရသည်မှာ လမ်းစရိတ် အကုန်အကျသက်သာပြီး သုံးစွဲသူများအတွက် ဈေးနှုန်းချိုသာမှု ရရှိနိုင်သည်ဟု စဉ့်အိုးရောင်းသူတစ်ဦးထံမှ သိရသည်။

ပုဂံနှင့် ညောင်ဦးမြို့နယ်သည် စဉ့်အိုးများကို အဓိကထားသုံးစွဲသော မြို့နယ်များဖြစ်သည်။ အချိန် ၁၅၀ ပိဿာဝင် စဉ့်အိုးများကို ကျေးလက်နေပြည်သူများက ထန်းလျက်ထည့်ပြီး လှောင်ခြင်း၊ ရေထည့်လှောင်ခြင်း၊ ဆီထည့်လှောင်ခြင်းများအတွက် သုံးစွဲကြသည်။ အများဆုံးသုံးစွဲသည်မှာ ထန်းလျက်အပွက်ရည်များကို ထည့်လှောင်ခြင်းဖြစ်သည်။ အသင့်အတင့် ထန်းတောင်သူများမှာ စဉ့်အိုး ငါးလုံးမှ ၁၀ လုံးအထိ လှောင်နိုင်ပြီး ၁၀ လုံး၊ ၁၅ လုံး အထက် လှောင်သူများမှာ ထန်းတောင်သူကြီးများ ဖြစ်ကြသည်။ ထန်းလျက် ပွဲရုံများမှာလည်း ၁၀ လုံး၊ ၁၅ လုံးအထက် စဉ့်အိုး အလုံး ၃၀ ၊ ၄၀ အထိ လှောင်လေ့ရှိကြသည်။ သို့အတွက် ထန်းလျက်၊ သကာရည်ထည့်ပြီး လှောင်ရန် စဉ့်အိုးကို အများဆုံးဝယ်ယူရသော နယ်ဖြစ်သည်ကို ငါ့သရောက်နယ် စဉ့်အိုးဝယ်သူထံမှ သိရသည်။

စဉ့်အိုး ပိဿာ၁၅၀ ဆံ့ တစ်လုံးလျှင် ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ ထိ ဈေးပေးဝယ်ရကြောင်း၊ စဉ့်အိုးတွင် အကွဲအနာပါလျှင်ပါသလို မပါလျှင် မပါသလို ဈေးကွာခြားပြီး ဝယ်ယူရကြောင်း ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာ စဉ့်အိုးဝယ်သူတစ်ဦးထံမှ သိရသည်။ စဉ့်အိုးဈေးသည်များကလည်း အပြန်ဆိုလျှင် စဉ့်အိုးများကို သယ်ယူမှု ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်ပြီး ပွဲတော်သိမ်းခါနီးအချိန်တွင် လျှော့ပေါ့ရောင်းချလေ့ရှိသည်။ ထိုသို့ ရောင်းချသော ဈေးနှုန်းကို ဈေးပေါင်ချိုးပြီး ရောင်းသည်ဟု စဉ့်အိုးရောင်းသူတစ်ဦးထံမှ သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ကျော်ဌေး

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံး မပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှပစ်ပါ။ **မီးသတ်ဦးစီးဌာန**

ပြည်သူလူထုထံ အသိပေးအကြေ

၁။ မွေးရာပါနိုင်ငံသားများအတွက် မိုးပွင့်စီမံချက် စိစစ်ရေးကတ်များအား ဖြေလျှော့ခြင်းများပြု ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။
၂။ ၁-၇-၂၀၁၁ ရက်နေ့မှစ၍ ၁၅-၁-၂၀၁၃ ရက် စိစစ်ရေးကတ်ပေါင်း ၃၀၇၉၀၉၄ ထုတ်ပေးပြီး
၃။ မိုးပွင့်အဆင့်(၅)အား ၁-၄-၂၀၁၃ ရက်နေ့ မည်ဖြစ်ပြီး နှစ်လ ကွင်းဆင်း၊ နှစ်လမြို့နယ်ရုံး မည့်စနစ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်သွား
၄။ သွေးနှောပြည်သူများအတွက် အခြေခံမှတ်တ စိစစ်ရန်လိုအပ်ချက်အရ မြို့နယ်ရုံးများတွင်သ ပါသည်။
၅။ နိုင်ငံသားစိစစ်ရေးကတ်အတွက် အများဆုံး ၂ ပြုလုပ်မှု ခြောက်ကျပ်၊ လဲလှယ်မှု သုံးကျပ်၊ ကျပ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးနေပါသည်။
၆။ ပြည်သူများဘက်မှ လိုအပ်ချက်မှာ ဓာတ်ပုံ အိမ်ထောင်စုစာရင်း မိတ္တူ၊ မိဘနှစ်ပါး၏ ကိုင် ရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ် ချက်တို့ဖြစ်ပြီး ၎င်းတို့အတွက် ကုန်ကျစရိ ပေးသွင်းရခြင်းမဟုတ်ဘဲ ပြင်ပသို့ပေးချေရသ သာဖြစ်၍ ရောထွေးမမှတ်ယူစေလိုပါ။

ခရီးသည်တင်ယာဉ် ဘရိတ်

ရန်ကုန် ဇန်နဝါရီ ၃၁

ဇန်နဝါရီ ၃၀ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က ယာဉ်မောင်း ဇော်နိုင်ဦး တောင်ဒဂုံမြို့နယ်နေသူ မောင်းနှင်လာသော ကျုံးကြီး-တာမွေ-တောင်ဒဂုံ ယာဉ်လိုင်း အမှတ် ၂၅၂ မှ ဈ/--- BM ဟီးနိုးကားသည် ခရီးသည်များ တင်ဆောင်၍ တာမွေဘက်မှ တောင်ဒဂုံဘက်သို့ မောင်းလာစဉ် ပြည်ထောင်စုခုံးတံတား အဆင်းအလွန်အရောက် အရှေ့ဘက် ပန်းဈေးတန်းအနီး၌ ယာဉ်တစ်စီး ဖြတ်ကွေ့သည်ကို မလွတ်၍ ဘရိတ်အုပ်ရာမှ ဘရိတ်ပေါက်ပြီး လမ်းယာဘက်ရှိ ကြက်ဘဲဈေးမှ ကြက်များ တင်ဆောင်၍

စက်ဘီးနင်းလာ (၂၀)နှစ် ကျီစု ကမ်းမြို့နယ်အ (၂၁) ကျောင် အိမ်ရာရှေ့ က တံတိုင်းအား တိုက်မိခဲ့သည်၊ ဘရိတ်ပေါက်မှ

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ လွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ (ကိုယ်စား) ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါးနှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အဆောင်အမှတ် (၁)ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော် အစည်းအဝေးများ၌ လက်ရှိဆောင်ရွက်နေသည့် ဥပဒေပြုရေး လုပ်ငန်းများ၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုမည့် လွှတ်တော်များ၏ ဆွေးနွေးဆောင်ရွက်မှုများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ လွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရင်းနှီးစွာ လက်တွဲဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်၊ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူလူထုထံ အသိပေးအကြောင်းကြားခြင်း

၁။ မွေးရာပါနိုင်ငံသားများအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်များအား ဖြေလျှော့ခြင်းများပြုလုပ်၍ နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၂။ ၁-၇-၂၀၁၁ ရက်နေ့မှစ၍ ၁၅-၁-၂၀၁၃ ရက်နေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၃၀၇၉၀၉၄ ထုတ်ပေးပြီးဖြစ်ပါသည်။

၃။ မိုးပွင့်အဆင့်(၅)အား ၁-၄-၂၀၁၃ ရက်နေ့တွင် ပြန်လည်စတင်မည်ဖြစ်ပြီး နှစ်လ ကွင်းဆင်း၊ နှစ်လမြို့နယ်ရုံးတွင် ဆောင်ရွက်ပေးမည့်စနစ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်သွားပါမည်။

၄။ သွေးနှောပြည်သူများအတွက် အခြေခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ရန်လိုအပ်ချက်အရ မြို့နယ်ရုံးများတွင်သာ ဆောင်ရွက်ပေးနေပါသည်။

၅။ နိုင်ငံသားစိစစ်ရေးကတ်အတွက် အများဆုံး ၂၈ ရက်၊ ကတ်အသစ်ပြုလုပ်မှု ခြောက်ကျပ်၊ လဲလှယ်မှု သုံးကျပ်၊ မိတ္တူပြုလုပ်မှု ၁၀ ကျပ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (နေ့ချင်းပြီးအခမဲ့) ဆောင်ရွက်ပေးနေပါသည်။

၆။ ပြည်သူများဘက်မှ လိုအပ်ချက်မှာ ဓာတ်ပုံ သုံးပုံ၊ သွေးစစ်ချက်၊ အိမ်ထောင်စုစာရင်း မိတ္တူ၊ မိဘနှစ်ပါး၏ ကိုင်ဆောင်လက်မှတ်မိတ္တူ၊ ရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ဖြစ်ပြီး ၎င်းတို့အတွက် ကုန်ကျစရိတ်များသည် ဌာနသို့ပေးသွင်းရခြင်းမဟုတ်ဘဲ ပြင်ပသို့ပေးချေရသည့် ကုန်ကျစရိတ်များသာဖြစ်၍ ရောထွေးမမှတ်ယူစေလိုပါ။

၇။ နိုင်ငံတကာအလှူရှင်များ၏ ပူးပေါင်းကူညီမှုဖြင့် ၁၁-၆-၂၀၁၂ ရက်နေ့မှစ၍ ကရင်ပြည်နယ်တစ်ခုလုံးအတွက် ကိုယ်စီလိုအပ်ချက် အပါအဝင် ကတ်ပြားထုတ်ပေးပြီးသည်အထိ One Stop Service ဖြင့် (အခမဲ့) ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၈။ ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် ကယားပြည်နယ် ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ၁၀ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(ကျောက်ကြီးမြို့နယ်၊ MPS၊ စီမံကိန်းနယ်မြေ)၊ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးမြို့နယ်နှင့် မြို့နယ်ခွဲနှစ်ခု၊ မွန်ပြည်နယ်ခုနစ်မြို့နယ်တို့တွင်လည်း One Stop Service ဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးသွားပါမည်။

၉။ ကြားပွဲစားလုံးဝမလို(မလို)ပါ။ ဝိုင်းဝန်းသတင်းပေး ဖော်ထုတ်ပေးစေလိုပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၁။ ကျေနပ်မှုမရှိက နေပြည်တော်ဦးစီး(ရုံးချုပ်) သို့ လူကိုယ်တိုင်ဖြစ်စေ၊ ပြန်လည်ရှင်းလင်းပေးနိုင်ရန် တိုင်ကြားသူ၏ လိပ်စာအပြည့်အစုံဖြင့် ဖုန်းနံပါတ် ၀၆၇-၄၃၁၀၀၆ နှင့် ၀၆၇-၄၃၁၀၄၄ တို့သို့ဖြစ်စေ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။ အကြံပြုချက်များကိုလည်း လေးစားစွာ လက်ခံပါမည်။

၁၂။ နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သို့ပါ၍ အချက်အလက် မပြည့်စုံပါက လိုအပ်သည့်အချိန် ရယူရပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွ ပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်၊ အုတ်တံတိုင်းဝင်တိုက်

ရန်ကုန် ဇန်နဝါရီ ၃၁

ဇန်နဝါရီ ၃၀ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က ယာဉ်မောင်း ဇော်နိုင်ဦး တောင်ဒဂုံမြို့နယ်နေသူ မောင်းနှင်လာသော ကျုံးကြီး-တာမွေ-တောင်ဒဂုံ ယာဉ်လိုင်း အမှတ် ၂၅၂ မှ ၈ျ/--- BM ဟီးနိုး ကားသည် ခရီးသည်များ တင်ဆောင်၍ တာမွေဘက်မှ တောင်ဒဂုံဘက်သို့ မောင်းလာစဉ် ပြည်ထောင်စုခုံးတံတား အဆင်းအလွန်အရောက် အရှေ့ဘက် ပန်းဈေးတန်းအနီး၌ ယာဉ်တစ်စီး ဖြတ်ကွေ့သည်ကို မလွတ်၍ ဘရိတ်အုပ်ရာမှ ဘရိတ်ပေါက်ပြီး လမ်းယာဘက်ရှိ ကြက်ဘဲဈေးမှ ကြက်များ တင်ဆောင်၍ စက်ဘီးနင်းလာသော အငယ်လေး (၂၀)နှစ် ကျီစုရွာသစ်လေး ဒဂုံဆိပ်ကမ်းမြို့နယ်အားတိုက်မိပြီး အမက (၂၁) ကျောင်းထိပ် ပင်လုံရိပ်မွန် အိမ်ရာရှေ့ ကာရံထားသော အုတ်တံတိုင်းအား နှစ်ဆင့်ဆက်တိုက် တိုက်မိခဲ့သည်။ **(အောက်ပုံ)** ကား ဘရိတ်ပေါက်မှုကြောင့် ကြက်များ တင်ဆောင်၍ စက်ဘီးစီးလာသော အငယ်လေးမှာ ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ပြီး ကားပေါ်ပါခရီးသည်အချို့မှာလည်း ထိခိုက်ဒဏ်ရာများရရှိသဖြင့် သင်္ဃန်းကျွန်း စံပြဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့ပြီး ယာဉ်တိုက်မှုအား သုဝဏ္ဏရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(၅၀၆)**

ကမ္ဘာလှည့်ခရီးသည် ပြင်သစ်နိုင်ငံသားအား ပြည်နှင်ဒဏ်ပေးမည်ဟူသော သတင်းမီဒီယာအချို့၏ ရေးသားဖော်ပြချက်သည် မှန်ကန်မှုမရှိကြောင်း သိရှိရ

နေပြည်တော် ဇန်နဝါရီ ၃၁

ရန်ကုန်မှ ကချင်ပြည်နယ် လိုင်ဇာသို့ ခြေကျင်ထွက်ခွာလာသော အင်အား ၄၃ ဦးပါအဖွဲ့သည် တောင်ငူမြို့ (၇)ရပ်ကွက် စည်ပင်ဂိုဏ်းအုပ်ဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိအခြေပြုနေစဉ် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းတွင် တောင်ငူမြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ဘာလှည့်ခရီးသည် ပြင်သစ်နိုင်ငံသား Mr.Peburelelde Chassey Christophel အသက်(၄၄) နှစ် နိုင်ငံကူးလက်မှတ်အမှတ် PPNo.P10 CT52036၊ ပြည်ဝင်ဗီဇာအမျိုးအစား Tourist Visa ကိုင်ဆောင်သူအား တွေ့ဆုံ၍ ယခုဆောင်ရွက်ချက်သည် ဗီဇာစည်းမျဉ်းစည်းကမ်းအားချိုးဖောက်မှုရှိနေကြောင်း ပြောကြားကာ တာဝန်ရှိပုဂ္ဂိုလ်များဖြင့် ရန်ကုန်မြို့သို့ စနစ်တကျ ပို့ဆောင်ပေးခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူးက ရန်ကုန်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးမှ ကောင်စစ်ဝန် Mr. XAVIER D ARGUEUVER ထံသို့ ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီခွဲခန့်တွင် ပြင်သစ်သံရုံး၌ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့သည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည် ပြင်သစ်နိုင်ငံသားသည် ၎င်းကိုင်ဆောင်ထားသော ပြည်ဝင်ဗီဇာပါ စည်းကမ်းသတ်မှတ်ချက်များအား ကျူးလွန်ဖောက်ဖျက်ခြင်းဖြစ်သည့်အတွက် အစဉ်အလာဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ ပြည်နှင်ဒဏ်ပေး၍ လိုအပ်သော တားမြစ်မှုများ ထပ်ဆင့်ဆောင်ရွက်ရန်ဖြစ်သော်လည်း မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အကြား ရရှိထားသော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများအပေါ် အလေးထားသောအားဖြင့် ယင်းကမ္ဘာလှည့်ခရီးသည် ပြင်သစ်နိုင်ငံသားအား ပြည်ဝင်ဗီဇာပါ မူလအခွင့်အရေးများအား ရုပ်သိမ်းအရေးယူဆောင်ရွက်ခြင်း မပြုဘဲ ၎င်း၏မိခင်နိုင်ငံ သံရုံးသို့သာ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းမီဒီယာအချို့က လမ်းလျှောက်အဖွဲ့နှင့် ပါလာသော ကမ္ဘာလှည့်ခရီးသည် ပြင်သစ်နိုင်ငံသား Mr.Peburelelde Chassey Christophel ကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ပြည်နှင်ဒဏ်ပေးမည်ဟူသော ရေးသားဖော်ပြချက်သည် မှန်ကန်မှုမရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

(သတင်းစဉ်)

စစ်ကိုင်းမြို့နယ်မှ ကျေးရွာအချို့ ရေရှားပါးပြတ်လပ်မှုနှင့် စတင်ရင်ဆိုင်နေရ

စစ်ကိုင်း ဇန်နဝါရီ ၃၁

ယခင်နှစ်က မိုးရွာသွန်းမှုနည်းပါးခဲ့မှုကြောင့် စစ်ကိုင်းမြို့နယ်မှ ကျေးရွာအချို့တွင် သောက်ရေ၊ သုံးရေရှားပါးပြတ်လပ်မှုများနှင့် စတင်ကြုံတွေ့နေရပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၇ ရက်က တောင်ရင်းကျေးရွာသို့ သောက်သုံးရေသွားရောက်လှူဒါန်းခဲ့သူ မြို့မိမြို့ဖတစ်ဦး၏ပြောပြချက်အရ စစ်ကိုင်းမြို့နယ်ရှိ ကုန်းပိုင်းကျေးရွာများသည် သောက်ရေ၊ သုံးရေအတွက် ဒေသန္တရကျေးလက်ကန်များကိုသာ အားကိုးအသုံးပြုကြရသဖြင့် ကန်ရေ နည်းပါးခန်းခြောက်ချိန်တွင် ရေရှားပါးပြတ်လပ်မှုနှင့် နှစ်စဉ် ကြုံတွေ့နေရကြောင်း၊ ယခင်နှစ်က ဖေဖော်ဝါရီလ ဒုတိယပတ်ရောက်မှသာ ရေအခက်အခဲ ကြုံတွေ့ကြရသော်လည်း ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးကာ ကန်ရေဝင်ရောက်သိုလှောင်နိုင်မှု နည်းပါးခဲ့သဖြင့် ဇန်နဝါရီလမှစတင်၍ ရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့ကြရကြောင်း သိရသည်။

ယခင်နှစ်က စစ်ကိုင်းမြို့နယ်မှ ကျေးရွာပေါင်း ၁၄ ရွာတွင် ရေအခက်အခဲနှင့် ကြုံတွေ့ခဲ့ရပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ရေရှားပါးခက်ခဲသည့် ကျေးရွာများသို့ သွားရောက်ကာ သောက်ရေသုံးရေများ လှူဒါန်းကူညီခဲ့ကြကြောင်း သိရသည်။ ယခုလ ၂၇ ရက်က ရေရှားပါးခက်ခဲမှု စတင်ကြုံတွေ့နေရသော တောင်ရင်းကျေးရွာသို့ စစ်ကိုင်းမြို့မှ မြို့မိမြို့ဖများဦးဆောင်ကာ စေတနာရှင်များ စုပေါင်း၍ သောက်ရေများ သွားရောက်လှူဒါန်းခဲ့ကြသည်။

ယခုအခါ အိမ်ခြေ ၃၈၇ အိမ်၊ လူဦးရေ ၁၃၀၀ ခန့်ရှိသည့် စစ်ကိုင်းမြို့နယ် ပန်းချီကျေးရွာတွင်လည်း သောက်ရေ၊ သုံးရေရှားပါးခက်ခဲမှုနှင့် စတင်ကြုံတွေ့နေရပြီဖြစ်ကြောင်း၊ ကိုယ်ပိုင်လှည်းနွားမရှိသည့် ဆင်းရဲနွမ်းပါးသော ကျေးလက်ပြည်သူများသည် ပိုမိုဒုက္ခရောက်ကြရကြောင်းသိရသည်။ ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် သောက်ရေသုံးရေရရှိရေးလုပ်ငန်းစဉ်သည်လည်း အရေးပါလျက်ရှိပေသည်။ ရေရှားပါးသည့် ကျေးလက်ဒေသများသည် လူသားများအတွက်သာမက လယ်ယာကုန်ထုတ်လုပ်ငန်းတွင် အဓိကအားထားအသုံးပြုနေရသော ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ ရေလိုအပ်မှုများရှိနေကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်မှ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် ရေတိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ရေရှည်ကာလအထိ သောက်ရေ၊ သုံးရေကို ဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် အလှူရှင်များလိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။ **(နန္ဒာမင်းလွင်)**

အညာစုမှာ ပျူပြင်စရာ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အညာစုကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရွာများမှာ ရေလမ်းခရီးကို အဓိကထား၍ အသုံးပြုသွားလာကြရသော ကျေးရွာများဖြစ်သည်။ ထိုသို့ အသုံးပြုရာတွင် ဆိပ်ခံတံတားများ၊ သင်္ဘောဆိပ်များ၊ ကူးတို့ဆိပ်များမှာ လုံခြုံစိတ်ချရသော အခြေအနေတွင် ရှိရန်လိုအပ်ပါသည်။ ပုံတွင်မြင်ရသည့်အတိုင်း ကတွယ်တာအတွင်းရှိ အညာစုကူးတို့ဆိပ်မှာ ဖရိုဖရဲဖြစ်ကာ ကြံ့ခိုင်မှုအားနည်းလျက်ရှိသည်ကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တွေ့မြင်ရသည်။ **(၆၈၄)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၂-၂၀၁၃(သောကြာနေ့)

၇း၀၃ တရားတော်
၇း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၈း၁၀ ဇာတ်လမ်းတို
၄း၃၀ ၂၀၁၃ခုနှစ် တက္ကသိုလ်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ရူပဗေဒ)
၄း၂၇ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၂ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၈ လည်မယ်. . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၁၅ "ရွာ" ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၈၄)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လူငယ်လေးရဲ့ အစိမ်းရောင်ကမ္ဘာ" (အပိုင်း-၆)
-သံစဉ်များနှင့်ကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်ပေါင်းချိန်" (အပိုင်း-၅)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂုဏ်ရည်မတူ (အပိုင်း -၆၄)

နစ်မြုပ်ရေယာဉ်များအတွက် ကရုဏာကြေးများပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအသင်းမှ အသင်းဝင်ရေယာဉ်များအနက် မတော်တဆ ထိခိုက်နစ်မြုပ်ခြင်းများ ကြုံလာသည့်အခါ ကရုဏာကြေးများဖြင့် ကူညီပံ့ပိုးပေးနေကြောင်း အသင်းရုံးအဖွဲ့မှူးက ပြောသည်။

လွန်ခဲ့သော ဇန်နဝါရီလလယ်က ဘုရင့်နောင်ဆိပ်ကမ်းအနီးတွင် နစ်မြုပ်သွားသည့် ရေယာဉ်အတွက်လည်း ကရုဏာကြေးပေးခဲ့ပြီး လွန်ခဲ့သော ၂၀၁၂ ခုနှစ်အတွင်း ကရုဏာကြေးပေးရသော ရေယာဉ်သုံးစင်းရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသော ရေကြောင်းဆိုင်ရာ သတိပေးချက်များ၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်သော ညွှန်ကြားချက်များကိုလည်းကောင်း၊ ယခုလိုဆောင်းတွင်းကာလတွင် ဆီးနှင်းများကျဆင်း၍ မြင်ကွင်းမကောင်းသည့်အခါ မည်သို့လိုက်နာလုပ်ဆောင်ရမည်ဟူသည့် သက်ဆိုင်ရာဌာနများ၏ လမ်းညွှန်သတိပေးချက်များကို အသင်းမှတစ်ဆင့် အသင်းဝင်ရေယာဉ်များထံသို့ အသိပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(၆၈၀)**

CHINDWIN COLLEGE
Making The Difference
edexcel
Approved Centre No: 93081

SCHOOL OF BUSINESS

- ၂၀၀၇ တွင်စတင်တည်ထောင်သော မြန်မာနိုင်ငံတွင် ပထမဆုံး Edexcel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်၊
- ချင်းတွင်းကောလိပ် တွင် HND Engineering ရရှိပြီးသူများ ၃ နှစ်ဆက်တိုက် ချင်းတွင်းနှင့် ချိတ်ဆက်ထားသောနိုင်ငံခြား တက္ကသိုလ်များတွင် B.E(Hons) Final Year တိုက်ရိုက်ဝင်ခွင့် ရရှိခဲ့ကြပြီးဖြစ်သည်၊
- ချင်းတွင်းကောလိပ်မှ Business Management တန်းခွဲသစ်များကို ဇန်နဝါရီလ တွင်စတင်မည်၊
- တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course (IFC) တက်ရောက်နိုင်သည်၊ IFC ပြီးဆုံးသူများနှင့် တက္ကသိုလ် ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ် သင်တန်းတက်ရောက်နိုင်သည်၊
- HND ရရှိပြီးလျှင် ချင်းတွင်း နှင့် ချိတ်ဆက်ထားသောနိုင်ငံခြား တက္ကသိုလ် များတွင် B.B.M(Hons)Final Year တိုက်ရိုက်ဝင်ခွင့်ရရှိမည် ဖြစ်ပြီး အခြားနိုင်ငံတကာ တက္ကသိုလ် ၄၀ ကျော်တွင် ဒုတိယနှစ်အောင်မြင်ပြီးသူ အဖြစ် ဆက်လက် ပညာသင်ယူနိုင်သည်၊

www.facebook.com/chindwincollege

ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ် (၇၅) သိမ်ဖြူလမ်းအောက်ဘလောက်။
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ x ၇၈ ကြား၊ ၃၁ x ၃၂ ကြား။
ဖုန်း - ၀၉ ၇၃၀ ၆၀၃၇၆၊ ၀၁ - ၂၉၇၆၇၃
ဖုန်း - ၀၉ ၂၀၀ ၁၂၀၀၊ ၀၂ - ၇၄၃၇၉

၂၄၂ ပေအမြင့်ရှိ ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူဘုရားကြီး ပန္နက်တော်တင် မင်္ဂလာကျင်းပ

မုံရွာ ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေရှိ ဗန္ဓဝတောင်ကုန်းပေါ်တွင် အရှေ့အနောက် ပေ ၂၂၀၊ တောင်မြောက် ပေ ၂၉၀ ရှိသော မြေအကျယ်အဝန်းပေါ်တွင် ကြာပလ္လင် အကျယ် အရှေ့အနောက် ပေ ၁၈၀၊ တောင်နှင့်မြောက် ပေ ၂၄၀၊ ဒူးခွင်တော် ပေ ၁၉၀၊ တင်ပါးတော် အကျယ် ပေ ၆၀ ဉာဏ်တော် ပေ ၂၀၀၊ ပလ္လင်တော် ၄၂ ပေစုစုပေါင်း ၂၄၂ ပေ ဉာဏ်တော်ရှိသော ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူရုပ်ပွားတော်ကြီး ပန္နက်တော်တင်မဟာမင်္ဂလာကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ဗန္ဓဝတောင်တော်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ပန္နက်တော်တင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်ပရိသတ်များက နေ့နံအလိုက် သတ်မှတ်နေရာများတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တော်တင် မင်္ဂလာပြုလုပ်ကြသည်။ ပန္နက်တော် မတင်မီ အခမ်းအနားကို ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ဖွင့်လှစ်၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ကံ့ကော်တစ်ထောင် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး၊ ဆရာတော်၊ သံဃာတော်များအား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက ပန္နက်တော်တိုင်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ကံ့ကော်တစ်ထောင် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲ ကျင်းပရာ ဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အများပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ်သိန်းတစ်ထောင်နှင့် အေးရိပ်ဝေမိသားစုမှ ငွေကျပ်ဆယ်သိန်း စုစုပေါင်းသိန်း ၁၀၁၀ အား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ အလှူငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အများပြည်သူများနှင့် အလှူရှင်များ လှူဒါန်းငွေစုစုပေါင်းမှာ ၁၆၆၅ ဒသမ ငါးသိန်းဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မြင်းမူမြို့တွင် ဆောင်းမြေပဲများ နုတ်သိမ်း

မြင်းမူ ဇန်နဝါရီ ၃၁

မြင်းမူမြို့နယ်တွင် စိုက်ပျိုးဖြစ်ထွန်းနေသော ဆောင်းမြေပဲများ နုတ်သိမ်းနေပြီဖြစ်၍ တောင်သူများ ငွေပင်ငွေရင်း ပေါ်ပေါက်လာပြီဖြစ်သည်။ မိုးဦးမြေပဲစိုက်ပျိုးခဲ့ပြီး ယခုအခါ မြေပဲများရရှိလာခြင်း ဖြစ်သည်။ စိုက်ပျိုးထားသော ဆောင်းမြေပဲမှာ တစ်ဧကလျှင် နွားရှဉ်း ၁၅ ရှဉ်းမျှ အသုံးပြုပြီး လိုအပ်သောမြေဆီများ ကျွေးမွေးပြုပြင်ရသည်။ မိုးမြေပဲအဖြစ် အောက်တောမြေရှိ ကျေးရွာများမှာ တစ်ဧက အဆန်တစ်တင်းခွဲထိချရပြီး အထက်တောကုန်းတောင်သူများမှာ တစ်ဧက အဆန်တစ်တင်းနှုန်း အပင်ကျဲစနစ်စိုက်ပျိုးကြောင်း သိရသည်။

စိုက်ပျိုးပြီး အပင်ငယ်များအား ထွန်ဖြင့်မှုန်းခြင်း၊ ပေါင်းသင်မြေဆွခြင်းများအဆင့်ဆင့် လိုအပ်သလိုပြုပြင်ပေးရသည်။ စိုက်နည်းစနစ်နှင့်မျိုးထည့်ကွာဟမှုတို့ကြောင့် အထွက်နှုန်းမှာလည်း ကွာဟမှုရှိသည်။ အောက်တောမြေများတွင် တစ်ဧကတင်း ၇၀ မှ ၈၀ အထိ၊ ကုန်းမြေများတွင် တစ်ဧက ၂၅ တင်းမှ ၃၀ တင်းထိ ထွက်ရှိသည်။

ကာလပေါက်ဈေးမှာ မြေပဲဆန်တစ်တင်း ကျပ် ၁၀၀၀၀ မှ ၂၀၀၀၀ ထိ ဖြစ်ကြောင်းသိရသည်။ “ဘိုးမင်းကြီးကင်းကျေးရွာ တောင်သူတစ်ဦးက ဒီမြေပဲဟာ ငွေလည်းရလို့ အားထားစိုက်ပျိုးရပါတယ်၊ ဆောင်းမြေပဲရရင် နွေမှာနွားစာအတွက် အဆင်ပြေရော၊ ဒီလိုမှမစိုက်ရင် နွေမှာနွားစာအတွက် ဒုက္ခရောက်ပါတယ်၊ ဆောင်းမြေပဲရိုးမှာ မိုးလွတ်လေလွတ်မို့လို့ နွားစာတွေအတွက် အလွန်ကောင်းပြီး သိုလှောင်လို့ရလို့ပါ” ဟုပြောကြားသည်။

(တင်ဝင်း)

ကျေးလက်ဒေသဖွံ့ဖြိုးဖို့ သိုး၊ ဆိတ်မွေးမြူရေးကို မြှင့်တင်စို့

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ ကုန်းပိုင်းဒေသများသည် စိုက်ပျိုးရေအခက်အခဲကြောင့် စိုက်ပျိုးရေးမဖြစ်ထွန်းသောကျေးရွာ အများအပြားရှိပါသည်။ အဆိုပါကျေးရွာများသည် တစ်ချိန်တစ်ခါက ထန်းတောင်သူ အများစုသည် ထန်းလျက်ဈေးကောင်းသဖြင့် စားဝတ်နေရေးအဆင်ပြေခဲ့ကြသော်လည်း ယခုအခါ ထန်းလုပ်ငန်းကဝမ်းမဝတော့သဖြင့် သင့်တော်ရာ အခြားလုပ်ငန်းများကို ရှာဖွေလုပ်ကိုင်စားသောက်နေထိုင်ကြရသည်။ အထူးသဖြင့် ရှင်မတောင်ဒေသတစ်ဝိုက်ရှိ ဒေသများသည် တစ်ပိုင်တစ်နိုင် သိုး၊ ဆိတ်များကို မွေးမြူကြသည်။

သိုးဆိတ်မွေးမြူခြင်းလုပ်ငန်းသည် ကုန်းပိုင်းဒေသကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝကို တိုးတက်ပြောင်းလဲစေနိုင်သော လုပ်ငန်းဖြစ်သည်။ အကြောင်းမှာ ရေစကြိုမြို့နယ် သရက်ပင်ကန်အုပ်စု၊ ထန်းပင်ချောင်းကျေးရွာသို့ ရောက်ခဲ့စဉ် ဒေသခံဦးသောင်းစိန်ဆိုသူက ပြောပြရာတွင် “ကျွန်တော်တို့ရွာက ကုန်ပိုင်းဒေသဖြစ်ပါတယ်။ ရေရှားတယ်၊ ဟိုးအရင်ကတော့ ထန်းလုပ်ငန်းက အဆင်ပြေတာပေါ့၊ ခုတော့ ထန်းလုပ်ငန်းကလည်း အဆင်မပြေ၊ စိုက်ပျိုးရေကလည်း ရှားတော့ ရေငတ်ဒဏ်ခံတဲ့ ပဲစင်းငုံ၊ ပဲနောက်၊ နှမ်း၊ မြေပဲတို့ကို မြေရှိတဲ့သူအချို့စိုက်ကြတယ်။ မြေမရှိတဲ့သူတွေကတော့ တစ်နယ်တစ်ကျေးကို လှည့်လည်ပြီး ဈေးရောင်းထွက်ကြရတယ်။ လူငယ်အများစုကတော့ မလေးရှားသွား အလုပ်လုပ်ကြတယ်။ ခုဆိုရွာက လူငယ် ၇၀ လောက်ရှိမယ်၊ ဘယ်မှ မသွားနိုင်သူတွေထဲက အရင်းအနှီးရှိသူကတော့ ဒေသနဲ့ကိုက်ညီတဲ့ သိုး၊ ဆိတ်မွေးကြတယ်။ အရင်တုန်းကတော့ သိုးအမွေးတွေ ရောင်းရတယ်။ ခုတော့ ဝယ်မယ့်သူမရှိတော့ဘူး။ သိုးက အဖြစ်မြန်တယ်၊ ဆိတ်ကအဖြစ်နှေးတယ်၊ ဆိတ်က တစ်နှစ်မှာ နှစ်သားမွေးတယ်၊ ဆိတ်ရောင်းတဲ့အခါ ပေါင်ချိန်နဲ့ ရောင်းချရတယ်၊ တစ်ပေါင်ကို ငွေကျပ် ၇၀၀၊ ၇၅၀ ဈေးရတယ်၊ နို့ခွဲဆိတ်တစ်ကောင်ဆိုရင် ငွေကျပ် ၅၀၀၀၀ တန်တယ်၊ ဂဆီဆိတ်ကတစ်ပေါင် ငွေကျပ် ၁၁၀၀ ဈေးရှိတယ်၊ တစ်နှစ်သားတစ်ကောင်ဆိုတစ်သိန်းကျော် ဈေးရောင်းရတယ်။ ဆိတ်ဈေးကလည်းကြီးတော့ တော်ရုံလူ မမွေးနိုင်ကြဘူး၊ တချို့က မွေးဖက်ပေးမွေးကြတယ်၊ ဆိတ်မွေးရင်တစ်ဝက်စီယူကြတယ်၊ ဆိတ်ကျောင်းငှားရင် ကျောင်းတဲ့လူက ဆိတ်ချေးရတယ်။ အကောင်သုံးဆယ် ဆိတ်တစ်အုပ်က ဆိတ်ချေးကိုစုရင် တစ်နှစ်ကို လှည်း ၁၅ စီးတိုက်လောက်ရတယ်။ လှည်းတစ်စီးကို ငွေကျပ် ၅၀၀၀ ပေးရတယ်။

ကျွန်တော်တို့ရွာမှာတော့ သိုး၊ ဆိတ် အုပ်လေးဆယ်လောက်ရှိပါတယ်၊ သိုး၊ ဆိတ်က သီးသန့်အစာမလိုဘူး။ လွှတ်ကျောင်းရုံပဲ၊ ရွာထဲက ဆိတ်မွေးနိုင်သူတွေကတော့ ဝင်ငွေကောင်းပြီး အဆင်ပြေကြတယ်၊ ကျန်တဲ့လူတွေပါ မွေးနိုင်ရင်တော့ တစ်ရွာလုံး စားဝတ်နေရေးအဆင်ပြေနိုင်တာပေါ့”ဟု အတွေ့အကြုံအစုံအလင်နဲ့ သူ့အမြင်ကို ပြောပြပါသည်။

ကျွန်တော်လေ့လာမိသမျှ ဂဆီဆိတ်(ဆိတ်ထီး)ကို မွေးပါက ရှစ်လ၊ ဆယ်လသားဆိုရင် တစ်ကောင်ကိုတစ်သိန်းဝန်းကျင် ရောင်းချကြရသည်ကို သိရှိရသည်။

သို့အတွက် စိုက်ပျိုးရေးမဖြစ်ထွန်းသော ဒေသများတွင် ဒေသခံများ အိုးမကွာ အိမ်မကွာဖြင့် ဝင်ငွေရနိုင်သော သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီးများ ထုတ်ချေးခြင်း၊ မျိုးကောင်းမျိုးသန့်ကို မွေးမြူစေခြင်း၊ ရောဂါမဖြစ်ပွားအောင် စနစ်တကျမွေးမြူနည်းကို သင်ကြားပြသခြင်း၊ မွေးမြူသူများ အကျိုးခံစားခွင့်အပြည့်အဝရရှိနိုင်ရန် ဈေးကွက်ချိတ်ဆက် ဖန်တီးပေးခြင်း (ယခုအခါ ပွဲစားများကဝယ်ယူ၍ ပြည်ပသို့ တင်ပို့နေ) စသည်တို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ကြမည်ဆိုလျှင် ကျေးလက်ပြည်သူများ ဝင်ငွေတိုးတက်ရရှိပြီး လူနေမှုဘဝသည်လည်း ဖွံ့ဖြိုး၍ ဆင်းရဲနွမ်းပါးမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်မည်ဖြစ်သလို ပြည်တွင်းစားသုံးမှုရိုက္ခာကြွယ်ဝပြီး ပြည်ပသို့ တရားဝင် ပို့ဆောင်ရောင်းချခြင်းမှ နိုင်ငံ့ဘဏ္ဍာလည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း ထန်းပင်ချောင်းကျေးရွာကို မှတ်တမ်းပြု၍ ရေးသားလိုက်ရပါသည်။ ။

(ဖေထွဏ်းဇော်-ရေစကြို)

ပရိသတ်များထံသို့မျက်နှာများတဲ့အချစ်တွေနဲ့ ပြန်လည်ရောက်ရှိလာတဲ့ဆောင်းဆန်ဟွန်း

အမ်ဘီစီရုပ်သံဇာတ်လမ်းတွဲမှ ထုတ်လွှင့်ပြသခဲ့သည့် Dr. Jin ဇာတ်ကားအပြီး ရှစ်လကြာ အနုပညာလောကနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ရသည့် ဆောင်းဆန်ဟွန်းတစ်ယောက် ယခုအခါ When A Man's in Love ဇာတ်ကားဖြင့် ပရိသတ်ထံသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

ဆောင်းဆန်ဟွန်းအနေဖြင့် အဆိုပါ When A Man's in Love ဇာတ်ကားအား လက်ခံရိုက်ကူးရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီး ဖြစ်ကြောင်း ဆောင်းဆန်ဟွန်း၏ အေဂျင်စီက ပြောကြားခဲ့သည်။

When A Man's in Love ဇာတ်ကားသည် တဒင်္ဂလျှပ်တစ်ပြတ်အချစ်များအပေါ်တွင် သာယာယစ်မူးတတ်သော စီးပွားရေးလုပ်ငန်းရှင်အမျိုးသားတစ်ဦးအကြောင်းကို အဓိကဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါ ဒရာမာဇာတ်ကားကို ကင်မ်အီရောင်းက ဇာတ်ညွှန်းရေးဖွဲ့ထားပြီး အမ်ဘီစီရုပ်သံလိုင်းတွင် လက်ရှိပြသနေသည့် 7th Grade Civil Servant ဇာတ်ကားအပြီး ၂၀၁၃ ခုနှစ် ဧပြီလတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်

Hello Venus အဆိုတော်အဖွဲ့၏ Romantic Love သီချင်းသစ်တင်ဆက်

ကိုရီးယား Hello Venus အမျိုးသမီးအဆိုတော်အဖွဲ့က ၎င်းတို့၏ နောက်ဆက်တွဲသီချင်း အစီအစဉ်ကို အချောသပ်နိုင်ခဲ့ပြီဖြစ်သည်။

ယင်းအဖွဲ့က အမ်ဘီစီရုပ်သံအဖွဲ့မှ Show Champion အစီအစဉ်တွင် ၎င်းတို့၏ Romantic Love သီချင်းဖြင့် ဇန်နဝါရီ ၃၀ ရက်က သီဆိုကပြရန် စီစဉ်ခဲ့သည်။

သူမတို့၏ အလယ်အလတ်အဆင့်ရှိ အမြင့်ဆုံးသီဆိုနိုင်စွမ်းကို ဖော်ကျူးသည့် Rock သီချင်းဖြစ်ပြီး အဖွဲ့၏ ဒုတိယခေါင်းစဉ်သီချင်းဖြစ်ကာ ပရိသတ်၏ အာရုံစိုက်မှုများစွာ ရရှိခဲ့သည်။

Romantic Love သီချင်းမှာ ယင်းအဖွဲ့၏ သီချင်းခေါင်းစဉ် What are You Doing Today? သီချင်း၏ နောက်ဆက်တွဲ သီချင်းဖြစ်ကာ သူမတို့၏ စိတ်ကွန့်မြူးနိုင်ပုံနှင့် ရင့်ကျက်မှုကို ယင်းသီချင်းဖြင့် ထုတ်ဖော်နိုင်ခဲ့သည်။

ဇေယျာလင်း

ဝင့်ကြွေးဇာတ်ကားသစ်ရုံတင်

တစ်ဖက်သားအား ကျူးလွန်ခဲ့သော ပြစ်မှုများသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကိုယ်ပြန်ခံစားတတ်ရပုံကို သင်ခန်းစာပေးရိုက်ကူးထားသည်။

ကိုသန်းထိုက်သည် တည်ငြိမ်သော အလုပ်တစ်ခုကို ဗန်းပြပြီး နောက်ကွယ်တွင် ဒုစရိုက်အလုပ်များကို လုပ်ကိုင်နေသူဖြစ်သည်။ မိုးညိုမှာ ကိုသန်းထိုက်၏ ဂိုဒေါင်မှ ညစောင့်ဖြစ်သည်။ ကိုသန်းထိုက်က နှင်းဧကရီအား မေ့ဆေးပေးပြီး တိုက်ပျက်တစ်လုံးသို့ ခေါ်ဆောင်သွားသည်ကို မိုးညိုမှ သိရှိပြီး ကယ်တင်ရာမှ ဒဏ်ရာရရှိခဲ့သော်လည်း နှင်းဧကရီက အထင်လွဲပုံ၊ နောက်ဆုံးအဖြစ်မှန်သိရှိပြီး မိုးညိုအား တောင်းပန်ခဲ့သော်လည်း သေခါနီးဆဲဆဲဖြစ်နေရာမှ ဝင့်ကြွေးဆိုလျှင်လည်း ဒီဘဝနှင့်ကျေပါစေဟု ပြောရင်း သေဆုံးသွားပုံတို့ကို ဒါရိုက်တာခင်မောင်ဦး၊ စိုးသိန်းထွဋ်တို့က **ဝင့်ကြွေး**ဟု အမည်ပေးရိုက်ကူးတင်ဆက်ထားသည်။ **(အပေါ်ပုံ)**

ဖေဖော်ဝါရီ ၁ ရက်တွင် သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ သိမ်ကြီးဈေး၊ TOP ROYAL၊ ဝင်းလိုက်နှင့် မြို့မရုံတို့တွင် ရုံတင်ပြသမည့် **ဝင့်ကြွေး**ဇာတ်ကားတွင် ခန့်စည်သူ(စရိုက်နှစ်မျိုး)၊ ကျော်ဇောဟိန်း၊ ထူးခန့်ကျော်၊ ထွန်းအိန္ဒြာဗို၊ သက်မွန်မြင့် (စရိုက်နှစ်မျိုး)၊ ခိုင်နှင်းဝေ၊ ထွန်းထွန်းဝင်းနှင့် အောင်ခိုင်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

နေပြည်တော်ရုံတွင် HANSEL AND GRETEL WITCH HUNTERS (3D) ဇာတ်ကား၊ မင်္ဂလာ(၂) ဒဂုံစင်တာ(၂) မြေနီကုန်းတွင် 3AM (3D)၊ ရွှေ့ဆောင်ရုံတွင် KHILADI 786 ဇာတ်ကားတို့ ရုံတင်ပြသမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။ **ကောင်းဆက်**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
လစာနှုန်း(၅၉၀၀၀ိ-၁၀၀၀ိ-၆၄၀၀၀ိ) ရာထူးနေရာအတွက် ပဏာမရွေးချယ်ထားသူများစာရင်းကြေညာခြင်း

ပါရဂူဘွဲ့၊ မ-၁၊ မ-၂၊ မ-၃

LL.B.,LL.M, နပတ-၃၃၂၊ ဝထ-သ-မ-၁၅၊ နပတ မ-၃၂၄၊ နပတ မ-၃၂၅၊ နပတ မ-၃၂၂၊ နပတ ကျား-၄၉၊ ကချင် မ-၂၊ ရန်ကုန် မ-၁၇၉၊ တနင်္သာရီ မ-၂၊ ရန်ကုန် မ-၁၉၊ တနင်္သာရီ ကျား-၆၊ နပတ ကျား-၄၊ နပတ မ-၃၂၉၊ နပတ ကျား-၂၊ နပတ မ-၁၁၆၊ နပတ မ-၃၂၃၊ စစ်ကိုင်း မ-၁၀၉၊ နပတ- မ-၃၁၅၊ ရန်ကုန် မ-၄၅၊ နပတ- မ-၃၁၆၊ စစ်ကိုင်း မ-၄၅၊ နပတ မ-၃၁၈၊ နပတ မ-၃၁၉၊ နပတ မ-၁၉၊ နပတ ကျား-၁၃၊

B.E (Mechanical), နပတ မ-၂၀၊ နပတ ကျား-၁၊ နပတ မ-၁၁၊ မန္တလေး မ-၁၉၊ နပတ-နဆတ-ကျား-၁

B.E (Electronics), ပဲခူး မ-၅၊ ဧရာဝတီ မ-၂၊ နပတ မ-၁၀၊ နပတ မ-၂၂

M.Sc,B.Sc (Chemistry), နပတ မ-၂၀၉၊ နပတ ကျား-၄၆၊ နပတ မ-၂၁၀၊ မကွေး မ-၂၈၊ နပတ-နဆတ-မ-၁၆၀၊ ရန်ကုန် မ-၃

M.Sc, B.Sc(Zool), ဝထ-သ-မ-၂၊ ဝထ-သ-မ-၃၊ ဝထ-သ-မ-၄၊ နပတ-နဆတ-မ-၃၁၊ ဝထ-ဒ-မ-၂၆၊ နပတ-နဆတ-မ-၉၈၊ ရန်ကုန် မ-၁၀၂၊ နပတ မ-၅၄၊ နပတ-နဆတ မ-၁၈၊ နပတ-နဆတမ-၂၀၂၊ ရှမ်း မ-၁၅၊ နပတ မ-၈၉၊ ဧရာဝတီ မ-၁၆၊ ရခိုင် ကျား-၁၅၊ ရခိုင် ကျား-၁၆၊ နပတ မ-၁၀၇၊ ဧရာဝတီမ-၃၅၊ နပတ မ-၈၆၊ ရန်ကုန် မ-၁၀၉၊ ဧရာဝတီ မ-၈၊ ဝထ-သ-၂၃၊ ဧရာဝတီ မ-၂၄၊ မကွေး မ-၃၁၊ နပတ ကျား-၃၇၊ နပတ မ-၁၀၈၊ မကွေး မ-၈၃၊ ကချင် မ-၇

Food Tech, ရန်ကုန် မ-၁၀၊ နပတ-မ-၂၁၆

B.Com, နပတ ကျား-၃၊ ရန်ကုန် မ-၇၊ နပတ မ-၄၁၊ မကွေး မ-၃၊ နပတ ကျား-၂၊ နပတ မ-၅၊ နပတ မ-၆၊ နပတ မ-၈၊ နပတ- မ- ၃၇၊ နပတ မ-၃၉၊ နပတ-နဆတကျား-၁၊ နပတ-နဆတ ကျား-၂၊ ကယား မ-၃၆၊ နပတ- နဆတ မ-၂၇၊ ရန်ကုန် မ-၁၀၊ ရန်ကုန် မ-၁၇၊ ရန်ကုန် မ-၁၈၊ ဝထ-သ-မ-၁၃၂၊

B.Sc (Microbiology), ဧရာဝတီ ကျား-၂၊ နပတ မ-၁၊ နပတ-နဆတ-ကျား-၄၊ ရှမ်း မ-၃၊ နပတ မ-၆

B.Sc (Biotech), စစ်ကိုင်း မ-၁၊ ဝထ-သ-မ-၂၄

B.B.Sc, နပတ မ-၃၁၊ နပတ ကျား-၂၊ နပတ မ-၃၉၊ နပတ-နဆတ-မ-၁

B.C.Sc, နပတ-နဆတ မ-၄၊ နပတ မ-၁၀၉၊ နပတ မ-၄၊ နပတ မ-၅၊ မန္တလေး မ-၅၊ ရခိုင် ကျား-၂၊ နပတ ကျား-၁၊ ကရင် မ-၁၊ ချင်း မ-၁၊ ရှမ်း မ-၅၊ ဧရာဝတီ မ-၁၊ ကချင် မ-၁၊ ကယား ကျား-၁၊ ကယား မ-၁၊ နပတ-နဆတ မ-၁

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါ

ဗလသိဒ္ဓိရပ်ကွက်၊ တိုက်နံပါတ် ၂၃၇၉၊ အခန်း ၂၁၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်နေ ဦးဇော်ဇော်(ဘ) ဦးမြင့်သိန်း [၁၄/ပသန (နိုင်) ၁၇၇၂၈၁] ကိုင်ဆောင်သူသည် ၁-၇-၂၀၁၂ ရက်မှစ၍ ကျွန်မနှင့်သားနှင့်သမီးအား စွန့်ပစ်၍ထွက်သွားပြီး ပေးကမ်းထောက်ပံ့မှုလည်း လုံးဝ (လုံးဝ)မရှိပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း။

ဒေါ်ဝင့်ဝင့်မျိုး(ဘ)ဦးသန်းအောင်
[၁၄/မမန(နိုင်)၀၀၃၈၃၈]

ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်၊ ဟိုတယ်ဇုန်(၄)တွင် မြေကွက်ရရှိထားသူများ သိရှိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်၊ ဟိုတယ်ဇုန်(၄)တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် စည်းကမ်းချက်များသတ်မှတ်၍ မြေကွက်များကို ချထားခွင့်ပြုခဲ့ပါသည်။ မြေကွက်ရရှိသူများသည် ၂၀၁၃ခုနှစ်၊ မတ်လ(၃၁)ရက်နေ့နောက်ဆုံးထား၍ ဤရုံးသို့ ကိုယ်တိုင်လာရောက်ဆက်သွယ်ကြပါရန်နှင့် သတ်မှတ်ရက်အတိုင်း လာရောက်ဆက်သွယ်မှုမရှိပါက သက်ဆိုင်ရာမြေကွက်အား ဥပဒေနှင့်အညီပယ်ဖျက်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြေကွက် ရရှိထားသူများ သိရှိစေရန်ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်ဦးခရိုင်

SUN FAR TRAVELS & TOURS CO., LTD. . . . satisfying your travel needs
၂၀၁၃ သင်္ကြန်ခရီးစဉ်များ ....

U.S.A 06 April - 23 April	Europe 09 April - 22 April	Japan 11 April - 19 April	Korea 11 April - 17 April	China 13 April - 19 April	Singapore-Malaysia 13 April - 20 April	Bangkok-Pattaya 13 April - 18 April
• New York • Niagara Fall • Washington D.C • Las Vegas • San Francisco • Los Angeles	• England • France • Switzerland • Italy	• Osaka • Kyoto • Hakone • Kamakura • Tokyo • Yokohama	• Soul • Jeju	• Hong Kong • Macau • Guangzhou • Zhuhai • Shenzhen	• Singapore • Kuala Lumpur	• Bangkok • Pattaya

*25 February မတိုင်ခင် လာရောက်စာရင်းပေးသွင်းပါက Discount ရှိပါသည်။

Head Office (Tour Department)
No.27, 5th Floor, 38th Street, Kyauktada Township, Yangon.
380 211, 250 866, 376 671, 09 4210 18222

Branch Office
Unit #03-08, 3rd Floor, Sakura Tower, No.339, Bogyoke Aung San Road, Kyauktada Township, Yangon.
09 7303 8877, 255 883, 255 338

Branch Office
No.61, New University Avenue, Bahan Township, Yangon.
09 7303 8866, 555 771



ပရီမီယာလိဂ် ရင်ခုန်သံ – ၂၅

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပွဲစဉ် ၂၅ ကို လာမယ့်ဖေဖော်ဝါရီ ၂၊ ၃ ရက်တွေမှာ ကျင်းပသွားဖို့ ရှိပါတယ်။ အဆိုပါ ပွဲစဉ်အထဲမှာ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်ယူစတဲ့ အသင်းတွေပါဝင်နေတဲ့ ဖေဖော်ဝါရီ ၂ ရက်နေ့ပွဲတွေကို ပရိသတ် ကြိုတင်လေ့လာသုံးသပ်နိုင်ဖို့အတွက် ကြိုတင်သုံးသပ်တင်ပြလိုက်ရပါတယ်။

ကျူပီအာ Vs နော့ဝှစ်ချ် ည ၇း၁၅ (၂-၂-၁၃)

ပထမအကျော့ရလဒ်

(၂၅-၈-၁၂) နော့ဝှစ်ချ် ၁ - ၁ ကျူပီအာ

အက်ဖ်အေဖလားကပါ ထွက်ခဲ့ရပြီဖြစ်တဲ့ ကျူပီအာဟာ ပရီမီယာလိဂ်မှာ တန်းမဆင်းရရေးအတွက်သာ အာရုံစူးစိုက်မှုအပြည့်နဲ့ ရုန်းသွားရဖို့ရှိပါတယ်။ အထူးသဖြင့် နော့ဝှစ်ချ်ရဲ့ လက်ရှိခြေက တည်ငြိမ်မှုအားနည်းလို့ ကျူပီအာသာ အိမ်ကွင်းအားနဲ့ ဖိအားပေးလာမယ်ဆိုရင် နော့ဝှစ်ချ်တို့ ပိုမိုရုန်းကန်ရနိုင်ပါတယ်။

အာဆင်နယ် Vs စတုတ် ည ၉း၃၀ (၂-၂-၁၃)

ပထမအကျော့ရလဒ်

(၂၆-၈-၁၂) စတုတ် ၀ - ၀ အာဆင်နယ်

စတုတ်က ကစားပုံမာကျောတာ မှန်ပါတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းက ပုံမှန်ဂိုးသွင်းခြေမရှိဘူး။ အာဆင်နယ်က အခုနောက်ပိုင်းမှာ ဂီရောက်ဒ် ဂိုးသွင်းခြေရလာသလို ဝေါလ်ကော့ကလည်း ခြေစွမ်းပြသနေနိုင်တာကြောင့် တိုက်စစ်က အဆုံးသတ်ပိုင်း အားကောင်းနေတယ်။ ဒါ့အပြင် အာဆင်နယ်က အမှတ်လိုအပ်နေတာဆိုတော့ အာဆင်နယ် ခြေကုန်ထုတ်ကစားနိုင်တယ်။

အဲဗာတန် Vs ဗီလာ ည ၉း၃၀ (၂-၂-၁၃)

ပထမအကျော့ရလဒ်

(၂၅-၈-၁၂) ဗီလာ ၁ - ၃ အဲဗာတန်

ဗီလာခြေက အားပျော့လွန်းတယ်။ ဒါပေမယ့် အခုအချိန်မှာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲကရော အက်ဖ်အေဖလားပြိုင်ပွဲမှာပါ ထွက်ခဲ့ရပြီဆိုတော့ ပရီမီယာလိဂ်ပြိုင်ပွဲတစ်ခုတည်းမှာ တန်းမဆင်းရဖို့ အာရုံစိုက်လာမှာကို မေ့လို့မဖြစ်ဘူး။ အဲဗာတန်ကလည်း အိမ်ကွင်းကောင်းပေမယ့် အခုနောက်ပိုင်း ဂိုးသွင်းခြေကမငြိမ်တော့ ဗီလာကို ခက်ခက်ခဲခဲကစားရနိုင်တယ်။

နယူးကာဆယ် Vs ချယ်လ်ဆီး ည ၉း၃၀ (၂-၂-၁၃)

ပထမအကျော့ရလဒ်

(၂၅-၈-၁၂) ချယ်လ်ဆီး ၂ - ၀ နယူးကာဆယ်

အပြောင်းအလဲတွေ ပြုလုပ်ထားတဲ့ နယူးကာဆယ်ရဲ့ ခြေစွမ်းက အနည်းငယ်တော့ ခန့်မှန်းရခက်တယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တယ်။ တန်းမဆင်းရဖို့ အမှတ်လိုတယ်။ ချယ်လ်ဆီးရဲ့ ခြေကကျတော့ တစ်ပွဲနဲ့တစ်ပွဲ မငြိမ်ဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးတစ်ဂိုးရဖို့ ခက်ခက်ခဲခဲ ရုန်းနေရတုန်းပဲ။ ဒီတော့ ချယ်လ်ဆီးနိုင်မယ်ဆိုရင်တောင် ဂိုးကွာဟချက်နိမ့်နိုင်တယ်။

ရီးဒင်း Vs ဆန်းဒါးလန်း ည ၉း၃၀ (၂-၂-၁၃)

ပထမအကျော့ရလဒ်

(၁၂-၁၂-၁၂) ဆန်းဒါးလန်း ၃ - ၀ ရီးဒင်း

တန်းမဆင်းရဖို့ ရုန်းနေတဲ့ ရီးဒင်းရဲ့ ကစားအားက ငြိမ်တယ်။ နောက်ဆုံး လေးပွဲမှာ သုံးပွဲအနိုင်။ အဓိကကတော့ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းလာနိုင်မှုပဲ။ ဒါ့အပြင် အိမ်ကွင်းမှာဆိုရင်လည်း ကစားအားပိုကောင်းတတ်တဲ့အခါ ဆန်းဒါးလန်းတို့ ဖိအားပေးနိုင်ဖို့ ခက်တဲ့အခြေအနေမှာ မရှိဘူး။ ဆန်းဒါးလန်း အမှတ်လိုနေတာတယ်။

ဝက်စ်ဟမ်း Vs ဆွမ်ဆီး ည ၉း၃၀ (၂-၂-၁၃)

ပထမအကျော့ရလဒ်

(၂၅-၈-၁၂) ဆွမ်ဆီး ၃ - ၀ ဝက်စ်ဟမ်း

ဆွမ်ဆီးရဲ့ကစားအားက တည်ငြိမ်မှုရှိတယ်လို့ ဆိုနိုင်တယ်။ နောက်ဆုံးငါးပွဲမှာ အရှုံးမရှိခဲ့ဘူး။ သုံးပွဲသရေနဲ့ နှစ်ပွဲနိုင်တယ်။ ဒါပေမယ့် ဝက်စ်ဟမ်းကလည်း တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်တဲ့အတွက် ဆွမ်ဆီးကို လွယ်လွယ်နဲ့တော့ အသာမရနိုင်ဘူး။ အထူးသဖြင့် ဆွမ်ဆီးရဲ့ တိုက်စစ်ပိုင်းက အဓိကတိုက်စစ်မှူး မီချူ ဂိုးသွင်းအားအနည်းငယ်ကျလာမှုနဲ့အတူ စွမ်းဆောင်ရည်ကျဆင်းလာနေတယ်။ ဒါကြောင့် ဆွမ်ဆီးအိမ်ကွင်းမှာ အနိမ့်ဆုံးသရေရရှိအောင် ဝက်စ်ဟမ်း ကစားရနိုင်တယ်။

ဝီဂန် Vs ဆောက်သမ်တန် ည ၉း၃၀ (၂-၂-၁၃)

ပထမအကျော့ရလဒ်

(၂၅-၂-၁၂) ဆောက်သမ်တန် ၀ - ၂ ဝီဂန်

ဝီဂန်က တန်းမဆင်းရဖို့ အိမ်ကွင်းမှာ ရုန်းကန်လာမှာသေချာတယ်။ ဒါပေမယ့် ခြေက နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲနိုင်တယ်။ ဆောက်သမ်တန်ကလည်း တန်းမဆင်းရဖို့ ရုန်းနေတာဖြစ်သလို ခြေက ဝီဂန်ထက်ပိုကောင်းပြီး ကစားခဲ့တဲ့ နောက်ဆုံးငါးပွဲမှာ အရှုံးလုံးဝမရှိခဲ့ဘူး။ ဒါကြောင့်လည်း နှစ်သင်းစလုံးတန်းမဆင်းရဖို့ ရုန်းကြမယ့် ပွဲလည်းဖြစ်တယ်။

ဖူလ်ဟမ် Vs မန်ယူ နံနက် ၀၀း၀၁ (၃-၂-၁၃)

ပထမအကျော့ရလဒ်

(၂၅-၈-၁၂) မန်ယူ ၃ - ၂ ဖူလ်ဟမ်

ပြီးခဲ့တဲ့ အက်ဖ်အေဖလား စတုတ္ထအဆင့်မှာတင် ဒီနှစ်သင်းတွေ့ဆုံခဲ့ရာမှာ မန်ယူက ၄-၁ ဂိုးနဲ့ အနိုင်ရခဲ့ပြီးပြီ။ အဲဒီပွဲက မန်ယူကွင်း၊ အခုကွင်းက ဖူလ်ဟမ်ကွင်းဆိုပေမယ့် ခြေကကွာတယ်။ အထူးသဖြင့် ဖူလ်ဟမ်ခံစစ်ကြောင်းမှာ မန်ယူတိုက်စစ်ကို ထိန်းနိုင်လောက်တဲ့ စွမ်းဆောင်နိုင်မှုမျိုး မရှိဘူး။ အက်ဖ်အေဖလားမှာ မပါခဲ့တဲ့ ဗန်ပါစီပါလာရင် မန်ယူထိုးစစ်အား ပိုကောင်းလာနိုင်လို့ မန်ယူပိုကောင်းလာနိုင်တယ်။

(ဆက်လက်ဖော်ပြပါမည်)

ရီးယဲလ်နှင့် ဘာစီလိုနာ သရေပွဲဖြစ်ခဲ့ရသည့် ကိုပါဒယ်ရေးဆီမီးဖိုင်နယ် ပထမအကျော့

စပိန်ဘောလုံးလောကကို အလွှမ်းမိုးနိုင်ဆုံးထိပ်တန်းအဆင့်ရှိ အသင်းကြီးနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပထမအကျော့မှာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ဆောင်ကြဉ်းကာ ပြိုင်ပွဲကို အဆုံးသတ်ခဲ့သည်။

ယင်းပွဲစဉ်တွင် လူစုံပါဝင်ကစားနိုင်သည့် ဧည့်သည်ဘာစီလိုနာအသင်းနှင့် ဒဏ်ရာရကစားသမားနှင့် ပွဲပယ်ကစားသမားပြဿနာကြုံတွေ့နေရသည့် ရီးယဲလ်မက်ဒရစ်တို့၏ ခြေစွမ်းမှာ တစ်ဖက်နှင့်တစ်ဖက် အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ကြသည်။ ရီးယဲလ်မက်ဒရစ်အသင်းမှာ ဆာဂျီယိုရာမို့စ်၊ ကိုအန်ထရာအိုး၊ ဒီမာရီယာတို့ ပွဲပယ်ပြစ်ဒဏ်ကြောင့် မပါဝင်နိုင်ခဲ့သည့်အပြင် ဝါရင့်ဂိုးသမား ကာစီးယက်စ်မှာလည်း ဒဏ်ရာပြဿနာကြောင့် ယင်းပွဲစဉ်နှင့် လွဲခဲ့ရသော်လည်း စီရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ ခီဒီရာ၊ အိုဇေးလ်၊ အလွန်ဆို၊ အာဘီလိုဝါ၊ ဗာရာနီ စသည့် ကစားသမားများကို ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ကစားစေခဲ့သည်။

ဘာစီလိုနာနည်းပြ ဗီလာနိုဗာသည် မက်ဆီ၊ ပက်ဒရို၊ ဘတ်စကွက်၊ ဇာဗီ၊ အင်နီယေစတာ၊ ဖာဘရီဂတ်စ်၊ ဂျော်ဒီအယ်လ်ဘာ၊ ပီကေး၊ ပူယိုးလ် စသည့် ကစားသမားများကို ၄-၃-၃ ပုံစံဖြင့် ပွဲထွက်ကစားစေခဲ့သော ဘာစီလိုနာအသင်းသည် ပွဲကစားချိန် မိနစ် ၅၀ တွင် ဖာဘရီဂတ်စ်၏သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး အိမ်ရှင်ရီးယဲလ်မက်ဒရစ်အသင်းကို ပွဲကစားချိန် မိနစ် ၈၀ အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ၈၅ မိနစ်တွင် ရီးယဲလ်မက်ဒရစ် နောက်တန်းကစားသမား ဗာရာနီ၏ သွင်းဂိုးဖြင့် ချေပဂိုးပြန်လည်ရယူနိုင်ခဲ့ပြီး မိနစ် ၉၀ ပြည့်ချိန်တွင် သရေတစ်မှတ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့၏ ဖေဖော်ဝါရီ ၂၇ ရက်တွင် ကစားမည့် ကိုပါဒယ်ရေး ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် နူးကမ့်၌ ဘာစီလိုနာနိုင်ပွဲရမလား သို့မဟုတ် အဝေးကွင်းမှာ ရီးယဲလ်မက်ဒရစ်အနိုင်ဖြင့် အိမ်ပြန်မလားဆိုတာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

နိုင်လင်းကြည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင်တည်ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင်တည်ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်နေ့မှစ၍ ၇-၂-၂၀၁၃ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်းနံပါတ်-၀၆၇-၄၀၄၁၈၁ နှင့် ၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မေထုန်မဲ့သားစပ်လုပ်ငန်းတွင်အသုံးပြုရန် အောက်ဖော်ပြပါ ပစ္စည်း(၂)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ဈေးနှုန်း အဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) နိုက်ထရိုဂျင်အရည်ထည့်သည့်အိုး (၃. ၅လီတာ) - (၂၀) ခု
(ခ) နိုက်ထရိုဂျင်အရည်ထည့်သည့်အိုး (၃၀လီတာ) - (၃၀) ခု

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၀၈၂၁၉၊ ၀၉ ၄၃၀၃၆၆၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ဘိုနိုဝင်းနှင့်ရောင်းရင်းများ

ကျိုက်ထီးရိုး - ချောင်းသာ(နေ့စဉ်) ▲ ဧရာဝတီ(ပါနေဂိုးနေ့)
▲ ပုဂံ(ရွှေစည်းခုံ...)၊ ပုပ္ပါး၊ ပခုက္ကူ ခရီးစဉ်
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထန်းဆမ်းစု ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ဘုရားစုံဖူး ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ ခရီးစဉ်
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ ဇာတ်ဆုံ၊ ...တောင် ခရီးစဉ်
▲ အလောင်းတော်ကဿပ ခရီးစဉ်
မန်းရွှေစက်တော်ဘုရားပွဲသို့ (၁၃/၁၄-၂-၂၀၁၃)နေ့ထွက်မည်။
249871, 255553, 389811, 09-5137245

POST
ဝင်ခွင့်သင်တန်းများ ၂ . ၂ . ၂၀၁၃ စမည်
နိုင်ငံခြားရေး
ထွေအုပ်စီမံ (၁) PGDMA
စာမေးပွဲအနီးကပ် သင်တန်းကြေး - ၂၅၀၀၀
ဒေါ်မြဆိပ်ကမ်းသာလမ်းမနှင့်ဆိုင်တန်းမှတ်တိုင်ဆင်း ၀၉ ၄၂၀ ၁၂၉၃၃

တိုင်းဒေသကြီးနှင့်ပြည်နယ်သူ၊ ပြည်နယ်သားများသို့
မြန်မာပြည်ထောင်စုဝါဒ
မြန်မာ့နိုင်ငံရေး၏နောက်ဆုံးအဖြေ
ဆလိုင်းမာန်
ဖြန့်ချိရေး-ရသစာအုပ်တိုက်
ဖုန်းနံပါတ်-၀၉၅၄၀၉၃၂၂၊ ၀၉၄၂၁၀၆၇၂၃၃

NIEC SUMMER 2013
နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင်ကြားလိုသောကျောင်းသားများအတွက်. .
Special Classes Available
- Pre-School
- Primary
- Secondary
- IGCSE
- English Language

- Computer
- Art
- Chinese

Get Free Polo-Shirt & 5 to 10 % Discount till 20 Feb

No.27,Dhamayon Street,Kanbe`,Yankin Tsp,Yangon.Ph: 01 8550 727 ,8550 728

ပြင်ဆင် ဖတ်ရှုပါရန်	၃၁-၁-၂၀၁၃ ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)ပါ မွေးနေ့ဆုတောင်းကြော်ငြာတွင် မောင်စိုးလပြည့်လတ်အစား မောင်စိုင်းလပြည့်လတ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ လက်ပံလမ်း၊ အမှတ်(၁)၊ ငါးလွှာ(ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော အကျယ်(18'x45')ရှိတိုက်ခန်းနှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်နေသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းမြင့်[၁၂/လမန(နိုင်)၁၂၆၆၂၄]ထံမှ ကျွန်မ မဝေဝေလွင်[၁၃/တကန(ဧည့်)၀၀၁၉၈၆]မှ တန်ဖိုးငွေတစ်စုံတစ်ရာသတ်မှတ်၍ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုခြင်းတစ်စုံတစ်ရာရှိပါက မည်သူမဆို ယနေ့မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်း၊ အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက ၎င်းတိုက်ခန်းအား အရောင်းအဝယ်ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဝေဝေလွင်
ဖုန်း-၀၉-၅၂၁၄၈၈၇၊ ၀၉-၅၃၄၂၇၁၀

လူစည်ကားရာနေရာများတွင် ဆိုင်ကယ်ခိုးယူတိမ်းရှောင်သွားသည့် တရားခံနှစ်ဦးအား သက်သေခံဆိုင်ကယ် ၁၀ စီးနှင့်အတူ ဖမ်းမိ

မော်လမြိုင် ဇန်နဝါရီ ၃၁

မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရေးမြို့နယ်ရှိ လူစည်ကားရာ နေရာများတွင် မော်တော်ဆိုင်ကယ်များ ခိုးယူရောင်းချသူ နှစ်ဦးတို့ကို ဇန်နဝါရီ ၂၈ ရက်က မွန်ပြည်နယ် မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(အထူး) မှုခင်း နှိမ်နင်းရေးဌာနမှ ရဲအုပ် ခိုင်သန်း၊ မြို့မရဲစခန်းမှူး ရဲအုပ် ဆန်းဝင်း၊ ဒုတိယရဲအုပ် နိုင်နိုင်ဝင်း၊ အရာခံ နေထွန်း၊ ရဲတပ်ကြပ်ကြီးတင်လင်းထွန်း တို့အဖွဲ့က သက်သေခံ ဆိုင်ကယ်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

နယ်လှည့် ဆိုင်ကယ်ခိုးရောင်းသူတို့မှာ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် (၅၄)ရပ်ကွက် ဇဋ္ဌိကလမ်း အမှတ်(၁၀၅)နေ နေလင်းထက် (၂၇) နှစ်နှင့် ခိုးရာပါမော်တော်ဆိုင်ကယ်များရောင်းချသူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ ဈေးတန်းပိုင်းနေ ကျော်မင်းနိုင်(ခ) တရုတ်ကြီးတို့ဖြစ်သည်။

၎င်းတို့၏ ထွက်ဆိုချက်အရ ရေးမြို့နယ် လူစည်ကားရာနေရာဖြစ်သော ဘောလုံးကွင်း၊ ဘုတာပိုင်း၊ ရွှေဆံတော်ဘုရားအနီး၊ ဆေးရုံကြီးဘေး၊ အစင် ကျေးရွာဈေးအနီးနှင့် ရွှေတောင်ကြား လက်ဖက်ရည်ဆိုင်တို့တွင် ရပ်ထားသော မော်တော်ဆိုင်ကယ် ရှစ်စီးတို့ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း ခိုးယူခဲ့ခြင်းနှင့် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အဲရိုးမြန်မာ တိုက်ခန်း (၃)လွှာတွင် ထားရှိသော ဆိုင်ကယ်တစ်စီးနှင့် လူစည်ကားရာ နေရာတွင် ရပ်နားထားသည့် ဆိုင်ကယ် တစ်စီးကို ခိုးယူခဲ့ရာ သက်ဆိုင်ရာမှ စစ်ဆေးပြီး သက်သေခံ မော်တော်ဆိုင်ကယ် ၁၀ စီးကို ပြန်လည် သိမ်းဆည်းရမိသည်။**(အပေါ်ပုံ)**

အမှုကို မြို့မရဲစခန်းမှ (ပ)၂၀၂/၁၂၊ ပြစ်မှုပုဒ်မ-၃၈၀အရ အမှုဖွင့် အရေးယူထားပြီး ကျန်အမှုကို ရေးမြို့နယ်သို့ လွှဲပြောင်းပေးမည်ဖြစ်သည်။

(၃၀၇)

တရားမဝင်အေးခဲ အမဲသားများ သိမ်းဆည်းရမိ

နတ္တလင်း ဇန်နဝါရီ ၃၁

ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့နယ်တွင် ဇန်နဝါရီ ၂၄ ရက် နံနက် ၅ နာရီက ခြောက်ဘီးကုန်တင်ယာဉ်ဖြင့် တရားမဝင်တင်ဆောင်လာသော အေးခဲအမဲသား ကုန်ချိန် ပိဿာ ၁၀၀၀ ခန့် ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နတ္တလင်းမြို့နယ် တံခွန်တိုင်ကျေးရွာ ရန်ကုန်-ပြည်ကားလမ်းပေါ်တွင် နတ္တလင်းရဲစခန်းမှ ဒုရဲအုပ်ရဲလွင် ဦးစီးသောအဖွဲ့သည် အသိသက်သေများနှင့်အတူ ပြည်ဘက်မှရန်ကုန်ဘက်သို့ ဝဏ္ဏထွန်း(၂၈)နှစ် သာယာကုန်းကျေးရွာ အောင်လံမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၁င/-----ကန်ဒါ (အဖြူရောင်) ခြောက်ဘီးယာဉ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးခဲ့ရာမှ အေးခဲအမဲသားများ တွေ့ရှိရခြင်းဖြစ်သည်။

(၅၇၈)

အချိန်အခါမဲ့မိုးနှင့်အတူ လေပြင်းတိုက်ခတ်

ကြံခင်း ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် ရုတ်တရက် မိုးရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ လဲပြိုကျိုးကျပြီး နေအိမ်အချို့ ပြိုကျကာ အချို့ပျက်စီးဆုံးရှုံးမှုများဖြစ် ပေါ်ခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အချိန်အခါမဲ့ မိုးရွာသွန်းမှုနှင့်အတူ ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ကြံခင်းမြို့ ရွာသစ်ရပ်ကွက်ရှိ မြို့နယ်ကုန်စည်ပို့ဆောင်ရေး ယာဉ်ကြီးကြပ်ရေးအဖွဲ့ရုံးမှ သွပ်မိုးများ လွင့်ကျ ပျက်စီးပြီး အနီးရှိ ကုက္ကိုကိုင်း ကျိုးကျမှုကြောင့် အဝေးပြေးယာဉ်ဂိတ်ရှိ အဆောက်အအုံအချို့ ပျက်စီးသွားသည်။ ၎င်းအပြင် ရွှေတောင်စုရပ်ကွက်၊ ဧရာနိုင်ကွက်သစ်နှင့် ကျောက်ပုံကွက်သစ်တို့တွင် သစ်အိမ်နှင့် ဝါးအိမ် ၁၁ လုံး ပြိုကျပြီး အိမ် ၁၂ လုံးမှာ အမိုးနှင့်အကာများ လွင့်ကျပျက်စီးသွားကြောင်းနှင့် **(အပေါ်ပုံ)** လူအသေအပျောက် လုံးဝမရှိကြောင်း သိရသည်။

ဌေးမင်း(ကြံခင်း)

မဆင်မခြင်မောင်းနှင်မှုကြောင့် ၂၂ ဘီးယာဉ်ပက်လက်လန်

နေပြည်တော် ဇန်နဝါရီ ၃၁

ဇန်နဝါရီ ၂၉ ရက် ည ၁၁ နာရီခွဲခန့်က နေပြည်တော် ဥတ္တရသီရိမြို့နယ် ငါးလိုက်ရေလှောင်တမံ လမ်းခွဲ ပျဉ်းမနား-တောင်ညို လမ်းခွဲအသစ် ကွန်ကရစ်လမ်းဘေး မအူပင်ရွာရှေ့တွင် ဘိလပ်မြေအိတ်များတင်ဆောင်လာသော ၃င/--- ၂၂ ဘီးယာဉ် (G.A.C အဖြူရောင်ယာဉ်) သည် မဆင်မခြင်မောင်းနှင်မှုကြောင့် လမ်း၏ယာဘက်သို့ ထိုးကျတိမ်းမှောက်သွားပြီး တင်ဆောင်လာသော ဘိလပ်မြေ ၃၃ တန်၏ အလေးချိန်ကြောင့် ကားတိမ်းမှောက်သွားသည်မှာ ပက်လက်အနေအထား ဖြစ်သွားကြောင်း သိရသည်။ **သတင်း-ဓာတ်ပုံ (သူဇာလှိုင်-မန်းတက္ကသိုလ်)**

မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိအမြဲရှိ

MRS Computer & Network
အထူးဈေးရောင်းပွဲ
2 Feb 2013 / 9 am to 6 pm
မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများအတွက် အထူးလျှော့ဈေး
အသစ်စက်စက် PC Intel 2.5GHz, 2GB, 500GB 155,000 Ks
MRS Mobile Corner

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

သတိုးမင်း Travels & Tours
ကျိုက်ထီးရိုး
ချောင်းသာ (နေ့စဉ်)
ငွေဆောင်
Euro Brand Scania 2+1 VIP Seat Car
Include Services - 3 stars Hotel, Special Restaurant, Guide-Medical-Gift services

ရွှေကြေးစည်-ကျိုက်ထီးရိုး / ချောင်းသာ
ရွှေစက်တော်ပွင့်ပွဲ Feb 13, 14, 15
240860/372290 09-49282825

Asian Diary Travels & Tours
45000 , Mar 1/22/25
125000, Mar 23
Asian Diary
Ph : 0973069568 , 095120546, 092201196, 01-394711

သန်းငွေနှင့်ရောင်းရင်းများ
ကျိုက်ထီးရိုး-နေ့စဉ်
ချောင်းသာ - နေ့စဉ်
Feb-1/8/15/22, Mar-1/8/15/22
Ph : 241863, 380141, 09-43043109

EMERALD MYANMAR Travels & Tours
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော
ကျိုက်ထီးရိုး (အဆင့်မြင့်ဟိုတယ်နှင့်စရိတ်ငြိမ်း)
ချောင်းသာ၊ ငွေဆောင်၊ ငပလီ (နေ့စဉ်)
Ph: 09-49589762
09-49589764
09-421013999
09-421014999

လက်တွေ့အသုံးချ
အင်ကိုတမ်း ၂၀၁၀
Incoterms 2010
WISDOM HOUSE

မှုခင်း ရွှေထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ် (G/42) ယနေ့ထွက်ပြီ
Ph-01-397164, 297297

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ... အခန်း(၀၂)G.FL (R) ... ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ထွေး (LL.B,D.B.L,D.I.L)
အထက်တန်းရှေ့နေ

မန္တလေးကြော်ငြာနှင့်သတင်း

မန္တလေးမြို့ ကွက်သစ်မြေကွက်များတွင် အဆောက်အအုံများ ဆောက်လုပ်ရန်နှိုးဆော်

မန္တလေး ဇန်နဝါရီ ၃၁

မန္တလေးမြို့ ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ နေရာချထားပေးသော မြေကွက်များတွင် မတ် ၃၁ ရက် နောက်ဆုံးထား၍ ခြံစည်းရိုးကာရန်နှင့် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ အဆောက်အအုံများ ဆောက်လုပ်ရန် သတ်မှတ်ရက်အတွင်း ဆောင်ရွက်မှုမရှိပါက မြို့သာယာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း မန္တလေးမြို့စည်ပင်သာယာရေးကော်မတီမှ ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါကြေညာချက်တွင် မန္တလေးမြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ ချထားပေးသော မြေကွက်များတွင် ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်မှု မရှိခြင်းတို့ကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးစေပြီး အများအမြင်တွင် တင့်တယ်မှုမရှိခြင်း၊ ကျူးကျော်နေထိုင်သူများ ဝင်ရောက်နေထိုင်မှုကြောင့် အုပ်ချုပ်မှုဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ဖော်ပြထားသည်။

"မြို့ပြဖွံ့ဖြိုးတိုးတက်ဖို့အတွက် သက်ဆိုင်ရာပိုင်ရှင်တွေက အိမ်ရာတွေ၊ အဆောက်အအုံတွေ ဆောက်လုပ်ဖို့လိုအပ်တယ်ဆိုတာကို လက်ခံပါတယ်၊ ဒါပေမယ့် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းတွေ၊ လျှပ်စစ်မီးတွေ၊ သောက်သုံးရေတွေ ကောင်းမွန်စွာရနေရင်တော့ တစ်စုံတစ်ယောက်ရဲ့ တိုက်တွန်းချက်မလိုဘဲ စည်ကားလာမယ်လို့ ထင်ပါတယ်၊ ဒါတွေမရှိဘဲနဲ့တော့ အဆောက်အအုံသွားဆောက်ထားပြီးရင်လည်း နေလို့ရမယ်မထင်သေးပါဘူး၊ နောက်ပြီး အဆောက်အအုံဆောက်ဖို့ဆိုတာက သင့်တင့်တဲ့ ငွေကြေးရှိဖို့တော့ လိုပါသေးတယ်၊ လက်ထဲမှာ ငွေမရှိတော့ ပြန်လည်သိမ်းယူမှာကို ကြောက်ပြီး ငွေရှိတဲ့လူလက်ထဲ ထိုးရောင်းလိုက်ရင် ကျွန်တော်တို့အခြေအနေက လက်ရှိကနေလက်မဲ့ဘဝ ရောက်သွားမှာပေ့ါ၊ ကျွန်တော်တို့က ဝန်ထမ်းဘဝ ပင်စင်ယူတဲ့အချိန် ရမယ့်လုပ်သက်ဆုကြေးနဲ့ အိမ်ဆောက်မယ်လို့ ရည်ရွယ်ထားတာပါ၊ ဒီတော့ ဒီကိစ္စကိုလည်း တာဝန်ရှိသူတွေက ပြန်စဉ်းစားစေချင်ပါတယ်"ဟု မြို့သစ်တွင် မြေကွက်ပိုင်ဆိုင်ထားသူ ဝန်ထမ်းတစ်ဦးကပြောသည်။ **ရဲညွန့် (မန်း)**

အနေးယာဉ်ဆိုက်ကားများ လိုင်စင်အသစ်လဲလှယ်မှု လုပ်ငန်းများ နေ့ချင်းပြီးဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၃၁

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန အနေးယာဉ်ဌာနခွဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဆိုက်ကား၊ မြင်းလှည်း လိုင်စင်သစ် လဲလှယ်မှုလုပ်ငန်းအား ဇန်နဝါရီ ၇ ရက်မှ စ၍ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိသည်။ လိုင်စင်လဲလှယ်ရာတွင် အငှား/ကိုယ်ပိုင်ဆိုက်ကား တစ်စီး ငွေကျပ် ၃၀၀၀၊ အငှား/ကိုယ်ပိုင် မြင်းလှည်းတစ်စီး ငွေကျပ် ၃၅၀၀၊ သတ်မှတ်ရက် လိုင်စင်မဝင် နောက်ကျဒဏ်ကြေး ငွေကျပ် ၂၀၀၀၊ ယာဉ်ပိုင်ရှင် အမည်ပြောင်းခြင်း ငွေကျပ် ၁၅၀၀၊ နံပါတ်ပြားနှစ်ချပ် ငွေကျပ် ၆၀၀၊ လူလိုင်စင် ငွေကျပ် ၅၀၀၊ ဆိုက်ကား ကြွခိုင်မှုမရှိလျှင် ဒဏ်ကြေး ငွေကျပ် ၅၀၀ သတ်မှတ်ထားသည်။ မန္တလေးမြို့တွင် ဆိုက်ကားအစီး ၁၄၀၀၀၊ မြင်းလှည်းအစီး ၃၀၀ ခန့်ရှိပြီး ဆိုင်ကယ်စျေးများ ကျဆင်းလာပြီး ဆိုင်ကယ်ကယ်ရီလုပ်ငန်းများ ပေါ်များနေသဖြင့် ဆိုက်ကားစီးနင်းသူနည်းပါးကာ ကုန်ပို့ဆောင်ရန်သာ အသုံးများကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

မန္တလေး ဇန်နဝါရီ ၃၁

စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင် မှောင်ခိုတားဆီးရေး (Mobile Team) အဖွဲ့သည် စားသုံးသူအကာအကွယ်ပေးရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးတို့အတွက် တရားမဝင်ကုန်စည်စီးဆင်းမှု တားဆီးထိန်းချုပ်နိုင်ရေးနှင့် တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မူဆယ်-မန္တလေးနှင့် မြဝတီ-ရန်ကုန် လမ်းကြောင်းပေါ်တွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ပညာပေးကာလအဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အရေးယူ

မူဆယ်-မန္တလေး လမ်းကြောင်း၌ စားသုံးသူထိခိုက်စေသော ကုန်ပစ္စည်းများတားဆီး

တားဆီးဆောင်ရွက်လျက်ရှိသည်။

မူဆယ်-မန္တလေးလမ်းကြောင်းပေါ်တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်မှောင်ခိုတားဆီးရေးအဖွဲ့သည် ပညာပေးကာလတွင် ယာယီသိမ်းဆည်းထားသည့် ကုန်ပစ္စည်းများမှ တရားဝင်တင်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများအား ပို့ကုန်/သွင်းကုန်လိုင်စင် ၇၄ စောင် ပြုလုပ်ပေးခဲ့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၂၈၇၀၉၉ ဒသမ ၂၈၊ ယွမ် ၅၇၈၆၁၆၊ ကျပ် ၂၆၄၃၁၁၄၆ အား ဆောင်ရွက်ပေးခဲ့သည်။

စားသုံးသူထိခိုက်စေသော ကုန်ပစ္စည်းများ တားဆီးကြပ်မတ်ရာတွင် FDA ၏ ခွင့်ပြုချက်မရရှိဘဲ တင်သွင်းလာသော ကြက်သား၊ ဘဲသား၊ ကြက်အဆီဘူး၊ အသားတုံး၊ ကြက်အူချောင်းများအား ဖမ်းဆီးပြီးငါးကြိမ်မီးရှို့ခဲ့သည်။ ကျောက်စိမ်းနှင့် သတ္တုမှုန့်များ သယ်ဆောင်လာမှု တားဆီးဆောင်ရွက်ရာတွင် ကျောက်စိမ်း တန်ဖိုးကျပ် ၈၇၈၀၀၀၀၀၊ သတ္တုမှုန့် တန်ဖိုးကျပ် ၅၉၆၀၀၀၀၊ ဘီယာ တန်ဖိုးကျပ် ၇၀၈၃၀၀၀၊ သစ်ခွ တန်ဖိုးကျပ် ၂၄၂၇၀၀၀၊ သစ်မျိုးစုံ တန်ဖိုးကျပ် ၄၅၇၁၆၄၊ ချောသားရေ တန်ဖိုးကျပ် ၁၄၅၆၀၀၊ ငါးမန်းတောင်ပံတန်ဖိုး ကျပ် ၇၀၂၀၀၀၊ အမဲသားခြောက်၊ အေးခဲအမဲသား၊ ဝမ်းတွင်းသား တန်ဖိုးကျပ် ၅၃၁၃၁၅၀ တို့အား နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည်။

မူဆယ်-မန္တလေးလမ်းကြောင်းပေါ်ရှိ စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့သည် ဇန်နဝါရီ ၁ ရက်မှ ၁၇ ရက်ထိ အကောက်ခွန်ဦးစီးဌာနတွင် အမှုတွဲ ၁၇ ခု ခန့်မှန်း တန်ဖိုးကျပ် ၆၂၂၃၀၀၀၀၊ သစ်တောဌာနတွင် နှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၄၄၃၆၀နှင့် စည်ပင်သာယာရေးအဖွဲ့တွင် တစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၇၂၀၀၀၀ တို့အား အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ရှရီ သနန္တနဓမ္မ(စနာတန်)ဟိန္ဒူဘုရားရှိခိုးကျောင်း

ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ခင်ဗျား-

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်၊ ၂၇ လမ်း၊ ၇၉×၈၀ လမ်းကြားတွင် တည်ရှိသော သနန္တနဓမ္မဟိန္ဒူဘုရားကျောင်းသည် ဘက်စုံအကြီးစားပြုပြင်ပြီးစီးပြီး ဖြစ်ပါသည်။ ဘုရားကျောင်းကြီး ဖွင့်ပွဲ၊ သိဒ္ဓိတင်ပွဲ၊ ဘုရားအနေကဇာတင်ပွဲများကို ၈-၂-၂၀၁၃ ရက်မှ ၁၆-၂-၂၀၁၃ရက်အထိ (၉)ရက်တိုင်တိုင် နံနက် ၈နာရီမှ ည ၁၀နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် မြို့နယ်အသီးသီးမှ ဓမ္မမိတ်ဆွေများနှင့် မြို့မိမြို့ဖများ မိသားစုနှင့်တကွ ကြွရောက်ဖူးမြော် ကုသိုလ်ယူကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဌာပနာပိတ်ပွဲ - ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ဌာပနာပိတ်မည်ဖြစ်ပါ၍ အလှူရှင်များအနေဖြင့် ရွှေငွေရတနာများကို ဌာပနာပိတ်မည့်နေရာသို့ ကိုယ်တိုင်ကြွရောက် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ ဓမ္မမိတ်ဆွေများအနေဖြင့် အနည်းများမဆို အလှူငွေဖြစ်စေ၊ လှူဖွယ်ပစ္စည်းဖြစ်စေ ဘုရားကျောင်းဂေါပကအဖွဲ့ ရုံးခန်းသို့ လာရောက်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အနန္တနဓမ္မဟိန္ဒူဘုရားရှိခိုးကျောင်း ဂေါပကအဖွဲ့.
မန္တလေး
ဖုန်း-၀၂-၃၀၃၀၉

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကျောက်ရပ်ကွက်၊ ၅၄-လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားတွင် နေထိုင်သူ ဦးအောင်ကျော်ထွန်း (၁၂/သဃက(နိုင်)၀၀၀၀၆၈) A1 စားသောက်ကုန်လုပ်ငန်း၏ လွှဲအပ်ချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။



(၈၇၂/ ၂၀၁၂)

(၈၇၅/ ၂၀၁၂)

(၈၇၇/ ၂၀၁၂)

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ကျော်ထွန်းသည် အထက်ပုံတွဲပါကုန်အမှတ်တံဆိပ်များကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတော်၌ မှတ်ပုံတင်ထွင်းခဲ့ပြီး i JUICE အမှတ်တံဆိပ်နှင့် i Drink အမှတ်တံဆိပ်တို့ကို အသုံးပြုပြီး သဘာဝသစ်သီးများကို အခြေခံထုတ်လုပ်သည့် ဖျော်ရည်အမျိုးမျိုးတို့အပေါ်တွင် တပ်နှိပ်၍ လည်းကောင်း၊ i SNACKS အမှတ်တံဆိပ်ကို အသုံးပြုပြီး ဂျုံ ငါးနှင့် သဘာဝ သစ်သီးသစ်ဥသစ်နှံတို့ဖြင့် ထုတ်လုပ်သည့် စားသောက်ကုန် မုန့်အမျိုးမျိုးတို့အပေါ်တွင် တပ်နှိပ်၍လည်းကောင်း မြန်မာပြည်အဝန်းအနယ်နယ်အရပ်ရပ်သို့ တစ်ဦးတည်း မူပိုင်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။ ယခုအခါ ဈေးကွက်၏လိုအပ်ချက်ကို အခွင့်ကောင်းယူ၍ မသမာသူအချို့မှ အမှတ်တံဆိပ်တွင်ပါရှိသော " i "လိုဂိုကို ဆင်တူယိုးမှား ထင်ယောင်ထင်မှား တုပပြီး ထုတ်လုပ် ဖြန့်ဖြူး ရောင်းချနေကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်၏ အားလုံးတိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား ထင်ယောင်ထင်မှား တုပပြုလုပ်၍ ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ရန် သတိပေးအပ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ပြုလုပ်ဆောင်ရွက်ခြင်းများ တွေ့ရှိပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ	လွှဲအပ်ချက်အရ		
ဦးအောင်ကျော်ထွန်း	ဦးဆန်းအောင	ဦးဇော်သိန်းလွင်	ဦးအောင်သီဟ
၁၂/သဃက(နိုင်)၀၀၀၀၆၈	LL.B	B.Sc, H.G.P., LL.B	LL.B

၈၄-လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြား၊ အောင်မြေသာစံမြို့နယ်။
ဖုန်း ၀၉ - ၄၀၂၆၀၂၇၄၇၊ ၀၉-၆၈၀၉၀၉၀၉၊ ၀၉ - ၄၀၂၆၂၄၅၅၅

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဇ/၁၅၄၉၊ MAHAR LIGHT TRUCK (MH-001) ယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးလွင် မှတ်ပုံတင်အမှတ်[၇/ပခန(နိုင်)၂၀၃၈၁၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

သွေးသည် အသက်

ရွှေမန်းသိဒ္ဓိ

အဆင့်မြင့်ခရီးသွားလုပ်ငန်း

မန္တလေး ⇌ မူဆယ်

အဆင့်မြင့်ထိုင်ခုံ (၂+၁) များဖြင့် (၂၆.၁.၂၀၁၃)တွင် ပြေးဆွဲပေးပါမည့် အကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မူဆယ်ဖုန်း 082-52126 ထွက်ချိန် ညနေ ၄း၀၀ နာရီ

မန္တလေးဖုန်း 02-64573 ထွက်ချိန် ညနေ ၆း၀၀ နာရီ

ဝီဘာ (ရွှေလီဦးကိုဇော်ဆိုင်)
ဖုန်း ၀၉-၂၀၀၄၂၂၃

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ယ/၅၂၂၆၅၊ Honda,M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးသိန်းစိုး မှတ်ပုံတင်အမှတ်[၉/မနမ(နိုင်)၁၀၀၂၇၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်(၅၀၁)၊ ဦးပိုင်အမှတ်(၁၉-င)၊ စစ်ကိုင်း-မန္တလေးကားလမ်း၊ ဦးပွားဂုံးကျော်လမ်းတောင်ဘက် ဦးလှမောင်၊ ဒေါ်ခင်စန်း အမည်ပေါက် မြေကွက်အား ဦးမျိုးချစ်[၉/မရတ(နိုင်)၀၂၈၀၇၄]က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၅)၊ ဦးပိုင်အမှတ်(E)၊ ဧရိယာ(၂.၂၆)ဧကရှိမြေကွက်သည် Methodist Missionary Trist Assnအမည်ဖြင့် အမှုတွဲအမှတ်-၅၅၆/ ၄၅-၄၆အရ ၂၆-၉-၄၇ မှ ၂၅-၉-၇၇ ထိ နှစ်(၃၀) ရရှိထားသော ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်မှ ခဲစင်းပြဧရိယာ(၀.၀၅၉၀) ဧကအား မက်သဒစ်အသင်းတော် အထက်မြန်မာပြည်မှ ဒေါ်ပန်းဆီသို့ စာချုပ်အမှတ်-၂၉၉၁/၂၀၁၂ဖြင့် အပေးစာချုပ်ချုပ်ဆို၍ ပေးကမ်းခဲ့ပါသည်။ ၎င်းခဲစင်းပြဧရိယာအား ဒေါ်ပန်းဆီမှ ဂရန်သက်တမ်းတိုး၊ ဦးပိုင်ခွဲ/အမည်ပြောင်း၊ ဂရန်ပျောက်အမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအနိုင်ဒီဂရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မီးဘေးရှောင် မလောင်ခင်တား

အင်းလေးဒေသထွက် ကျူရိုးဖျာများအရောင်းသွက်

ညောင်ရွှေ ဇန်နဝါရီ ၃၁

အင်းလေးဒေသ စည်သာကျေးရွာမှ ထွက်ရှိသော ကျူရိုးဖြင့်ရက်လုပ်သည့် ဖျာများမှာ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

ယခုကာလတွင် ဈေးနေ့တိုင်း ဖျာကရက်လုပ်လာသမျှ ရောင်းအားကောင်းကြောင်း၊ ညောင်ရွှေဈေးကို အဓိကထားပြီး ဈေးနေ့တိုင်းလာရောက်ရောင်းချကြောင်း၊ အင်းလေးဒေသဝန်းကျင်ရှိ ဈေးများသို့လည်း တင်ပို့ရောင်းချကြောင်း၊ ဖျာကြီး (ငါးတောင်×လေးတောင်) တစ်ချပ်လျှင် ကျပ် ၂၅၀၀၊ ဖျာလတ် (လေးတောင်×သုံးတောင်) တစ်ချပ်လျှင် ကျပ် ၂၀၀၀၊ ဖျာငယ် (သုံးတောင်×နှစ်တောင်)တစ်ချပ်လျှင် ကျပ် ၁၅၀၀ ဖြင့်ရောင်းချကြောင်း၊ ဈေးနှုန်းချိုသာ၍ သပ်ရပ်ကောင်းမွန်သောကြောင့် ဝယ်ယူအသုံးပြုသူများပြားကြောင်း စည်သာကျေးရွာမှ ကိုယ်တိုင် ဖျာရက်လုပ်၍ လာရောက်ရောင်းချသူတစ်ဦးက ရှင်းပြသည်။

စည်သာကျေးရွာသည် တစ်ရွာလုံးနီးပါး ကျူဖျာရက်လုပ်သည့်လုပ်ငန်းကို မိရိုးဖလာအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် နှစ်ပေါင်းများစွာကတည်းက လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

(၆၇၃)

နေပြည်တော် မြို့မဈေးကားဂိတ်၌ နံပါတ်အနက်တက္ကစီနှင့် ဈေးလူခေါ်သူများ သောင်းကျန်း

နေပြည်တော် ဇန်နဝါရီ ၃၁

နေပြည်တော်မြို့မဈေးရှိ အဝေးပြေးကားဂိတ်၌ နံပါတ်အနက်တက္ကစီများ၊ ဆိုင်ကယ်ကယ်ရီ လူခေါ်သူများသည် ခရီးသည်များကို အလုအယက် လူခေါ်မှုများက အကျည်းတန်ရုပ်ဆိုးစေပြီး စိတ်အနှောင့်အယှက် ဖြစ်စေပါသည်။ ခရီးသည်တစ်ဦးက "စီးပွားရှာတာကို နားလည်ပေမယ့် ဒီလိုအတင်း လုယက်ခေါ်တာကတော့ စိတ်ပျက်မိတယ်၊ ကားပေါ်မှာ တွေးလာတဲ့ အလုပ်အကြောင်းတွေ ပျက်ကုန်ရော" ဟုပြောသည်။ ဒီလိုဖြစ်စဉ်များကို မပြုလုပ်ဘဲ သိက္ခာရှိစွာ စီးပွားရှာစေလိုကြောင်းနှင့် တာဝန်ရှိသူများက ထိန်းသိမ်းသင့်ပြီး နိုင်ငံ့ဂုဏ်မြှင့်တင်ကြရန် အသိပေးတင်ပြလိုက်ရပါသည်။

(ကျော်သူရ)

မမျှော်လင့်ဘဲ ကြုံတွေ့ရသည့် မြင်ကွင်းတစ်ခု

တစ်နေ့က နေ့လယ်ပိုင်းတွင် စစ်ကိုင်းမြို့မဈေးကြီးအနီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်အတွင်းတွင် သတင်းစာနှင့်ဂျာနယ်များကို ဝင်ရောက်ဖတ်ရှုနေခဲ့သည်။ ထိုအချိန်တွင် စာကြည့်တိုက်ခန်းမအတွင်းသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်တစ်စုရုတ်ရုတ်သဲသဲ ဝင်ရောက်လာကြသည်။ နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် ပြည်သူ့စာကြည့်တိုက်အတွင်းသို့ စာအုပ်စာပေများကို ကြည့်ရှုလေ့လာဖတ်ရှုကြရန် ဝင်ရောက်လာကြသည်ဟု ထင်မိသည်။ သူတို့နှင့်အတူ ခရီးသွားလမ်းညွှန်လည်း ပါမလာချေ။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စာကြည့်တိုက်အတွင်း ဝင်ရောက်လာကြခြင်းမှာ ကျွန်တော်ထင်မြင်ယူဆသလို စာဖတ်ချင်၊ စာအုပ်စာပေများကို လေ့လာချင်၍ မဟုတ်ချေ။ သူတို့၏အရေးပေါ်ကိစ္စကို ဖြေရှင်းလိုကြ၍ ဖြစ်သည်။ သူတို့ထဲမှတစ်ဦးက စာကြည့်တိုက်မှူးထံသို့ သန့်စင်ခန်းသွားချင်ကြောင်း ပြောပြအကူအညီတောင်းခံသည်။ ထိုအခါ စာကြည့်တိုက်မှူးနှင့် လက်ထောက်စာကြည့်တိုက်မှူးက ခေတ္တစောင့်ခိုင်းကာ သန့်စင်ခန်းသော့ကိုဖွင့်ပြီး သန့်စင်ရေများဆွဲဖြည့်ပေး၊ တစ်ရှူးစက္ကူများ ထည့်ပေးကြသည်။ ထို့နောက် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် ဝမ်းသာစွာဖြင့် တစ်ဦးပြီးတစ်ဦးသန့်စင်ခန်းအတွင်းဝင်ရောက်ကာ သူတို့အရေးပေါ်ရင်ဆိုင်နေရသော ပြဿနာကိုဖြေရှင်းကြပါသည်။ နိုင်ငံခြားသားဧည့်သည်အဖွဲ့မှာ ခုနစ်ဦးပါဝင်သည်ကို သတိပြုမိသည်။

သူတို့ သန့်စင်ခန်းကိစ္စပြီးစီးကြသောအခါ အီတလီနိုင်ငံမှ လာရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းသို့ လာရောက်လည်ပတ်ကြခြင်းဖြစ်ရာ မြို့မဈေးကြီးအနီးသို့ ရောက်ချိန်တွင် သန့်စင်ခန်းသွားရန် အခက်အခဲဖြစ်ကြရကြောင်း၊ ဈေးအတွင်းတွင် သန့်စင်ခန်းရှိမည်သိသော်လည်း နေရာမေးမြန်းရန် မလွယ်ကူသဖြင့် စာကြည့်တိုက်အတွင်းသို့ ဝင်ရောက်ကာ အကူအညီတောင်းခံခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်ဝန်ထမ်းများက သူတို့၏ အခက်အခဲကို နွေးထွေးဖော်ရွေစွာ အကူအညီပေးကြသဖြင့် အထူးကျေးဇူးတင်ပါကြောင်း ပြောကြားနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြသည်။

ယခုအခါ စာရေးသူတို့၏ မြန်မာနိုင်ငံသို့ ယခင်ကနှင့်မတူ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်သွားလာနေကြသည်။ စစ်ကိုင်းမြို့သည် ယဉ်ကျေးမှုမြို့၊ ဘာသာရေးမြို့၊ ရှေးဟောင်းသမိုင်းဝင်မြို့ဖြစ်၍ နေ့စဉ်နှင့်အမျှ နိုင်ငံခြားသားဧည့်သည်များ လာရောက်လည်ပတ်သွားလာလျက်ရှိသည်ကို တွေ့နေရသည်။ စစ်ကိုင်းတောင်ရိုးသို့ သွားကြသည်။ နာမည်ကျော် ကောင်းမှုတော်စေတီကြီးနှင့် မင်းကွန်းယဉ်ကျေးမှုဒေသသို့ သွားရောက်လည်ပတ်ကြသည်။ စစ်ကိုင်းမြို့အတွင်းလှည့်လည်လေ့လာကြသည်။ မိမိတို့ဒေသသို့ လာရောက်လည်ပတ်လေ့လာကြသည့် ခရီးသွားဧည့်သည်များအပေါ် နွေးထွေးစွာ ကူညီစောင့်ရှောက်ပေးခြင်းသည် မြန်မာလူမျိုးတို့၏ ရှိရင်းစွဲယဉ်ကျေးမှုဓလေ့၊ ဧည့်ဝတ်ကျေပွန်မှုတစ်ခုဟု ဆိုနိုင်ပေသည်။ မိမိတို့ဒေသသို့ လာရောက်လည်ပတ်ကြသော ဧည့်သည်များအပေါ် နွေးထွေးပျူငှာစွာ ကူညီတတ်ကြခြင်းသည် မြန်မာလူမျိုးတို့၏ ကောင်းမွန်သော အမျိုးသားစရိုက်လက္ခဏာတစ်ရပ်လည်း ဖြစ်ပေသည်။

ဤကဲ့သို့ ဧည့်သည်များအပေါ် အကူအညီပေးခြင်းသည် မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် ပံ့ပိုးကောင်းတစ်ခုဟုလည်း ဆိုနိုင်ပေသည်။ သက်ဆိုင်သူမှမဟုတ်ဘဲ နိုင်ငံသားတိုင်းက မိမိတို့နိုင်ငံ၊ မိမိတို့တိုင်းပြည်သို့ ရောက်ရှိလာကြသည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များအား လိုအပ်သောအကူအညီပေးခြင်း၊ ကြုံတွေ့နေရသော အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းသည် မိမိနိုင်ငံ၏ ပံ့ပိုးကောင်းများကို ဖော်ဆောင်ရာရောက်ပေသည်။ မိမိတို့နိုင်ငံ၏ ဂုဏ်သတင်းရနံ့ကောင်းကို သင်းပျံ့စေရန် ဆောင်ရွက်ကြခြင်းလည်းဖြစ်ပေသည်ဟု ယူဆမိပါတော့သည်။ ။

(နန္ဒာမင်းလွင်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြ

သီပေါ ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာန မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို ဇန်နဝါရီ ၂၉ ရက်တွင် အဆိုပါဌာန၌ ကျင်းပရာ (ခေတ္တ)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွန်းဝင်း၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းဌာနခွဲ မန်နေဂျာဦးတင်မောင်မောင်၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဌာနခွဲ မန်နေဂျာ ဦးတင်မောင်မောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဇာတ်တိုက်သရုပ်ပြလေ့ကျင့်ကြသည်။ မီးဘေးသရုပ်ပြလေ့ကျင့်မှုများနှင့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းများကို မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၂၄၇)

MCC Training Institute
နှင့်
Rangsit University
တို့ပူးပေါင်းစီစဉ်သင်ကြားမည့်
Bachelor of Technology
(Computer Game Multimedia)



- **Game** စိတ်ဝင်စားသော လူငယ်တိုင်းအတွက် **(Passion to Business)** ဝါသနာမှ စီးပွားရေးပုံစံ ပြောင်းနိုင်ဖို့-
- **Player to Developer** ဂိမ်းကစားသူမှ ဂိမ်းတီထွင်သူဖြစ်လာဖို့-
- မိမိတို့ရဲ့ တီထွင် ၊ ကြံဆ ၊ စိတ်ကူးစိတ်သန်းတွေကို အခြေခံပြီး ဂိမ်းပညာရပ်များမှ တစ်ဆင့် မြန်မာကို ကမ္ဘာသို့ ထိုးဖောက်နိုင်စေဖို့-
- နိုင်ငံတကာမှာ အရှိန်အဟုန်ဖြင့် ကြီးထွားလာသော **Game Industry** များတွင်ကျွမ်းကျင်ပြီး ၊ အရည်အချင်းပြည့်ဝသော **Game Degree** ဘွဲ့ရပညာရှင်တစ်ယောက်အဖြစ် အလုပ်ဝင်နိုင်ဖို့-

Opening Date: 30 January 2013

MCC.*i* Yangon Campus
သိမ်ကြီးဈေး (C) ရုံုတတိယထပ်
01-245762, 249152, 246634, 3955121

Naung Yoe Technologies Co., Ltd.
တွင်တာဝန်ထမ်းဆောင်ရန်ဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Software Programmer ကျား/မ (၅)ဦး
B.C.Sc, programming ရေးသားနိုင်သူ/ စိတ်ဝင်စားသူဖြစ်ရမည်။
၂။ Network Administrator ကျား/မ (၅)ဦး
B.C.Sc, B.C.Tech, Any Graduate ရရှိပြီးသူဖြစ်ရမည်။
၃။ Technician ကျား/မ (၇)ဦး
B.E, B.Tech, AGTI(EC,EP,IT) Diploma တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
၄။ Engineering Manager ကျား/မ (၂)ဦး
B.E,M.E ဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း၊ ပညာအရည်အချင်း အထောက်အထားတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း အမှတ်(၉၂)၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၆၇-၄၂၁၂၄၄၊ ၄၂၁၂၅၅

ဥပဒေ အကယ်ဒမီ
Mandaing Law Academy
ဖေဖော်ဝါရီလ(၅)ရက်နေ့စတင်မည်။
မူပိုင်ခွင့်သင်တန်းများ
- WIPO, Geneva, Switzerland, online Courses များ အောင်လက်မှတ်ရသည်အထိ သင်တန်းများ ၂၀၁၃ တစ်နှစ်လုံးပတ်လည်ဖွင့်သွားမည်။
- နယ်သင်တန်းသားများ အဝေးသင်စနစ်ပို့ချမည်။
- အမှတ်(113) ဒုထပ်၊ (31)လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၇၁၀
- သင်တန်းကြေး ၆၀၀၀၀ိ/-(မှတ်စုနှင့်အောင်လက်မှတ်ခိုးပါပြီး)

အမည်ပြောင်း
ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း(T.T.C) ပဥ္စမတန်း(G) တွင် ပညာသင်ကြားနေသော ဦးညီညီဆွေ၏ သမီးမလင်းလင်းဆွေအား မလင်းလင်းခင်ဟု ပြောင်းလဲခေါ်ပါရန်။ **မလင်းလင်းခင်**

ကန့်ကွက်ရန်ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၁၃၆၅)၊ အမည်ပေါက် ဦးအောင်သန်းကြီး၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်လဲ့လဲ့ဆွေ [၁၂/ရကန(နိုင်)၀၁၀၄၂၆] ကိုင်ဆောင်သူမှ မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း)တင်ပြ၍ မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၁၄၆)၊ အမည်ပေါက် ဦးဝင်းစိုး[၁၂/သလန(နိုင်)၀၃၁၆၃၈]၊ မြေကွက်အမှတ်(၁၃၆၁)၊ အမည်ပေါက် ဦးအောင်သန်းကြီးတို့၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်မောင်သန်း [၁၂/ဗဟန(နိုင်)၀၁၀၅၃၈] ကိုင်ဆောင်သူမှ မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း)တင်ပြပြီး မြေပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။
မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အခန်းဆက်ဝတ္ထု

ငွေကန္တာဦး

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"ဟာ. . . ဦးလေး ကိုထွန်းသောင် လာ. . . . လာ"

ဦးထွန်းသောင်သည်လည်း အံ့အားသင့်သွားဟန်ပေါ်သည်။

"အလို မောင်နှင်းငွေပါလား၊ ဘယ်တုန်းကရောက်နေလဲ"

"ကျွန်တော်ရောက်နေတာ ဦးလေးကိုထွန်းသောင် တကယ်မသိဘူးလား"

ဦးထွန်းသောင်က ရယ်သည်။

"အလယ် ငါ့တူမေးပုံက ဘယ်ဆိုးလို့တုံး"

ဦးထွန်းသောင်သည် ကွပ်ပျစ်ထက်ဝင်ထိုင်ပြီး ရဲအုပ်ကို လှမ်းပြော၏။

"ကဲကွာ သတင်းရတဲ့အတိုင်းပါပဲ၊ တို့များဆရာခရိုင်ဝန် ဦးတင်မောင်ရဲ့သားပါ၊ မင်းတို့ ရွာထဲသွားပြီး တခြားစုံစမ်းစရာ စုံစမ်းကြ"

ရဲအုပ်နှင့် ရဲသားများသည် အလိုက်သိစွာ ခြံတွင်းမှ ထွက်သွားကြ၏။

နှစ်ဦးတည်းကျန်မှ ဦးထွန်းသောင်က မေးသည်။

"ငါ့တူ ဒီကို ဘာလာလုပ်တာလဲ"

ဦးထွန်းသောင်လိုလူကို လိမ်၍မရမှန်း နှင်းငွေသိသည်။ ထို့ကြောင့် ရိုးသားစွာပင် ဝန်ခံ၏။

"ဒီရွာမှ ကျွန်တော့်ချစ်သူရှိတယ်၊ ဒီလောက်ဆို ဦးလေးနားလည်ရောပေါ့၊ ဖေဖေ့ဆီတော့ အကြောင်းမကြားနဲ့နော်"

"အာ . . . . နားလည်ပြီ၊ ဟုတ်ပါရဲ့ ဟိုတစ်ခါဦးလေးလာရှာတုန်းက မင်းတို့သုံးယောက်ပဲဟာ၊ အေးကွာ မောင်ဘခက်နဲ့ မဟုတ်ဘဲ ငါ့တူနဲ့ဆိုရင်တော့ ကလေးကကံကောင်းတာပေါ့၊ ကလေးမက အနေအထိုင်လဲတော်ပါတယ်၊ ကောလိပ်ကျောင်းသူဖြစ်မှ ရုပ်ရည်ကလေးကလဲ ပိုသနားကမားဖြစ်လာတယ်"

နှင်းငွေသည် အတန်ခွကျသွား၏။ ရှင်းပြမည်ပြုပြီးမှ သတိရကာ နှုတ်ဆိတ်နေလိုက်၏။

"ဦးလေးတို့ ဒီနေ့လာတာတော့ ငါ့တူရိပ်မိပြီးရောပေါ့"

"ဟုတ်ပါတယ်၊ ရွာထဲမှာ အတိုက်အခံပိုစတာတွေ ပေါ်လာလို့ မဟုတ်လား"

"အင်း ဟုတ်တယ်၊ အဲဒါတွေလဲဖြစ်၊ ရန်ကုန်တက္ကသိုလ်က ကျောင်းသားတစ်ဦးလဲ ရောက်နေတယ်ဆိုတော့ ဘယ်သူမှန်းသိပြီးပေမယ့် ဝတ္တရားအရ ဦးလေးကိုယ်တိုင်လာရတာပေါ့"

"ဦးလေး သေချာချင်လို့ ထပ်မေးမယ်နော်၊ ဒီကိစ္စတွေမှာ ငါ့တူ တကယ်မပါဘူးလား"

"တကယ် မပါဘူး၊ ပြီးတော့ ဦးလေးအံ့ဩမယ့် စကားတစ်လုံး ကျွန်တော် ပြောမယ်၊ ဘခက်လဲ မပါဘူး"

"ဘခက် မပါဘူး၊ တကယ်လားကွာ"

"ကျောင်းသားလေးတွေ ပိုစတာကပ်တာတော့ မှန်တယ်၊ ဘခက်ကဘာလုပ်နိုင်မလဲ၊ သူလဲ ကျောင်းသားခေါင်းဆောင်ဟောင်း တစ်ယောက်ကိုး၊ ပြီးတော့ ကောင်လေးတွေလုပ်တာကလဲ ဥပဒေဘောင်အတွင်းကပဲ၊ မဟုတ်ဘူးလား ဦးလေးထွန်းသောင်"

"ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် တို့က ဥပဒေဘောင်ကိုလဲ ကြည့်ရတယ်၊ ပြီးတော့ အင်းလေ မင်းသိပါတယ်၊ ခိုင်းတာလဲ လုပ်ရတယ်ကွ၊ ဒါထက် ဘခက် အခုဘယ်သွားလဲ"

"ဦးလေးကို ဘခက် ယင်းမာပင်သွားတယ်လို့ ကျွန်တော် လိမ်ပြောနိုင်တယ်၊ ဒါပေမယ့် မပြောဘူး၊ ဖြစ်ပုံက ဟောဒီလို"

နှင်းငွေသည် ဘခက် နိုင်ငံရေးကို စိတ်ပျက်နေပုံကို ရှင်းပြသည်။ ထို့နောက် ညကဖြစ်ပျက်ပုံမှန်သမျှကိုလည်း မခြွင်းမချန်ပြောပြ၏။

ဦးထွန်းသောင်က သက်ပြင်းချ၏။

"အေးကွယ်၊ မောင်ဘခက် နိုင်ငံရေးကို စိတ်ပျက်နေတာ ဦးလေးလဲ ရိပ်မိပါတယ်၊ ဒုက္ခိတမိခင်ကို ရိုးရိုးသားသားလုပ်ကျွေးနေတာလဲ မျက်မြင်ပဲ၊ အဲ ဦးလေးတို့သိတာက တစ်ကဏ္ဍ၊ တခြားလူတွေက တစ်ကဏ္ဍဆိုပါတော့၊ ထားတော့၊ မောင်ဘခက်ကိစ္စကို ဦးလေးကြည့်ကူညီပါ့မယ်၊ ငါ့တူအတွက်တော့ ဦးလေးတစ်ခုအကြံပေးချင်တယ်"

"ပေးပါ ဦးလေးကိုထွန်းသောင်"

"ငါ့တူ ဒီရွာမှာ ကြာကြာမနေနဲ့ကွာ၊ မင်းကောင်မလေးကို သံယောဇဉ်ရှိနေရင်လဲ တွေ့တော့တွေ့ကြပေါ့ ကွာ၊ ဒါပေမယ့် သာစည်မှာလာနေပါလား၊ ဟိုမှာ မင်းဆရာ ဦးတင်ညွန့်တို့လဲရှိတယ်၊ ဦးလေးအိမ်မှာလဲ လာတည်းနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဦးလေးကိုထွန်းသောင်၊ ဒါထက် ညကသေနတ်ပစ်မှုကို ဘယ်လိုဆက်လုပ်ရမလဲ"

"ဘခက်က အမှုဖွင့်ရင်တော့ ဦးလေးတို့ဝတ္တရားအတိုင်း စုံစမ်းရမှာပေါ့၊ ဒါပေမယ့် စုံစမ်းဖို့လဲ မလိုပါဘူး၊ ဘခက်ကလဲ တိုင်ချက်ဖွင့်မှာ မဟုတ်ပါဘူး၊ ဒီလိုကိစ္စမျိုးတွေဟာ ဒီနယ်မှာတော့ ရိုးနေပြီ။ ဒီကိစ္စကိုလဲ ထားစမ်းပါကွာ၊ စောစောက ဦးလေး ပြောတဲ့စကားကို နားထောင်ပါ"

နှင်းငွေသည် ခေတ္တငြိမ်နေ၏။ ထို့နောက်မှ ဖျတ်ခနဲမေးသည်။

"ဒါထက် ဦးလေး၊ ဟို ရွာထိပ်က အိမ်ကြီးအကြောင်း ဦးလေးဘာသိသလဲ"

"ငါ့တူ ဘာဖြစ်လို့ ဒီမေးခွန်းမေးတာလဲ"

"အဲဒီအိမ်ကြီးအကြောင်းပြောကြတာ စုံနေလို့ သိချင်လို့ပါ"

"ဒီအိမ်ကြီးအကြောင်း မမေးပါနဲ့ကွာ၊ ကျိန်စာသင့်သလိုလို၊ ဘုတ်တွေ ကျတ်တွေ ရှိသလိုလို၊ တစ္ဆေခြောက်သလိုလို စုံနေတာပဲ၊ အလကားအယူသီးမှုတွေပါ၊ တစ်ခုတော့ ဦးလေးသိတယ်၊ အဲဒီအိမ်ရှင်ဟာ ဒီနယ်တစ်ဝိုက်မှာ အချမ်းသာဆုံးလူတစ်ယောက်ပဲ၊ ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် အမတ်မင်းတွေ အားအကိုးရဆုံးလူတစ်ယောက်ပဲ"

ရဲအုပ်နှင့်ရဲသားများ ပြန်ရောက်လာကြသည်။ ဦးထွန်းသောင်လည်း နေရာမှထ၏။

"ကဲ ဦးလေး ပြန်မယ်၊ ဦးလေး သတိပေးခဲ့တာကိုလဲ မမေ့နဲ့"

ဦးထွန်းသောင်တို့ ပြန်သွားကြ၏။

ထိုညနေတွင် ယခင်ညနေကကဲ့သို့ပင် နှင်းငွေသည် ညွှန့်မေတို့အိမ်၌ ရေသွားချိုးသည်။

ရေချိုးပြီး ဘခက်တို့တဲသို့ ပြန်ရောက်ကာ အဝတ်အစားလဲပြီးချိန်၌ နှင်းငွေမျှော်လင့်ရာ ဖြစ်ပေါ်လာ၏။

ရွာလမ်းမှ မြင်းလှည်းတစ်စီးမောင်းထွက်လာ၏။

မြင်းလှည်းမောင်းသူမှာ ဦးကံရာဇာဖြစ်၏။ ဦးကံရာဇာဘေး၌ သုန်သုန်မှုန်မှုန် လိုက်ပါလာသူကား နှင်းငွေ ဘယ်သောအခါမှ လူမမှားနိုင်သော နုနုငယ်၏ဖခင်ဆိုသူ လူကြီးဖြစ်၏။

မြင်းလှည်းပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် နှင်းငွေသည် ရွာလမ်းအတိုင်း မြောက်ဘက်ဆီသို့ သုတ်ခြေတင်ခဲ့သည်။

ခင်တန်းဆီသို့၊ ချစ်လှစွာသော နုနုငယ်နှင့် သူ၏ လွမ်းဖွယ်သော ခင်တန်းဆီသို့ . . . .

အဖြေ

သည်ညနေတွင် တိမ်တို့က ပို၍ရောင်စုံကွန့်မြူးနေသည်။ အနောက်မိုးပြင်တစ်ခုလုံး ထိန်၍ ဝင်း၍ ထွန်း၍ တောက်၍ အလျှံဖြာဖြာ ရောင်ဝါညီးညီးနှင့် သက်တန့်ဆင်ပန်းချီသွေးတို့ ရှုမငြီးအောင် ယပ်တောင်ဖြန့်၊ ပြေးနှံ့ပျံ့လွင့်နေ၏။ သည်မှာဘက် မိုးတစ်ခြမ်းကမူ ခရမ်းရောင်ကို ဆောင်မြဲဆောင်ထား၏။

မြေပြင်ပတ်ဝန်းကျင် တစ်ခုလုံး၌မူ မြူဝန်းသီဝေသဖြင့် မှုန်မှုန်ရီရီ ရှိနေ၏။

ခင်တန်းရှိ ပင်ပျိုတိုင်း ရွက်စုံနေပြီဖြစ်သော်လည်း ရွက်မထူသေး။ ရွက်နုလွှာတို့ ရိုးတံနှင့်အကိုင်းမှန်သမျှကို မဖုံးလွှမ်းနိုင်သေး။

ပေါက်ပင်တို့သည်သာ စိမ်းမှောင်နေ၏။

ပေါက်ပင်တို့နှင့် အခြားပင်တိုင်းကို ကျော်မိုးကာ လက်ပံပင်တို့က ငွားငွားစွင့်စွင့် ရပ်နေကြသည်။ လက်ပံပင်တို့၏ဖြူသောအကိုင်း လက်တံရှည်တို့ထက်လည်း မြရွက်လွှာ ကျဲနေသေးသည်။ မြသီးတို့လည်း မရင့်သေးပေ။

တမာကျေးတို့ မရှိပြီကြောင့် ဥဩသံသည် ကြည်ကြည်လင်လင် ထွက်ပေါ်ခွင့်ရနေ၏။

ခင်တန်းတွင်းအရောက်၌ နှင်းငွေသည် ခြေရှိန်ကို လျှော့လိုက်သည်။ အစစအရာရာကို စိတ်ချလျက် သူ့စိတ်သည် အေးချမ်းနေ၏။ ဤတစ်ကြိမ်တွင် ချစ်သူကို အေးအေးချမ်းချမ်း ဆုံတွေ့လိုသည်။ အေးအေးချမ်းချမ်း ဆုံတွေ့ပြီး ယုယုယယကြင်နာမှုကို ပြလိုသည်။

ခင်တန်း၏ ခရီးတစ်ဝက်အရောက်၌ပင် နုနုငယ်၏ သာယာသောတေးသံကို ကြားရ၏။ ရှေးဦး ပထမအကြိမ်က ကြားခဲ့ရသော ရိုးရိုးလေးနှင့် စိတ်အေးမြဖွယ်သော ကြိုးသီချင်းဖြစ်၏။

"သီတာ . . . သီတာ . . . မြအလား . . . ကြာ . . . ကြာ. . . ကြာ. . . ငါးပါး"

သူက ပြုံးလိုက်သည်။ သူ့နည်းအတူ နုနုငယ်သည်လည်း စိတ်လက်ချမ်းသာနေဟန် ရှိသည်။

သူသည် ခြေသံကို မဖော့ဘဲ လွတ်လပ်စွာ လျှောက်လာ၏။

သီချင်းသံ ပျောက်သွားသည်။ တွေ့နေကျနေရာလေးသို့ ရောက်သွားသောအခါ၌ နုနုငယ်ကို မမြင်။ နုနုငယ် ဘာလုပ်မည်ကို သူက ရိပ်မိပြီး ဖြစ်ပါ၏။

သူက အံ့အားမသင့်ဘဲ အံ့အားသင့်ဟန်ဆောင်လျက် ရပ်နေရ၏။

ဘေးဘက် ကုန်းတန်းမြင့်မှ အသံကို ကြားလိုက်ရ၏။

"ဝါး"

သူ လှည့်ကြည့်လိုက်သောအခါ ချုံတစ်ခုတွင်းမှ နုနုငယ်က ထွက်လျက် ခြောက်ပြနေ၏။

နုနုငယ်၏ လက်များက သူ့ကို ခုန်အုပ်တော့မည်ပြင်ထား၏။ ဖားလျားချထားသော ဆံပင်များနှင့်လည်း မျက်နှာကိုအုပ်ထားလိုက်သေးသည်။

မျက်လုံးလေးများကို တမင်ပြူးပြထား၏။ လျှာလေးကိုလည်း ထုတ်ပြထား၏။

နုနုငယ်၏ အသွင်မှာ ကြောက်ဖွယ်ထက် ချစ်ဖွယ်ပိုကောင်းနေ၏။ သို့ရာတွင် သူက ကြက်သီးထဟန်လုပ်ပြရသည်။

နုနုငယ်သည် ကျေနပ်စွာ တစ်ချက်ရယ်ပြီး သူ့ကိုယ်ပေါ် ခုန်စီးလိုက်သည်။

နုနုငယ်က အမြင့်မှ ခုန်လိုက်၏။ သူက အနိမ့်မှ ဖမ်းရသည်။ မြေကလည်း မညီ။

သူသည် မဟန်နိုင်ဘဲ မြေ၌လဲ၏။

ချစ်သူနှစ်ဦးသည် တစ်ဦးကို တစ်ဦးမလွှတ်ဘဲ ဖက်လျက် ကုန်းလျှောလေးအတိုင်း သုံးပတ်ခန့်လိမ့်ကျသွားကြ၏။

စမ်းချောင်းအခြေရောက်ကာမှ နှစ်ဦးသား ရယ်မောပြီး ထလိုက်ကြသည်။

နုနုငယ်၏ကိုယ်မှ ဖုန်နှင့်သစ်ရွက်စ၊ သစ်ကိုင်းစလေးများကို ခါပေးရင်း သူကမေး၏။

"နုငယ် ဘယ်နာသွားသေးတုံး"

နုနုငယ်သည် ပြုံးရယ်လျက် ခေါင်းခါ၏။

"ဟင့်အင်း ကိုရော"

သူကလည်း ခေါင်းခါပြသည်။

တစ်ဦးလက် တစ်ဦးဆုပ်ကိုင်ကြပြီး မျက်နှာချင်းဆိုင်ထိုင်ကြသည်။ တစ်ဦးမျက်နှာကိုလည်း တစ်ဦးကြည့်ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

> "ခင်တန်းတွင်းအရောက်၌ နှင်းငွေသည် ခြေရှိန်ကို လျှော့လိုက်သည်။ အစစအရာရာကို စိတ်ချလျက် သူ့စိတ်သည် အေးချမ်းနေ၏။ ဤတစ်ကြိမ်တွင် ချစ်သူကို အေးအေးချမ်းချမ်း ဆုံတွေ့လိုသည်။ အေးအေးချမ်းချမ်း ဆုံတွေ့ပြီး ယုယုယယကြင်နာမှုကို ပြလိုသည်။"

CONTACT MOBILE PHONE training group

Professional Android(OS) & Apple(iOS) Mobile Software Technician Course

Professional Mobile Hardware Technician Course 21-2-2013

31-1-2013 to 10-2-2013 အတွင်း... သင်တန်းသား/သူ စတင်လက်ခံနေပါပြီ

Software အပ်နှံသူ ➡ 500GB HDD လက်ဆောင်

Hardware အပ်နှံသူ ➡ Power Supply လက်ဆောင်

Contact Mobile Training

■ Together Mobile

■ Hla Ye Mobile

Contact Mobile Training Centre

No.131, 4th Floor, 40th Street(lower Block), Kyauktada Township, Yangon.

Tel: 09-73020687, 09-49316535

Time Table	
SOFTWARE	(Mon, Tue, Wed); 10am : 12am,1pm : 3pm (Thur,Fri, Sat); 7am : 9am,10am:12am, 3pm : 5pm
HARDWARE	(Sun, Mon, Tue) ; 7pm : 9pm (Wed, Thur, Fri); 5pm : 7pm, 7pm:9pm

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသို့ သက်ဆိုင်သူများမှ ငွေပေးသွင်းရန် အကြောင်းကြားခြင်း

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှဌာနသို့ ပေးသွင်းရန်ရှိသည့် ရေယာဉ်/တွဲယာဉ် ပြင်ဆင်မှုကုန်ကျစရိတ်များပေးသွင်းပါရန် အကြောင်းကြားစာများဖြင့် အကြိမ်ကြိမ် သီးခြားပေးပို့ တောင်းခံခဲ့သော်လည်း ကြွေးကျန်များကျန်ရှိနေသည့် အောက်အမည်ပါ ပုဂ္ဂိုလ်တို့သည် ပူးတွဲပါငွေကြေးများကို သတင်းစာများ၌ ကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ပေးသွင်းပါရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

စဉ်	အမည်	ရေယာဉ်/တွဲယာဉ်	ပြုပြင်မှုကုန်ကျစရိတ်(ကျပ်သန်း)
၁။	ဦးမာ အမှတ်(၅၄)၊ ဘုရားလမ်း၊ မကွေးမြို့	တခ-၂၆	၈. ၃၉၇
၂။	ဦးကျော်နိုင်/ဗိုလ်ကြီးသီဟန်(ငြိမ်း) အမှတ်(၆၁/၆၃)၊ ဆင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့	ဘ-၈၁၇	၁၉. ၀၉၉
၃။	ဦးသန့်ဇင်ဟိန်း/ဗိုလ်ကြီးနိုင်ဦး(ငြိမ်း) အမှတ်(၅၉၂)၊ စစ်ကိုင်းလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ ရန်ကုန်မြို့	ဘ-၃၀၁၈/ တခ-၂	၁၂. ၅၅၄
၄။	ဦးမောင်မောင်သန်းထိုက် အမှတ်(၁၆၇)၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	ဘ-၆၀၆၂	၁၆. ၄၄၉

ကုန်ပို့ဆောင်ရေးဌာနခွဲ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ဖုန်း-၂၉၉၉၀၁၊ ၂၉၂၃၁၉၊ ၂၉၂၁၉၉

လူပျောက်

ကျွန်တော်ဦးမင်းနိုင်၏သား ကျော်ထင်နိုင် (၇)တန်း ကျောင်းသား၊ အသက်(၁၂)နှစ်ခန့် အသားဖြူ၊ ဝဲမျက်ခုံးပေါ် မှဲ့ရှိသည်။ ၆-၁-၂၀၁၃ ရက် နံနက် ၉ နာရီခန့်တွင် တောင်ဒဂုံ သစ်ဆိုင်ကွေ့မှ ပါရမီ ၁၇၆ ကားဖြင့် တပ်ထိပ်လှိုင်သာယာသို့ ပြန်လာစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက သတင်းပေးနိုင်သူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရ အရေးယူပါမည်။

ဆက်သွယ်ရန်-

ဦးမင်းနိုင် ဖုန်း-၀၉ ၄၉၂၃၇၉၀၇

ဦးထိန်လင်း ဖုန်း-၀၉ ၄၂၀၀၃၁၇၇၃

ဗိုလ်မှူး ကျော်သူရဝင်း(ငြိမ်း)

ဖုန်း-၀၉ ၄၉၂၅၆၅၇၀

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။

(က)Computer & Accessories -(34) Items

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ဝိ/-နှုန်းဖြင့်ဝယ်ယူနိုင်ပြီး ၁၁-၂-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ပြည်တွင်းငွေဖြင့်စက်ပစ္စည်းများဝယ်ယူရေးနှင့်ဈေးနှုန်းစိစစ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၆၇-၄၀၇၄၈၇၊ ၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

စေတနာအထူးပြုနိမ့်ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော်

သံဝေဇနီယလေးဌာန+အဝိဇာဟိတလေးဌာန+တာချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုလ်+ကိုလ်ကတ္တား

၁၄/၁၅ ရက် ၉ သိန်း (စရိတ်ငြိမ်း)

Air Bus A 320 လေယာဉ်အကြီးစားဖြင့်သာ

ရန်ကုန်မြို့တွင်း နေစဉ်အိမ်အရောက်ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များ အဆင့်မြင့်လုံးချင်းအိမ်များတွင် အခမဲ့တည်းခိုနိုင်ပါသည်။ နိုင်ငံကူးလက်မှတ်(၆)လ သက်တမ်းကျန်သူများ ၅၀၀၀ဝိ/လျှော့ပေးသည်။ ဦးစီးလိုက်ပါသူအား (၁၆)ဦးလျှင်(၁)ဦးအခမဲ့ ၊ (၁၀)ဦးလျှင်(၅၀%) ၊ (၅)ဦးလျှင်(၁၅%)လျှော့ပါမည်။ (၄၅)ခုံပါသော အဲယားကွန်းကားကြီးတွင် (၃၂)ဦးသာပို့ဆောင်ပါမည်။ အဖွဲ့လိုက်/သီးသန့် စီစဉ်ပေးသည်။ မိဘပြည်သူများ၏ အားပေးတောင်းဆိုမှုအရ အောက်ပါအတိုင်း တိုးချဲ့ထွက်ခွာမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ -

၈-၃-၂၀၁၃ (၁၇ ဦးလို) ၁၅-၃-၂၀၁၃ (၁ ဦးလို) ၂၂-၃-၂၀၁၃ (၂၀ ဦးလို) ၁-၄-၂၀၁၃ (၁ ဦးလို)

ရုံးချုပ် - ကွန်ဒို(E)မြေညီထပ်၊ကမ္ဘာအေးစေတီလမ်း(၈)မိုင်၊မရမ်းကုန်းမြို့နယ်၊ ၀၁-၆၅၅၅၂၀၊၆၅၅၅၈၅၊၀၉-၅၆၀၀၀၂၃၊၀၉-၅၁၂၂၉၀

ရုံးခွဲ(၁)	-၀၁-၃၇၇၆၁၅၊၀၉-၇၃၂၂၇၅၃၅	မန္တလေး(၂)	-၀၉-၂၃၀၀၅၃၀၊၀၆၂-၂၉၉၂၀	မုံရွာ	-၀၅၇-၇၀၂၇၂၊၇၀၂၉၆၊၇၀၄၆၄
ရုံးခွဲ(၂)	-၀၁-၆၅၇၇၉၄၊၀၉-၅၆၀၀၄၄၄	တောင်ကြီး	-၀၈၁-၂၀၅၄၃၅	ပုသိမ်	-၀၄၂-၂၉၀၂၉၊၂၉၀၃၀၊၂၉၀၃၁
မန္တလေး(၁)	-၀၂-၅၁၅၄၁၅၊၀၉-၅၁၁၆၈၀၄	လှိုင်ကော်	-၀၈၃-၂၂၂၉၆၊၀၉-၅၆၀၀၇၄၃	မအူပင်	-၀၉-၈၅၅၈၇၇၊၀၄၅-၃၀၅၂၇
မန္တလေး(၂)	-၀၂-၇၉၄၂၇၊၀၉-၄၄၄၀၀၂၀၂၆	နမ့်စန်	-၀၈၁-၈၀၃၃၂	မြစ်ကြီးနား	-၀၉-၅၁၇၁၄၃၂၊၀၉-၅၁၉၀၀၉၇
မုံရွာ	-၀၉-၄၉၁၀၂၄၉၀	အောင်ပန်း	-၀၈၁-၆၀၄၂၁၊၆၀၂၁၃၊၀၉-၅၆၀၀၄၀၄	မြဝတီ	-၀၅၃-၂၆၁၀၄
မန္တလေး(၁)	-၀၉-၂၁၀၁၈၄၉၊၀၉-၂၁၀၁၇၉၉	မော်လမြိုင်	-၀၉-၄၉၈၂၀၁၇၊၀၉-၄၉၈၀၀၆၆	စစ်တွေ	-၀၉-၅၀၉၉၅၆၈၊၀၉-၈၅၀၀၇၉၃

Email: khinnandartravels@gmail.com
Website: www.khinnandartravel.com

သင်္ဘောသားနှင့် သင်္ဘောသား ဖြစ်လိုသူများအတွက်

ASIA MASTERS
MARITIME AND HOSPITALITY ACADEMY

ပို့ဆောင်ရေးဝန်ကြီးဌာန၊
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအသိအမှတ်ပြု
ရေယာဉ်စားဖိုမှူးနှင့် ရေယာဉ်စားပွဲထိုးသင်တန်းများအတွက်
သင်တန်းသားများခေါ်ယူခြင်း

ရေယာဉ်စားဖိုမှူး နှင့် ရေယာဉ်စားပွဲထိုးသင်တန်းများ ကို
Maritime Labour Convention, 2006- Regulation 1.3-
Training and Qualifications, Standards A 3.2.2(c), 3.2.4 ပါ
အရည်အသွေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
Asia Masters- Maritime And Hospitality Academy မှ
တာဝန်ယူ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။

Basic Safety Training တက်ရောက်ပြီးသူများ လျှောက်ထားနိုင်ပါသည်။ သင်တန်းသား (၂၀) ဦးသာ လက်ခံမည်။ ယူနီဖောင်းတစ်စုံ ထုတ်ပေးမည်။ သင်တန်းပြီးဆုံးအောင်မြင်သူများအား ဌာနမှ သင်္ဘောသားမှတ်ပုံတင်လက်မှတ် (CDC) လျှောက်ထားခွင့်ပြုမည်။ ထူးချွန်စွာအောင်မြင်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဝန်ဆောင်စရိတ်(အခမဲ့) ဆောင်ရွက်ပေးမည်။ **ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။** လစဉ် (၁) ရက်နှင့် (၁၅) ရက်နေ့တွင် တန်းခွဲသစ်များဖွင့်လှစ်သွားမည်။ သင်တန်းဝင်ခွင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီ။

၂၇၃၊ မဟာဗန္ဓုလပန်းခြံလမ်း၊ တတိယထပ်၊ အနော်ရထာလမ်း (၂၈လမ်းနှင့် ရွှေဘုံသာလမ်းကြား)၊ ဖုန်း ၀၉၄၂၁၁ ၀၀ ၁၁၁၊ ၀၉ ၄၅၀၀ ၃၅၈၃၅၊ ၀၉ ၅၃၁ ၆၂၅၂၊ ၀၉ ၅၁၈ ၁၂၃၅၊ ၀၉ ၅၃၀ ၅၀၆၀၃

ဦးညက်လွင်
ဥတန်းနှင့်၁၀တန်း
B.Sc (Phy), M.Sc (Thesis)
ရူပဗေဒ သီးသန့်နှင့် ဘာသာစုံသင်တန်းများ
(၁၈၆)၊ဆိပ်ကမ်းသာလမ်း(အလယ်)၊ ☎ 253205 📱 09-510-8309

ကျမ်းတော်မြတ်ကုရ်အာန်ကို အရေးမှုရင်းအတိုင်း မဖတ်နိုင်သည့် မွတ်စလင်မ်များအတွက်
မော်လဝီ ဂါရီ ကရီမ်တာန်ရှ် ဦးစိုးလွင် (မဟ်မူဒ်) ပြန်ဆိုသည့်
ကုရ်အာန်ကျမ်းတော်မြတ် အရေဗီမူရင်း+မြန်မာအသံထွက်
အစောင်(၁+၂+၃) မှတ်ပုံတင်အမှတ် - ၆၁၀၀၂၇၀၁၁၃

ထွက်ပြီ

မှုပိုင်ဖြန့်ချိရေး - "နှင်းဆီဦး" စာပေနှင့်ကွန်ပျူတာ
အမှတ်(၂၉၉)၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်း၊ ရန်ကုန်
ဖုန်း - ၀၉ ၇၃၂၀၀၇၁၈

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀
တရုတ်၊ စည်းကမ်း၊ ပညာ တွင် စံပြ
ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်
ဦးစီးတည်ထောင်သော
ပညာနန်းတော်
၅တန်း မှ ၁၀တန်းအထိ
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
နေ့ နေကျောင်းကြီး

အထက်တန်း နေ့အထူး ၉တန်း-၁၀တန်း ➡ နံနက် ၈း၃၀ မှ ၁၀း၄၅ နာရီ
အလယ်တန်း နေ့အထူး ၅-၆-၇-၈တန်း ➡ မွန်းလွဲ ၂း၀၀ မှ ၅း၁၅ နာရီ
ကျောင်းခွင့်ရက် တနင်္လာမှသောကြာ - မတ် ရက်မှ မေ၃၁ အထိ (၃ လအထူး)
ပွဲကြိုအရေး ကွန်ပျူတာ၊ ပန်းချီ၊ ကရာတေးဒို (စနေ၊ တနင်္ဂနွေ)
ပညာရည်ချွန်ရာ ကျောင်းအသီးသီးတွင် နဝမတန်းနှစ်ဝက်စာမေးပွဲအဆင့် ၁ မှ ၅ အထိ ရရှိခဲ့သူများအား အခမဲ့ ပညာသင်ကြားခွင့်ရ ချီးမြှင့်ပါမည်။

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

အကျင့်စာရိတ္တကျိုးကြိုင်ခံ့ငြားရည်ဝသော – ယခုနှစ်တော်လှုယ်များအတွက် အဓိက စိန်ခေါ်မှုကဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်၊ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ကိုယ်တိုင်လည်း အကျင့်စာရိတ္တမြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာဆုံးမသွန်သင် လေ့ကျင့်ပေးပါသည်။

ထူးချွန်ထက်မြက်ခံရည်သည်အဓိက – ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျွမ်းကျင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားကြီးဖြစ်သည်။ ...

နေထိုင်မှု စားသောက်မှု အဆင်ပြေရသည့် ဖော့ဒါ – ကျောင်းသူနှင့် ကျောင်းသားကို တစ်ဝင်းတစ်ခြံတည်း၊ တိုက်တစ်တိုက်တည်းမှာ အတူတူထားပါလျှင် ... ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ...

ငွေရေး ကြေးရေးသည် သာမည – ...

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း (မတ်လ စမည်)
အတန်းငယ် ၅ တန်း၊ ၆ တန်း၊ ၇ တန်းများကို ဘော်ဒါလက်မခံပါ။
(စောစောအပ်နှံမှသာ နေရာအတွက် စီစဉ်ရမည်)

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်
မြေအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ ဖုန်း 01-577605

ဥပဒေ အကယ်ဒမီ
Mandaing Law Academy
ဖေဖော်ဝါရီလ(၄)ရက်နေ့စတင်မည်။
အဆင့်မြင့်အိမ်ခြံမြေ စီးပွားရေးလုပ်ငန်းသင်တန်း
Advance Course on Real Estate Business

(၁) အိမ်ခြံမြေ နှင့်တရားမမှုဆိုင်ရာဘာသာရပ်
ဆရာ ဦးကျော်မြင့် (ဥပဒေဆိုင်ရာ) တရားလွှတ်တော်ရှေ့နေ
(၂) အိမ်ခြံမြေ နှင့်စာချုပ်စာတမ်းများရန်ကုန်မြို့ပြမြေယာများအိုးအိမ် ...
ဆရာ ဦးဆိုးဝင်းရွှေ (မြို့ပြမြေယာ အကြံပေး)
(၃) နိုင်ငံတကာအိမ်ခြံမြေ ဥပဒေများ ဈေးကွက် နှင့် online စီမံအုပ်ချုပ်ခြင်း၊ ကျင့်ဝတ်သိက္ခာနှင့်ဆောင်ရန်ရှောင်ရန်များ
ဆရာ ဦးအောင်အောင်ဝင်း (တရားလွှတ်တော်ရှေ့နေ)
(၄)ပါဝင်သင်တန်းတနင်္လာမှသောကြာ ... အမှတ်(113)၊ ဒုတိယ၊ (31)လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁-၃၇၇၇၁၀၊ သင်တန်းကြေး ၆၀၀၀၀ိ/-

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
MWD Digital TV Channel တွင်တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများအလိုရှိပါသည်။

ထုတ်လုပ်ရေးမှူး(Pd) -၅ဦး(ကျား/မ)
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
Production (TV Program)တစ်ခုကို အစမှအဆုံးအထိ လုပ်ကိုင်နိုင်ရပါမည်။

လျှောက်ထားလိုသူများသည် အမှတ်(၄/၆)၊ ကန်တော်ကြီးတာဝါ၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၉၄၄၀၊ ၀၁-၂၀၉၄၄၁၊ ၀၁-၂၀၉၄၄၂ သို့ဆက်သွယ်၍ လျှောက်ထားနိုင်ပါသည်။

မစန္ဒာ
ဝတ္ထုတိုများ(၉)
ပါရမီ
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်
၂/၅ ကမ္ဘာအေးစေတီတော်မှန်ဦးဆောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

LCCI-EDI (UK) မှ ချီးမြှင့်သော ထူးချွန်သင်တန်းကျောင်းဆုရ
စီးပွားပန်းခင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI စာရင်းကိုင်သင်တန်း Level 1-2-3-4
AutoCount & MYOB Computerised Accounting
February တန်းခွဲလက်ခံပြီ(၁၅.၂.၂၀၁၃)အတွင်းအပ်နှံသူများ10 % Disscount ရမည်။
သင်တန်းကြေး (50000/-Ks) (၃) ကြိမ်ခွဲသွင်းနိုင်သည်
မြို့ထဲ =(၃၀၃) (၄လွှာ)၊(၄၂)လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်။
လှည်းတန်း=တိုက်(၂၉)၊ အခန်း (A-4)၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်။
09-5118647-73009869-73013432-73028433

ဦးမောင်မောင်(မဇ္ဈိမ)၊LL.B အထက်တန်းရှေ့နေ (စဉ်-၂၄၉၇၆)၏ (၂၃-၁-၂၀၁၃)ရက်စွဲပါ ကြေးမုံသတင်းစာ စာ-၁၄ပါ OAKE KHAUNG TRAVELS & TOURS Co.,Ltd. လေယာဉ်လက်မှတ်အရောင်းမန်နေဂျာ ဒေါ်ဇင်သူညီညီ[၁၂/ အစန(နိုင်)၁၉၃၂၉၀]နှင့် အများသိစေရန် ကြေညာခြင်းအပေါ် ပြည်လည်တုံ့ပြန်ချက်

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဇင်သူညီညီ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း၏ ကြော်ငြာအပေါ် ပြန်လည်တုံ့ပြန်သည်မှာ ဒေါ်ဇင်သူညီညီသည် OAKE KHAUNG TRAVELS & TOURS Co.,Ltd ၏ လေယာဉ်လက်မှတ်အရောင်း မန်နေဂျာတာဝန်ကို ထမ်းဆောင်ရသော်လည်း ငွေကြေးကိုင်တွယ်ရသူမဟုတ်၍ လေယာဉ်လက်မှတ်ရောင်းချထားသည့်ငွေများပေးသွင်းရန်ရှိသည်ဆိုခြင်းမှာ မမှန်ကန်ပါ။ လေယာဉ် လက်မှတ်ရောင်းရငွေများကို ငွေကိုင်စာရေးက ကိုင်တွယ်သိမ်းဆည်းပြီး စာရင်း ဇယားနှင့်တကွ ဦးနန်းဦး(ခ) ဦးအုဋ္ဌခေါင်ထံ နေ့စဉ်ပေးသွင်းရပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေသည် ကုမ္ပဏီတွင် ၂၀၀၈ခုနှစ်မှစ၍၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၁၁ရက်အထိ တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ငွေကြေးအရှုပ်အရှင်း တစ်စုံတစ်ရာမရှိခဲ့ပါ။ ကုမ္ပဏီတွင် ဥပဒေနှင့်မညီသော လုပ်ငန်းများရှိနေကြောင်း သိရှိလာ၍ မိမိဆန္ဒအရ နုတ်ထွက်စာတင်ခဲ့ရာ ကုမ္ပဏီပိုင်ရှင်ကိုယ်တိုင် နုတ်ထွက်ခွင့်ပြုခဲ့ခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်း၏ကြော်ငြာကို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်သည်။ အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက ကုမ္ပဏီ၏ ဥပဒေနှင့်မညီသော လုပ်ရပ်များအပေါ် သက်ဆိုင်ရာသို့ တိုင်တန်းသွားမည့်အပြင် ဖြစ်မှုကြောင်းအရ ပြန်လည်တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ပြန်လည်တုံ့ပြန်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်စိန်	**ဦးထွန်းတင်**	**ဦးကျော်လှထွန်း**
(စဉ်-၆၉၆၁)	(စဉ်-၁၁၆၄၄)	(စဉ်-၇၆၁၉)
LL.B(Advocate)	LL.B	BA(Law);LL.B(Advocate)
09-5046368	09-8520371	09-43045756

အမှတ်(၈၃)၊ အခန်း-၁၄(ဒီ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။

ဝမ်းမြောက်နှမော်သာစုခေါ်ဆိုခြင်း

ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်အတွင်း၌ ကျပ်သိန်းပေါင်း (၂၀၀၀)ကျော်တန် **သုတ္တန္တသိဂီရန်လင်းအောင်နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို** ၃၁-၁-၂၀၁၃ရက် (ကြာသပတေးနေ့တွင်) အောင်မြင်စွာ ရေစက်ချလှူဒါန်းခဲ့သော

ကျောင်းဒါယကာ **ဦးမြင့်လွင်**-ကျောင်းဒါယိကာမ **ဒေါ်ခင်ချို**

သားသမီးများဖြစ်ကြသော မောင်ရန်လင်းအောင်၊ မဥမ္မာမြင့်(ခ)ခိုင်စင်ယဥ်မြင့်၊ မောင်မျိုးမင်းအောင်၊ မောင်လွင်မိုးအောင်

"ရန်လင်းအောင်သယ်ယူပို့ဆောင်ရေး" မိသားစုနှင့်အတူ

ဝမ်းမြောက်နှမော်သာစုအကြိမ်ကြိမ်ခေါ်ဆိုကြောင်းနှင့် လောကီ၊ လောကုတ္တရာစီးပွားအစဥ်တိုးတက်ပါစေကြောင်း

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဂေါပကအဖွဲ့၊ မဟာသန္တာရုံကျောင်းတိုက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကြီးမှ ကြီးမှူးကျင်းပသော
စာအုပ်ဈေးပွဲတော်နှင့် စာပေဟောပြောပွဲ

(၃၁-၁-၂၀၁၃) မှ (၃-၂-၂၀၁၃) အထိ ရန်ကုန်မြို့ မြို့မကျောင်းသင်္ချိုင်း၊ အမျိုးသားကစားကွင်းရုံတွင် နေ့စဥ် နံနက် ၉း၀၀ နာရီမှ ညနေ ၆း၀၀ အထိ

နေ့စဥ်ဟောပြောမည့် (၁-၂-၂၀၁၃) မောင်စိန်ဝင်း(ပုတီးကုန်း)၊ ကိုတာ၊ သန်းမြင့်အောင်
ဆရာဆရာမများ (၂-၂-၂၀၁၃) ဦးဘုန်း(ဓာတု)၊ လင်းသိုက်ညွန့်(မြန်မာမြေ)၊ ဂျူး
(၃-၂-၂၀၁၃) ဖေမြင့်၊ ကျော်ဝင်း၊ ချစ်ဦးညိုတို့မှ ဟောပြောကြမည်ဖြစ်ပြီး စာအုပ်တိုက်ပေါင်းရာကျော်မှ
အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ရာ စာပေချစ်မြတ်နိုးသူ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

MYANMAR THAMES INTERNATIONAL(MTI)
နိုင်ငံတကာအဆင့်မီ စီးပွားရေးနှင့်ဈေးကွက် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း

- Diploma In Business (L3DB)
- Diploma In Business (L4DB)
- Diploma In Business (L5DB)

NCC education ACCREDITED PARTNER

2nd Floor, Myay Ni Gone Plaza, Tel: 525971,706740,501450

ပို့ဆောင်ရေးဝန်ကြီးဌာန
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အငြိမ်းစားဝန်ထမ်းများသိသာရန်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် အငြိမ်းစားလစာ ထုတ်ယူခဲ့သည့် ဝန်ထမ်းများအား တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်ဆက်သွယ်သတင်းပို့ရန် ကျန်ရှိသော အငြိမ်းစားဝန်ထမ်းများ ရှိနေသေးပါသဖြင့် အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)၊ ငွေစာရင်းဌာန၊ ပင်စင်ဌာနစိတ်သို့ အမြန်ဆုံးလာရောက် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒု-အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး)
ငွေစာရင်းဌာန

သင့်ဘဝ၊ အလုပ်နှင့် အောင်မြင်မှုအတွက် Eternal Light မဂ္ဂဇင်း

Vol. 2, No.12
2013, February
Eternal Light Magazine
ထွက်ပြီ
လူငယ်နှင့် ဘာသာတရား

ဒေါ်အောင်ဆန်းစုကြည်၏ ပြည်ထောင်စုနေ့အား၊ လူထုက ရဟန်းကို ပြစ်မှားတာက ပိုအပြစ်ကြီးမားတယ်လို့မိန့်တော်မူတဲ့ ဆရာတော်အရှင်အဂ္ဂဝံသ(ရွှေပါရမီတောရ)၊ အကြောက်တရားဆိုတာ သံသရာကို ကြောက်တာလို့ဆိုတဲ့ မသီတာ(စမ်းချောင်း)၊ အခုခေတ်မှာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ဘဝကူးသွားကြတော့ (၁၀)ယောက်သေရင် (၉)ယောက်ကမကျွတ်ဘူးဆိုတဲ့ ကျော်သူ၊ ဘာသာရေးလုပ်တာက ငယ်လေကောင်းလေဆိုတဲ့ ထွန်းအိန္ဒြာဗို၊ မင်းနန့်(ဖော်ကျွန်း)၏ အချိန်ကိုသုံး လူ့ရွှေတုံး၊ မောင်ခင်မင်(ဓနုဖြူ)၏ ဆယ်စောင်တွဲနှင့် ဘုန်းဘုန်းတာ့တာ၊ မောင်လုမျိုး(ချင်းချောင်းဖြူ)၏ လူငယ်နှင့် ဘာသာတရား၊ ဦးခင်ဇော်(မရမ်းကုန်း)၏ ယဉ်ကျေးမှုခေါင်းပါးလျှင် ဘာသာတရားကိုင်းရှိုင်းတော့မည်မဟုတ် အပါအဝင် . . .

ဗုဒ္ဓဘာသာဝင် မြန်မာလူငယ်တိုင်း ဖတ်သင့်သောစာအုပ်

ရောင်းရန်
လက်ရှိလည်ပတ်လျက်ရှိသော u-PVC DOORS & WINDOWS
ထုတ်လုပ်ရေးစက် တစ်စုံ(လေးလုံး)ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉၅၅၅၉၉၉၀၊ ၀၉၅၀၈၈၉၀၀၊ ၀၉၇၃၂၅၇၃၆၇

ဓမ္မဒေဿနာ
- ဆွမ်းတော်ဆော်(ဖွဲ့ဖွဲ့)၊ မေတ္တာ၊ ပြည်
(၃) ရက် – ၅၅၀၀ိ/–
- ဆွမ်းတော်ဆော်၊ ပုတ်၊ ဖွဲ့ဖွဲ့၊ မေတ္တာ၊
မေတ္တာ၊ ပြည်၊ (၉) ရက် – ၅၅၀၀ိ/–
Feb 13 ထွက်မည်
ငြိမ်းချမ်း လက်မှတ် ရောင်းပြီး
09-73177727,09-5194608

ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်များ ဖွင့်လှစ်နေပါသည်။ လစဉ်တန်းခွဲသစ်များရှိပါသည်။
(အလုပ်ချိန်ပြင်ပ သင်တန်းများလည်း ဖွင့်လှစ်ပါမည်။)

အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉-၄၃၀၉၇၅၁၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၁၉/ခ)၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်(၂၅)၊ ဝိဇ္ဇာညီနောင်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်အုံးခင် အမည်ပေါက်မြေပိုင်မြေ ၃(ခ)မြေအား အမည်ပေါက်ဒေါ်အုန်းခင်(ကွယ်လွန်)သဖြင့် ၎င်း၏သားတော်စပ်သူ ဦးသန့်ဇင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်သီဂီထွန်းမှ(တရားလို)ပြုလုပ်၍ မရမ်းကုန်းမြို့နယ်၊ တရားရုံးတွင် တရားမကြီးမှုအမှတ်-၁၅/၂၀၁၂ဖြင့် ဦးသန့်ဇင်အား (တရားပြိုင်)ထားရှိ၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုမှအနိုင်ဒီကရီ ရရှိခဲ့ပြီး၊ တရားမဇာရီမှုအမှတ်၂၂/၂၀၁၂ဖြင့် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ တရားရုံးကိုယ်စားဆောင်ရွက်ရန် တရားရုံးမှခန့်အပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ(ဘီလစ်)[၁၁/ကတန(နိုင်)၀၀၀၆၇၄]မှ တရားရုံးအထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ (၃၄)လမ်း၊ တိုက်အမှတ်(၁၅၆/၁၅၈)၊ အခန်းအမှတ် (၂)၊ မြေညီထပ်၊ အကျယ်အဝန်း ပေ(၂၀×၄၀)အကျယ်ရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စမ်းအေး[၁၂/သလန(နိုင်)၀၇၃၅၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာ
LL.B, D.B.L, D.I.L, D.I.R, C.B.D.S (MOFA)
အထက်တန်းရှေ့နေ(စဉ်-၃၃၁၆၇)
"ရွှေနန်းစံ" ဥပဒေအကြံပေးစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့်
အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း
အမှတ်(၃၅၆)၊ ပထမထပ်၊ ကမ္ဘာအေးစေတီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၇၃၁၄၆၅၅၁၊ ၀၉၇၃၁၇၃၉၈၇၊ ၀၉-၄၂၀၀၀၃၈၇၄၊ ၀၉-၄၂၀၀၀၃၈၇၃၊ ၀၉-၄၂၀၀၀၃၈၇၂

'အိမ်ကောင်းကောင်းတွင် အမိုးကောင်းကောင်းလိုအပ်ပါသည်'

ဆက်စပ်ပစ္စည်းအပြည့်အစုံပါကျသော ဝန်ဆောင်မှု ဈေးနှုန်းနှင့် အဝယ်မများရ အောင် "လင်းပို"မှ ဆောင်ရွက်ပေးပါသည်။
အုတ်ကြွပ်အမိုးအမျိုးမျိုး၊ ပြည်တွင်းဖြစ် Amcanအမိုး အမျိုးအမျိုး၊ 4Angle အမိုး၊
စက်ရုံများ၊ လူနေအိမ်များ၊ Car show room များ၊ Pent House များကို Steel Structure ဖြင့် အပြီးအစီး စိတ်တိုင်းကျ ဆောက်လုပ်ပေးပါသည်။

Linpo Co.,Ltd.
No-17(A), Kabarayepagoda Road, Bainan.
Ph: 543816, 545883. 0950-14912, 09430 33345

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးထွန်းလှကျော်[၁၂/ကမတ(နိုင်)၀၄၂၃၆၁]၊ အမှတ်(၂/၄)၊ ချမ်းသာလမ်း၊ ကျွန်းတောတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေသူ၏ဇနီးဖြစ်သူ ဒေါ်မြမြဝင်း[၁၂/စခန(နိုင်)၀၃၅၉၇၇]ကိုင်ဆောင်သူသည် ခင်ပွန်းသည် ခရီးသွားနေခိုက် ၁၅-၁-၂၀၁၃ရက်တွင် အိမ်ရှိငွေကြေးများအားယူဆောင်၍ ငွေကြေးအလွဲသုံးစားပြုလုပ်သည့်အပြင် ခွင့်မလွှတ်နိုင်သော အခြားကိစ္စရပ်များကို လုပ်ဆောင်ပါသဖြင့် ၎င်းအား ၂၀-၁-၂၀၁၃ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စရပ်မှန်သမျှ လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဦးထွန်းလှကျော် [၁၂/ကမတ(နိုင်)၀၄၂၃၆၁]

TRAVEL KING Travels & Tours

အထူး ရင်ခုန်ဖွယ်ဈေးနှုန်း နှင့် ပျော်ရွှင်ဖွယ်ရာ အခန်းခြေစီးစဉ်များ

(၁) ခန္တီးကာတဲ – ပတ္တရား (၃ ည၊ ၄ ရက်) 4.5 သိန်း
(၂) စင်ကာပူ– မလေးရှား (၆ ည၊ ၇ ရက်) 9 သိန်း
ခရီးစဉ်ထွက်မည့်ရက် Feb 23

ခရီးစဉ်များကို ဖေဖော်ဝါရီ (၇) ရက်နေ့ နောက်ဆုံး ထား၍ ကြိုတင်စာရင်းပေးသွင်းပါက 10% Discount လျှော့ပေးပါမည်။

ဖုန်း-၀၁ ၅၂၆၈၇၃၊ ၀၉ ၄၃၁၂၇၂၇၇၊ ၀၉ ၄၂၀၁၂၀၀၃၈၊ ၀၉ ၄၂၀၆၈၄၃၂

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း(LL.B.) နှင့်သာဆက်သွယ်ပါ

ရှေးမှ မပျက်ခေတ်မီ လှပသော နာမည်လှလှလေးများကို ရွေးနိုင်သော ဆက်လိုက်ပါ
ကင်ပွန်းတပ်ရက်/မင်္ဂလာဆောင်ကွန်း/ဓာတာ/ဂဏန်းဗေဒင်ဟောစာများ/နက္ခတ်

ဗေဒင်ဟောများ/မိဘနာမည်တွဲသုံး ပုံလမ်းညွှန်/တစ်သက်တာ ဟောစာတမ်းများ/နာမည်ပေး ပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင် ထူးချွန်သောကလေး ဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ် အလုံးစုံ ပါဝင်သောအကြားအမြင်ဟောစာတမ်း ပါဦးမည် ကလေးအတွက်အစုံပါသည်။ လာရေးဖိုဝေဝ/အိမ်ပို့ ၇၀၀၀ိ နယ်သို့စာတိုက်မှပို့မည်လူကြီးလိုရာမေး/ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်ပို့သည်။

အမှတ်(၄၆) မြေညီထပ် (၉၀)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။
☎01-394727,01-399426,09-73009994, 095152521 (ဒိတ်ရက်မရှိ)

တစ်ဦးတည်းသောချစ်သမီးလေး“သတိုးရတနာ”

မွေးနေ့ဆုတောင်း

ဖေကြီး၊ မေကြီးတို့၏ အချစ်ရဆုံးသမီးလေး၏ ၁-၂-၂၀၁၃ ရက်တွင် ကျရောက်သော (၁၈)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် မိဘကျေးဇူးကို အထူးသိတတ်ပြီး လိမ္မာယဉ်ကျေးသော သာသနာအကျိုးကိုထမ်းဆောင်နိုင်သော သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။

ချစ်သောဖေကြီး-ဦးလေးနိုင်ထွန်း(Star Global Marine Pte.,Ltd.)
ချစ်သောမေကြီး-ဒေါ်အေးအေးမြင့်မောင်(Yeang shine Marine Co.,Ltd.)
ချစ်သောကိုကိုသားကြီး-သတိုးသီဟ E/C(Lizstar Shipping Co.,Ltd.)
ချစ်သောကိုကြီး-ဗိုလ်ကြီးမျိုးမြင့်သိန်း(အမှတ်-၁၊ တပ်မတော်ဆေးရုံကြီး-မင်္ဂလာဒုံ)

Amazing Dreams

အလောင်းတော်ကဿပ	(၄ည / ၅ရက်)
ပုဂံ(ရွှေဆံတော်လေးဆူ)	(၄ည / ၅ရက်)
ရှောင်းသာ / ငွေဆောင်	(၂ည / ၃ရက်)

☎ ၀၁ - ၂၃၀၂၀၆၈
☎ ၀၉ - ၅၀၇၇၃၆၈

တောင်ငူဆရာတော်ပြည်ပဓမ္မဒူတ

တောင်ငူရန်ကုန်ပြည့်စုံအေးရိပ်သာများ ဦးစီးနာယက တောင်ငူဆရာတော်သည် ၂-၂-၂၀၁၃ ရက်တွင် ၈ရက်ကြာ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံများသို့ ဓမ္မဒူတခရီးကြွရောက်မည်ဖြစ်သည်။

မူလကမ္ဘာအေးကျောင်း မိုးကုတ်ရိပ်သာ

နေ့(၅)ရက် လစဉ် အထူးတရားစခန်းပွဲ

ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် မူလကမ္ဘာအေးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိမလ(ဓမ္မာစရိယ)ကို အမှူးထား၍ နေ့(၅)ရက် လစဉ်အထူးတရားစခန်းပွဲကို ၅-၂-၂၀၁၃ ရက်မှ ၉-၂-၂၀၁၃ ရက်အထိ မွန်းလွဲ ၁၂း၃၀ နာရီမှ ၄း၃၀ နာရီအထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်နယ်လှည့်ဓမ္မကထိက အရှင်နန္ဒာစရိယ(ဝမ်းတွင်း) ဆရာတော်မှ ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် အလုပ်ပေးတရားတော်မြတ်ကို ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်ဟောကြားမည်ဖြစ်ပါ၍ တရားအားထုတ်လိုသော ရဟန်း၊ ရှင်၊ လူ၊ မည်သူမဆို ဓမ္မမိတ်ဆွေယောဂီအပေါင်းတို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာဖိတ်ကြားအပ်ပါသည်။

တရားစခန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့
မူလကမ္ဘာအေးကျောင်း၊ မိုးကုတ်ဓမ္မရိပ်သာ
ဖုန်း-၀၁-၃၈၂၂၈၆၊ ၀၉-၄၉၂၇၆၈၇၁

အမြန်ငှားလိုပါသည်

(တိုက်/မြေ) လုံးချင်း
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

(လသာ၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ပန်းဘဲတန်း၊ ကျောက်တံတားအတွင်း)
Ph:0973039050, 0943129900

အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)အသင်းနာယက သဒ္ဓမ္မဇောတိကဓဇ **ဦးဟန်မောင်(ဆုထူးပန်ဆရာဟန်)**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် **မဟာသဒ္ဓမ္မဇောတိကဓဇ**ဘွဲ့ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

အမှုဆောင်အဖွဲ့နှင့် အသင်းသူ/သားများ

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

အထက(၁)တာမွေ ပင်လုံခန်းမ၌ နှစ်စဉ်ကန်တော့ပွဲသို့ တက်ရောက်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ၂၀၀၀ ပြည့်နှစ်အထိ (၅)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၅၅)နှစ်ပြည့် ဆရာ၊ ဆရာမများအား ဖေဖော်ဝါရီ ၁၂ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဆရာကန်တော့ပွဲကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာသိန်းစိုး ဖုန်း-၀၉-၅၀၂၂၄၁၂၊ ဦးသက်နိုင် ဖုန်း-၀၉-၅၁၆၃၀၀၆၊ မနီနီလေးမြင့် ဖုန်း-၀၉-၅၁၆၀၀၁၆၊ မခင်သီတာလှိုင် ဖုန်း-၀၉-၇၃၁၅၇၄၉၉၊ မမီမီဝင်းထွန်း ဖုန်း-၀၁-၄၃၀၁၄၃၊ မဥမ္မာသန်း ဖုန်း-၀၉-၅၀၂၆၆၆၅၊ မမြတ်မြတ်ခိုင် ဖုန်း-၀၁-၅၄၀၃၄၂၊ ဦးခင်မောင်သောင်း ဖုန်း-၀၉-၇၃၀၀၆၀၂၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမြန်ရောင်းမည်

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၃)လမ်း၊ ပေ(၂၅ × ၅၅) (၇ လွှာ)
၂။ လေဆိပ်ရိပ်သာလမ်းသွယ်(၃)လမ်း၊ ပေ(၄၀ × ၆၇)၊ ထောင့်ကွက်၊ ခြံဝန်းခတ်ပြီး(မြေသီးသန့်)
၃။ ဘုရင့်နောင်ပွဲရုံတန်း၊ ကျွန်းရွှေမြိုင်ပတ်လမ်း၊ ပေ(၂၀ × ၆၀)၊ (၃)ထပ်တိုက်သစ်၊ ဂရန်မြေပါ။
၄။ ရွှေပြည်သာ၊ ထန်း(၆)ပင်၊ လမ်းမတန်း၊ ပေ(၂၀ × ၆၀)၊ ထောင့်ကွက်(ပါမစ်မြေ)

ဖုန်း-၀၉-၇၃၁၈-၇၂၈၀၊ ၀၉-၅၀၃-၆၆၆၄၊ ၀၉-၄၄၈၀၀-၆၂၆၆

ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာ၊ (သုမင်္ဂလာရာမိက)ကျောင်းနေ (ဘ)ဦးယု၏သားဖြစ်သူ ဦးသီရိတေဇ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်မသီတာမြင့်(ဘ)ဦးအေးမြင့်[၁၂/မဂတ(နိုင်)၀၄၅၉၄၄] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် A-၀၃၇၃၀၀ မှာ ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၂၀၀၉၂၁၇၅

KTH အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမျိုးစုံ

ကျန်းမာရေးဝန်ကြီးဌာန ၏ ထုတ်လုပ်ရောင်းချခွင့် မှတ်ပုံတင်များ ရရှိပြီးဖြစ်၍ အများပြည်သူအားလုံး ယုံကြည်စိတ်ချ ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁/၂၀၁၂/တဆထလ/ တိုး(၁၄၁၀)

စဉ်	တိုင်းရင်းဆေးအမည်	တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁။	နားသန့်ဆေး	TMR 011584 (1215)
၂။	ရှူဆေး	TMR 011448 (0615)
၃။	မိတ်ပျောက်လိမ်းဆေးရည်	TMR 011447 (0615)
၄။	အနာကျက်ဆေးရည်	TMR 011589 (1215)
၅။	ကလေးလေးနိုင်ဆေးရည်	TMR 011838 (1215)
၆။	ရွားစောင်းလက်ပစ် အပူလောင်နာလိမ်းဆေး	TMR 011778 (1215)
၇။	ကြက်ဆူဆီဝမ်းနှုတ်ဆေး	TMR 011487 (0615)
၈။	ဆားခါးဝမ်းနှုတ်ဆေး	TMR 011486 (0615)
၉။	ပရုပ်ဆီ အမြှုပ်	TMR 011587 (1215)
၁၀။	လေညှင်းသွားကိုက်ပျောက်ဆေး	TRM 011770 (1215)
၁၁။	သွားကိုက်ပျောက်ဆေး	TMR 011768 (1215)
၁၂။	အကြောဆွဲအကြောလိမ်းဆေးရည်	TMR 011582 (1215)
၁၃။	ယားနာလိမ်းဆေး	TMR 011585 (1215)
၁၄။	မံတွင်းသန့်စင်ဆေးရည်	TMR 011583 (1215)
၁၅။	အကြောပြေလိမ်းဆေးဆီ	TMR 011629 (1215)
၁၆။	တမာလိမ်းဆေး	TMR 011586 (1215)
၁၇။	အနာကျက်လိမ်းဆေး	TMR 011588 (1215)
၁၈။	မုန်ညင်းဆီ အကြောပြေလိမ်းဆေး	TMR 011630 (1215)
၁၉။	ဝမ်းရှုဘောလုံး	TMR 011769 (1215)
၂၀။	အကြောပြေလိမ်းဆေးဆီ	TMR 011628 (1215)
၂၁။	အပူလောင်နာလိမ်းဆေး	TMR 011572 (1215)

နယ်မြို့များမှ အငွေအကြေးပြီး စပေါ်ငွေတင်ထားနိုင်သော ဖိတ်ပါဝင်စားသည့် ကိုယ်စားလှယ်များ KTH တိုင်းရင်းဆေးဝါးများကို တာဝန်ယူရောင်းချလိုပါက ဖုန်းချွပ်သို့ အောက်ပါ လိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

KTH တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း
အမှတ် ၄၁- AB. ပေတောကုန်းလမ်း၊ ကျိုက်ကလုပ်တွတ်မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
Ph: 09 430 55309 298735 200975 291478 Email: k@kshproducts.com

တံတားမြို့(အထက)၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၇-၃-၂၀၁၃ ရက်(တပ်မတော်နေ့)တွင် တံတားမြို့ အထကခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာ/ဆရာမကြီးများနှင့် ရပ်ဝေး/ရပ်နီးမှ ကျောင်းသား/သူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။ အသေးစိတ်သိရှိလိုသည်များကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးထွန်းလှိုင်(ဖုန်း-၀၉၈၆၄၀၆၇၈)၊ ဦးတင်နိုင်လင်း(နိုင်ကြီး)၊ ဦးဆန်းနိုင်(ဖုန်း-၀၉၄၃၀၉၂၃၉၅)၊ ဦးသိန်းဝင်းဌေး(ဖုန်း-၀၉၅၁၉၄၆၄၉)၊ ဒေါ်ဝင်းမြင့်(ဖုန်း-၀၉-၅၁၃၂၆၁၃)၊ ဦးဖေသန်းမောင်(ဖုန်း-၀၉၇၃၀၁၁၀၉၃)

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

SEVEN UNITED Travel & Tours

ကိုရီးယား
Apr 10
16 သိန်း

ပန်ကောက် • အယုဒ္ဓယ • ပတ္တရား
Feb 9/23 - Mar 23
4.9 သိန်း

စင်ကာပူ • မလေးရှား
Feb 9 / Mar 23
9.8 သိန်း

Shopping ထွက်ရုံ Bangkok ဆေးစစ်ခြင်း (Medical Checkup)

ရန်ကုန် - ၀၉ ၄၂၁၉၄၂၀၀၀ ၊ ၀၉ ၄၂၁၉၄၂၉၉၉ (Hot Line)
မန္တလေး - ၀၉ ၄၃၀၁၁၀၇၁ ၊ ၀၉ ၂၀၀၀၆၅၂

‘အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်’

ALL ADULTS MUST BE ABLE TO DRIVE

နယူးအာရှ (NEW ASIA) အဝါတံဆိပ် (၁၉၉)

အခြေခံယာဉ်မောင်းနှင့်စက်ပြုပြင်ထိန်းသိမ်းသင်တန်းကျောင်း

၂၀၁၃-ခု ဖေဖော်ဝါရီလ (၃) ရက်နေ့ဖွင့်မည်။

* Air-conရှေ့ခဲ့သောစက်ပြုပြင်ထိန်းသိမ်းသင်တန်း(၁လပြတ်)
* အခြေခံယာဉ်မောင်းစက်ပြင် ၁လ-ပုံမှန်သင်တန်း
* စက်ပြင်အထူး (သီးသန့်) သင်တန်း(၂လအပြတ်)
* လျှပ်စစ်နှင့်ဓါတ်ငွေ့ ဂဟေဆက်သင်တန်း(၁လအပြတ်)

ဆက်သွယ်ရန် - အမှတ် ၉၅၃၊ ရွှေနှင်းဆီလမ်း၊ ၈ မိုင်ခွဲ၊ (မဟာစည်မှတ်တိုင်)၊ မရမ်းကုန်းမြို့နယ်။ Ph: 661807, 667835, 09 43151022, 09 43117064
သင်တန်းခွဲ - အမှတ်(၁၄ဂ)၊ ခရေပင်လမ်းမကြီးနှင့်သဇင်လမ်းထောင့်၊ မင်္ဂလာဒုံမြို့နယ်။
Ph : 09 73249138, 09 43144310, 09 43171697, 09 43198381

မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ် ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်၁)	ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့်-၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့်၁)	တက္ကသိုလ်ဝင်တန်း
